ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

လောကစမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါဠိ(ဓမ္မပဒ-၁၂၆)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday 1 September 2018 ၄၃၉၆

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီအား ကတ္တမန္ဒူမြို့ရှိ Soaltee Crown Palaza Hotel, Madhavi Hall ၌ တွေ့ဆုံစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒုတိယဝန်ကြီး H.E. Henrique da Silveira Sardinha Pinto တို့ တွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဘူတန်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ အကြီးအကဲနှင့် နီပေါကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင်များအား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး တက်ရောက်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဘူတန်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့အကြီးအကဲနှင့် နီပေါကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒုတိယဝန်ကြီး H.E. Henrique da Silveira Sardinha Pinto အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘရာဇီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက် စာမျက်နှာ - ၆

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ - ၈

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ - ၉

ကြေးမုံ

ပူးပေါင်းအဖြေရှာ စိန်ခေါ်မှုများကျော်လွှား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာဒေဗီဘန်ဒါရီ၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံတွင် တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေပြီး ဩဂုတ်လ ၃၀ ရက်နေ့က ကျင်းပသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်အကြီးအကဲများ စုပေါင်းတွေ့ဆုံဆွေးနွေးပွဲနှင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်စဉ် နီပေါနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့ကို တွေ့ဆုံပြီး မြန်မာ-နီပေါနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံပြည်သူများ ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အပြန်အလှန် အထောက်အကူပြုရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိနေသော်လည်း စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို များစွာအလေးထားပြီး ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် "၂၀၀၉ ခုနှစ် ဘင်းမ်စတက်အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ စာချုပ်" တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က အတည်ပြုပါဝင်ခဲ့သည်။ စာချုပ်တွင် ပါဝင်နိုင်ခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား လုံခြုံရေးဆိုင်ရာ တို့တွင် ဆွေးနွေးနိုင်ရုံသာမက လက်တွေ့ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကိုပါ ဆွေးနွေးအဖြေရှာနိုင်သဖြင့် ဘင်းမ်စတက်အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍအတွက် များစွာအရေးပါခဲ့သည်။

မျက်မှောက်ကာလ၌ ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုပြဿနာများ၊ မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းနေရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုပြဿနာများကို ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံသည် "ဘင်းမ်စတက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဓာတုပစ္စည်းများ"အဖွဲ့ခွဲ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးများကို လက်ခံကျင်းပပေးခဲ့သည်။ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကိုလည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းလက်တွဲ ဆွေးနွေးအဖြေရှာခြင်းဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

ဘင်းမ်စတက်ကို အရှေ့တောင်အာရှနှင့် တောင်အာရှဒေသမှ နိုင်ငံများ၊ ဘင်္ဂလားပင်လယ်အော်ဒေသမှ နိုင်ငံများနှင့် စုပေါင်းဖွဲ့စည်းထားသည်။ အဖွဲ့ဝင်နိုင်ငံများမှာ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ ဘင်းမ်စတက်အဖွဲ့ကို ၁၉၉၇ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းရခြင်း မူလရည်ရွယ်ချက်မှာ ဒေသတွင်းစီးပွားရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဖလှယ်နိုင်ရန်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာ၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းစသည့် နယ်ပယ် ၁၄ ခုတွင် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ဒေသတွင်းနိုင်ငံများ၏ လုံခြုံရေးကိုစိန်ခေါ်နေသော မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုပြဿနာများကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ညီညွတ်သော လက်တွဲပူးပေါင်း ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်မှုများဖြင့် ဖြေရှင်းကျော်လွှားနိုင်လိမ့်မည်ဟု ရှုမြင်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

Press Release

The Independent Commission of Enquiry (ICOE) held their second meeting from 28 to 31 August 2018. The ICOE is tasked to investigate allegations of human rights violations and related issues following the terrorist attacks by Arakan Rohingya Salvation Army (ARSA) in Rakhine State with a view to seeking accountability and formulating recommendations on steps to be taken to ensure peace and stability in Rakhine State.

On 29th and 30th August 2018, the Commission met with Daw Aung San Suu Kyi, State Counsellor of the Government of the Republic of the Union of Myanmar, Vice-Senior General Soe Win, Deputy Commander-in-Chief of Defence Services, Lt-Gen Kyaw Swe, Union Minister for the Home Affairs, and U Kyaw Tint Swe, Union Minister for the Office of the State Counsellor. They also had a working lunch with the representatives from Ministry of Social Welfare, Relief and Resettlement and from the Ministry of Foreign Affairs.

The ICOE appreciated the openness of the Deputy Commander-in-Chief of Defence Services and Union Minister for Home Affairs in sharing of information. They were heartened by the assurance of their full cooperation to the work of the ICOE and also welcomed their commitment to provide safe and secure passage to the sites to be visited.

There was a frank and open exchange of information and discussions on Rakhine State such as background history of Rakhine State, the current situation in Rakhine, the related works of the government in Rakhine State, the progress of work between Myanmar and Bangladesh governments and the work and objectives of the ICOE during the courtesy calls. The ICOE reiterated their commitment to ensure that the rule of law prevails, seek accountability and promote reconciliation.

On 31st August 2018, the ICOE made a day trip to the affected areas in the Northern Rakhine to have an understanding of the prevailing environment. They toured the villages in the Maungdaw region such as Nga Khu Ya, General Administrative Department and Shwe Zar. During the visit, the Commission met with Rakhine Chief Minister and was briefed on the government's efforts for the repatriation process for the displaced persons who crossed over to Bangladesh after the terrorist attacks on 16 October 2016 and 25 August 2017 by ARSA in line with the principle of "voluntary, safe and dignified return" under the "Arrangement" signed by Myanmar and Bangladesh governments on 23 November 2017.

The activities of the Union Enterprise for Humanitarian Assistance, Resettlement, and Development in Rakhine (UEHRD)and their ten taskforces was also elaborated.

The ICOE inspected one of the Reception Centres for returnees to understand the process of verification and to see first-hand the preparedness of Myanmar for the returnees. The ICOE Members also took time to dialogue with the different communities in the various villages in Northern Rakhine namely Rakhines, Muslims and Hindus living in mixed villages. They also spoke to some survivors and their family-members of the terrorists' attacks of 25-26th October 2018.

The ICOE met with a family of eight (8) members who had returned to Myanmar on their own volition and not under the "Arrangement". They had candied discussions on their experiences prior and after their return.

This second meeting of the ICOE was very productive and allowed for more substantive discussions to take place. The field visits also provided them the opportunity to have better understanding of the situation on the ground and to hear the voices of the different communities.

Office of the Independent Commission of Enquiry (ICOE)
Nay Pyi Taw
31 August 2018

မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ဆက်ဆံမှုတိုးမြှင့်သွားနိုင်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အီတလီသံရုံး၏ Deputy Head of Mission, Mr. Matteo D'Alonzo ဦးဆောင်သည့် AC Boilers ကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အီတလီနိုင်ငံအခြေစိုက် AC Boilers ကုမ္ပဏီဘက်မှ ကုမ္ပဏီ၏ နောက်ခံသမိုင်းကြောင်းနှင့် ၎င်းတို့ကုမ္ပဏီမှ ထုတ်လုပ်သည့် နည်းပညာမြင့် Boiler များကို ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချနေမှု၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း တင်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာ-အီတလီနှစ်နိုင်ငံအကြား ဆက်ဆံမှုတိုးမြှင့်သွားနိုင်ရေး၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ရှိနေဆဲဖြစ်သည့်အတွက် AC Boilers ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေး၊ AC Boiler ကုမ္ပဏီသာမက အခြားအီတလီ စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံရာတွင် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ရေးနှင့် အဆင်ပြေချောမွေ့စေရေးတို့အတွက် ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃၁

ရန်ကုန်(ရွှေဈေး) ၉၇၂၀၀၀ - ၉၇၂၀၀၀ မန္တလေး(ရွှေဈေး) ၉၇၂၀၀၀ - ၉၇၂၀၀၀

စက်သုံးဆီဈေးနှုန်း

			ရန်ကုန်	မန္တလေး
(က)	ဒီဇယ်	တစ်လီတာ	၉၅၅/၉၉၀ ကျပ်၊	၁၀၂၀/၁၀၃၀ ကျပ်
(ခ)	အောက်တိန်း ၉၅	တစ်လီတာ	၉၇၅/၁၀၁၀ ကျပ်၊	၁၀၇၀/၁၀၈၀ ကျပ်
(ဂ)	အောက်တိန်း ၉၂	တစ်လီတာ	၉၂၅/၉၆၀ ကျပ်၊	၁၀၁၅/၁၀၃၀ ကျပ်
(ဃ)	အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၆၅/၁၀၀၅ ကျပ်၊	၁၀၃၀/၁၀၄၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၉၈၅/၉၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၉၅/၁၀၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၅၅/၉၆၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၅၁၂.၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၇၆၃.၇
(ဂ)	တရုတ်	တစ်ယွမ်	=	၂၂၀.၉၁
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၆.၁၁၉
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၆၇.၉၃
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁.၃၇၃
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၃၆၂.၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၅.၈၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၉၆.၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၀၅.၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘင်းမ်စတက် ထိပ်သီး(သီးသန့်)အစည်းအဝေးနှင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတို့သို့ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

နေပြည်တော် ဩဂုတ် ၃၁
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့တွင် ဘင်းမ်စတက် ထိပ်သီး(သီးသန့်)အစည်းအဝေးနှင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတို့သို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘင်းမ်စတက် ထိပ်သီး(သီးသန့်)အစည်းအဝေး ကျင်းပမည့် Soaltee Crown Palaza Hotel , Swimming Pool သို့ ရောက်ရှိကြရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ဘင်းမ်စတက် ထိပ်သီး(သီးသန့်)အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဘင်းမ်စတက် ထိပ်သီး(သီးသန့်)အစည်းအဝေးသို့ တက်ရောက်သည်။

ဆွေးနွေးအတည်ပြု

အဆိုပါ အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် Soaltee Crown Palaza Hotel , Malhar Hall ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးအဆင့်အစည်းအဝေးများမှ အစီရင်ခံစာများကို ဆွေးနွေးအတည်ပြုကြသည်။

ယင်းနောက် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် Mr. Shahidul Islam က ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၏ရှေ့မှောက်တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ဓာတ်အားစနစ်ချိတ်ဆက်မှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ(Memorandum of Understanding for Establishment of the BIMSTEC Grid Inter-connection)အခမ်းအနားသို့ တက်ရောက်သည်။ **စာမျက်နှာ ၄ သို့** »»

✪ ရှေ့ဖုံးမှ
ကတ္တမန္ဒူးမြို့ရှိ Soaltee Crown Palaza Hotel, Madhavi Hall ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံမှ အပြုသဘောဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ ကုလားတန်မြစ်စီမံကိန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘူတန်နိုင်ငံကြားဖြတ်အစိုးရအဖွဲ့၏ အကြီးအကဲနှင့် အကြံပေးအရာရှိချုပ် မစ္စတာ ဒါရှိုရှာရင်း ဝမ်ချွတ်အား ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ကတ္တမန္ဒူးမြို့ရှိ Soaltee Crown Palaza Hotel , Tilicho Room ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအပြန်အလှန်လည်ပတ်မှု၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဘူတန် နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှု စတင်နိုင်ရေးအတွက် အလားအလာများ ရှာဖွေဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Rajesh Kaji Shrestha ဦးဆောင်သည့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ယခုနှစ် အောက်တိုဘာလအတွင်း နီပေါနိုင်ငံတွင် ကျင်းပမည့် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးကုမ္ပဏီများနှင့် ကုန်သည်ကြီးများ တက်ရောက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် နှစ်ဖက်လုပ်ငန်းရှင်များအကြား အပြန်အလှန် လည်ပတ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘူတန်နိုင်ငံကြားဖြတ်အစိုးရအဖွဲ့၏ အကြီးအကဲနှင့် အကြံပေးအရာရှိချုပ် မစ္စတာ ဒါရှိုရှာရင်း ဝမ်ချွတ်အားတွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Rajesh Kaji Shrestha ဦးဆောင်သည့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ဓာတ်အားစနစ်ချိတ်ဆက်မှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ထို့နောက် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီး အစည်းအဝေးကြေညာချက်ကို အတည်ပြုထုတ်ပြန်ကြသည်။

ယင်းနောက် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli က သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ Mr. Maithripala Sirisena ထံ ဘင်းမ်စတက်အဖွဲ့ဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ထို့နောက် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Khadga Prasad Oli က ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကျင်းပခြင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့သည် ခေတ္တတည်းခိုသည့် Soaltee Crown Palaza Hotel မှ မော်တော်ယာဉ်များဖြင့် ကတ္တမန္ဒူးမြို့ ထရီဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Ishwor Pokhrel၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ရေးရာဌာနအကြီးအကဲ Mr. Deepark Adikahi နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များသည် ည ၇ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Raju K.C နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့မြန်မာစံတော်ချိန် ည ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသဖြင့် ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ကံမမြို့နယ်တွင် မိုးစပါးစံပြကွက်နှင့် မျိုးစေ့ထုတ်စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

ကံမ ဩဂုတ် ၃၁

ကံမမြို့နယ် ကြို့ပင်တိုက်နယ်ရှိ မိုးစပါးစံပြကွက် ဧက ၅၀ နှင့် စပါးမျိုးသန့်မျိုးစေ့ထုတ် ၂၅ ဧက စိုက်ခင်းများအား သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မာအေးက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြပြီး သက်ဆိုင်ရာ စံပြကွက် စိုက်ပျိုးသည့်တောင်သူများနှင့် ကွင်းအလိုက်တွေ့ဆုံ၍ မျိုးစေ့အရည်အသွေးဆိုင်ရာကိစ္စရပ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ စနစ်တကျသုံးစွဲရေး နည်းပညာလုပ်ငန်းများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြင့်နိုင်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

*** ကျောဖုံးမှ**

လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆုံးရှုံး နစ်နာမှုများကိုခံစားနေရပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေများစွာကျခံပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် ရာသီဥတုအခြေအနေကြောင့် ယခုနှစ်မိုးရာသီတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် ရေဘေးအန္တရာယ် ကြုံတွေ့မှုနည်းပါးသည်ကိုတွေ့ရပြီး စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ တနင်္သာရီမြစ်တို့နှင့် ဆက်စပ်နေသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ထင်ရှားသည့် ရေဘေးအန္တရာယ်များ လတ်တလောကြုံတွေ့ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အပါအဝင် တာဝန်ရှိသူများအနေဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့နေရသည့်ဒေသများမှ ရေဘေးသင့်ပြည်သူများထံ သွားရောက်၍ အားပေးစကားပြောကြားကာ ကူညီထောက်ပံ့ခဲ့ပါကြောင်း။

ညှိနှိုင်းဆောင်ရွက်ပေး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖြစ်သည့် မိမိအနေဖြင့်လည်း လတ်တလောဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် တစ်ကြိမ်၊ ဩဂုတ် ၈ ရက်တွင်တစ်ကြိမ် ကျင်းပခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခုအခါ ဆွာရေလှောင်တမံ၏ ရေပိုလွှဲပျက်စီးမှုကြောင့် လူဦးရေခြောက်သောင်းကျော် ရေဘေးကြုံတွေ့ခဲ့ရပါကြောင်း၊ သေဆုံးမှု၊ ပျောက်ဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုစာရင်းများကိုကောက်ယူပြီး စိစစ်နေပါကြောင်း၊ အဆိုပါနေရာသို့ မိမိနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများကွင်းဆင်း၍ ညှိနှိုင်းဆောင်ရွက်ပေးမှုနှင့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အမျိုးသားအဆင့်၊ ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုအပါအဝင် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှုကာကွယ်ရေး၊ ကမ်းပြိုကမ်းစားမှုလျော့နည်းသက်သာရေး၊ ရေကြောင်းသွားလာမှု လုံခြုံချောမွေ့ရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေဆိုးစွန့်ပစ်မှုနှင့် ရေအရည်အသွေးထိန်းချုပ်မှုစသည့် ရေဆိုင်ရာလုပ်ငန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

စနစ်တကျ အမှိုက်စွန့်ပစ်ရန်လိုအပ်

နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေကြီးရေလျှံမှု လျော့နည်းသက်သာရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် ထည့်သွင်းမှာကြားခဲ့သည့်အတိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများကို ဖော်ထုတ်ဖြေရှင်းရန်လိုအပ်ပြီး မြစ်ကြောင်းတိမ်ကောမှုများကြောင့် ရေလျှံရသည်ဆိုလျှင်လည်း မြစ်ကြောင်းတူးဖော်ပြုပြင်ထိန်းသိမ်းခြင်းများကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မြို့များတွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန်အတွက် ရေမြောင်းများပိတ်ဆို့မှု မဖြစ်စေရန်နှင့် ပြည်သူများစနစ်တကျ အမှိုက်စွန့်ပစ်စေရေးအတွက်လည်း စည်းကမ်းချမှတ်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း။

ယခုအခါ မိုးတွင်းကာလဖြစ်သည့်အတွက် ရေကြီးရေလျှံမှုပြဿနာများ၊ ရေနှင့်ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ၊ ခြင်ပေါက်ပွားမှုကဲ့သို့သော ကျန်းမာရေးဆိုင်ရာပြဿနာများကိုလည်း ကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း၊ ယင်းပြဿနာများအတွက် ကြိုတင်ကာကွယ်မှုများနှင့် လိုအပ်သည်များကိုလည်း လုပ်ဆောင်ထားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေး၊ ရေရှားပါးမှု လျော့နည်းသက်သာစေရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာပေးဝေရေး၊ ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ရွှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြား ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဘက်ပေါင်းစုံက ဝိုင်းဝန်းကြိုးပမ်း

ကော်မတီ၏ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အများစုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့်လုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကော်မတီနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်ပြီး ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေးပေးကြခြင်းဖြင့် နိုင်ငံနှင့်ပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည့် ထိရောက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေရန် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဘက်ပေါင်းစုံက ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရေကြီးရေလျှံဖြစ်ပေါ်မှုကို ကာကွယ်

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြစ်ကမ်းထိန်းသိမ်းရေး၊ မြစ်ချောင်းများအတွင်းရေဆိုးစွန့်ပစ်မှုနှင့် အမှိုက်စွန့်ပစ်မှုကြီးကြပ်ရေး၊ မြေအောက်ရေစနစ်တကျသုံးစွဲရေး၊ ကောင်းမွန်သည့် ရေဥပဒေထွက်ရှိရေးနှင့် ရေကြီးရေလျှံမှု လျော့ပါးရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာမှု(SOBA Report) နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မဟာဗျူဟာရေးဆွဲရေး(IADS) ပထမအဆင့် အစီရင်ခံစာနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာကျွမ်းကျင်သူအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦးက ရေကြီးရေလျှံဖြစ်ပေါ်မှုကို ကာကွယ်ရန် မြစ်ချောင်းများပြုပြင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် လတ်တလောထည့်သွင်းဆောင်ရွက်သင့်သည့် အစီအမံများကိုလည်းကောင်း၊ အကြံပေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းက ရေဥပဒေ ရေးဆွဲရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက လတ်တလော ရေကြီးမှုတွေ့ကြုံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အတွေ့အကြုံများနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ထားသည့် အစီအမံများ၊ မြစ်ကြောင်းများနှင့်ချောင်းများ ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးနှင့် ချောင်းမြောင်းများတူးဖော်ရန်လျာထားမှု၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့်ဆက်နွှယ်သည့် ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်သူများ၏အသံကို အလေးထားနားထောင်

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်ပြီး ဆည်မြောင်း၊ တာတမံများနှင့်ပတ်သက်သည့် ထူးခြားမှုအခြေအနေများကို ပြည်သူလူထုအား အချိန်မီသိရှိနိုင်ရေးဆောင်ရွက်ရန်၊ ဒီရေတောများစိုက်ပျိုးရန်နှင့် ကြိုတင်မျှော်မှန်းနိုင်သည့် သဘာဝဘေးများအတွက် ဘတ်ဂျက်များထည့်သွင်းတောင်းခံထားရန် လိုအပ်ပါကြောင်း၊ ရေဥပဒေကိုတတ်နိုင်သမျှ ဆောလျင်စွာအကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြစ်ကွေး၊ မြစ်ကောက်များ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဧရိယာများ ထိန်းသိမ်းခြင်းနှင့် မြစ်ချောင်းအင်းအိုင်တိမ်ကောမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးပြီး မိမိတို့နိုင်ငံအနေဖြင့် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလများတွင် ရေကြီးရေလျှံမှုလျော့ပါးသက်သာရေးနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာရေးအတွက် အလေးထားညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ရေနှင့်ဆက်နွှယ်နေသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးက ရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် နိုင်ငံတွင်းရှိ ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏လိုအပ်ချက်နှင့် ပြည်သူများ၏အသံကိုပါ အလေးထားနားထောင်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ILO ၏စံများလိုက်နာကျင့်သုံးမှုဆိုင်ရာကော်မတီ(CAS)သို့ ပေးပို့မည့် ပြုစုပြီးအစီရင်ခံစာအား ရှင်းလင်းဆွေးနွေးသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ILO ၏စံများလိုက်နာကျင့်သုံးမှုဆိုင်ရာ ကော်မတီတွင် ထည့်သွင်းဆွေးနွေးစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းကြောင်းသုံးသပ်ပြီး Direct Contacts Mission တစ်ခု လက်ခံရန်အပါအဝင် နိဂုံးချုပ်မှတ်ချက်များ ချမှတ်ခဲ့ခြင်းအတွက် ပြန်လည်တင်ပြမည့်အစီရင်ခံစာ(မူကြမ်း)အား ချပြညှိနှိုင်းသည့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် ၂၀၁၈ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် (၁၀၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် မြန်မာနိုင်ငံမှ ၁၉၅၅ ခုနှစ်ကတည်းက လက်ခံကျင့်သုံးထားသည့် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် စုရုံးလုပ်ဆောင်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်အမှတ်- ၈၇[Freedom of Association and Protection of the Right to Organize Convention, 1948(No.87)]နှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးမှုနှင့်ပတ်သက်ပြီး ILO ၏စံများ လိုက်နာကျင့်သုံးမှုဆိုင်ရာ ကော်မတီတွင် ထည့်သွင်းဆွေးနွေးစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုအားနည်းကြောင်း သုံးသပ်ပြီး Direct Contacts Mission တစ်ခု လက်ခံရန်အပါအဝင် နိဂုံးချုပ် မှတ်ချက်များ ချမှတ်ခဲ့ခြင်းအပေါ် စက်တင်ဘာလ ပထမပတ်အတွင်း တိုးတက်မှုအစီရင်ခံစာပြုစုပြီး CAS ကော်မတီသို့ ပြန်လည်တင်ပြမည်ဖြစ်၍ မိမိတို့ ဝန်ကြီးဌာနမှ Focal အဖြစ် တာဝန်ယူပြုစုထားသည့် CAS အစီရင်ခံစာကို HLWG အဖွဲ့ဝင်ဌာနများအား ချပြညှိနှိုင်းဆွေးနွေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

CAS ကိုတင်ပြရမည့် အစီရင်ခံစာသည် နိုင်ငံအဆင့် အစီရင်ခံစာတစ်စောင်ဖြစ်သည့်အတွက် ပြည့်စုံကောင်းမွန်ပြီး ခိုင်မာသည့်အချက်အလက်များ ထည့်သွင်းနိုင်ရန် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များအနေဖြင့် အကြံဉာဏ်များပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က CAS သို့ တင်ပြရန်ပြုစုထားသည့် အစီရင်ခံစာကို ရှင်းလင်းတင်ပြဆွေးနွေးရာ တက်ရောက်လာသည့် ဌာနဆိုင်ရာအကြီးအကဲနှင့် ကိုယ်စားလှယ်များက အစီရင်ခံစာ၏ အားသာချက် အားနည်းချက်များ၊ ထပ်မံဖြည့်စွက်ရမည့် အချက်များနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ပြင်ဆင်

ရန်ကုန် ဩဂုတ် ၃၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အတွက် မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်လျက်ရှိသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးခဲ့သောကြောင့် လေ့ကျင့်မှု ပြန်လည်ပြုလုပ်လျက်ရှိပြီး ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၆ ရက်တွင် စင်ကာပူ ယူ-၁၉ အသင်းနှင့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉အသင်းသည် အာရှခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် နှစ်လနီးပါးရရှိမည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုခွဲဝေမှုအရ အုပ်စု(က)တွင် ဩစတြေးလျ၊ ဟောင်ကောင်၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ အုပ်စု(ခ)တွင် ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ အုပ်စု(ဂ)တွင် ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ ယူအေအီး၊ ဂူအမ်၊ မော်လ်ဒိုက်၊ အုပ်စု(ဃ)တွင် တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တာဂျစ်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် အုပ်စု(င)တွင် ဗီယက်နမ်၊ ဂျော်ဒန်၊ စင်ကာပူ၊ မလေးရှား၊ အုပ်စု(စ)တွင် မြန်မာ၊ အီရန်၊ ပါလက်စတိုင်းနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု(စ)ပွဲများကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

သတင်းထုတ်ပြန်ချက်

လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့ (FFM) ကို ၂၀၁၇ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုစဉ်ကတည်းက မြန်မာနိုင်ငံအစိုးရသည် အဆိုပါအဖွဲ့ကို ဖွဲ့စည်းမှုအား ပယ်ချခဲ့ပြီး ယင်း၏ ရှာဖွေတွေ့ရှိရချက်များကို လက်ခံသွားနိုင်လိမ့်မည်မဟုတ်ကြောင်း ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းအဖွဲ့၏ တည်ထောင်မှု၊ ဖွဲ့စည်းမှုနှင့် လုပ်ပိုင်ခွင့်တို့မှာ သမာသမတ်ကျမှု မရှိစေနိုင်သကဲ့သို့ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့သည့် အဖြေများ ရှာဖွေလျက်ရှိသည့် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်လာနိုင်စေမည်ဟု စိုးရိမ်ဖွယ်ရာဖြစ်ရပါသည်။

၂၇-၈-၂၀၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် အဆိုပါအဖွဲ့၏ အစီရင်ခံစာသည် အစိုးရ၏ စိုးရိမ်မှုများကို ပိုမိုမြင့်တက်စေခဲ့ပါသည်။ ယင်းအစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းနေထိုင်မှုကို ပျက်ပြားစေရုံသာမက နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကိုပါ ထိခိုက်စေပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ရခိုင်ပြည်နယ်အတွင်း ရှုပ်ထွေးလှသည့် စိန်ခေါ်မှုများကိုဖြေရှင်းရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ အစိုးရ၏ တာဝန်ယူမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရေး သန္နိဋ္ဌာန်ချထားခြင်းနှင့်အညီ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များနှင့် ဆက်စပ်ကိစ္စရပ်များအား စုံစမ်းစစ်ဆေးရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ၃၀-၇-၂၀၁၈ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

FFM အဖွဲ့၏ ၂၇-၈-၂၀၁၈ ရက်ထုတ် အစီရင်ခံစာသည် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်း၌ စိတ်ဝမ်းကွဲမှုနှင့် အယုံအကြည်ကင်းမဲ့မှုများကိုသာ ပိုမိုဖြစ်ပေါ်စေမည်ကို မြန်မာအစိုးရအနေဖြင့် ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် ရှုပ်ထွေးလှစွာသော စိန်ခေါ်မှုများကို ကြုံတွေ့နေရသည့်တိုင် မြန်မာပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးတို့အတွက် အစိုးရ၏ သန္နိဋ္ဌာန်ချထားမှုကို မဆုတ်မနစ်ဘဲ ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား IOM အဖွဲ့အစည်းက လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ Chief of Mission, Mr. Akio Nakayama နှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်နေသော ကိစ္စရပ်များ၊ IOM မှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အသိုက်အဝန်းနှစ်ခုအကြားလူမှုသဟဇာတ ဖော်ဆောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ၊ IOM မှ တင်ပြလာသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ပြည်သူလူထုအခြေပြု သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရေး၊ လူမှုသဟဇာတမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မည့်စီမံချက် အဆိုပြုလွှာအတွက် ဒေသနေပြည်သူလူထုအသိုက်အဝန်းနှစ်ခုလုံးနှင့် ဆွေးနွေး၍ အမှန်တကယ် လိုအပ်ချက်များကို ရှာဖွေရန်၊ သက်ဆိုင်ရာ ဒေသန္တရအစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် ဆွေးနွေးညှိနှိုင်းရန်၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ် ပါမောက္ခ၊ ဌာနမှူး ဒေါက်တာကြည်ကြည်သိန်း ဦးဆောင်သော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၂၃၀၀၀၀၀ ကို လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဆွာရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁
ပဲခူးတိုင်းဒေသကြီး ဆွာရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းသည် ဩဂုတ်လကလည်း မိတ်ဖက်ကုမ္ပဏီများနှင့်အတူ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ငွေကျပ် သိန်းတစ်ထောင်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

သတင်းစဉ်

အရွယ်မတိုင်မီ စစ်မှုထမ်းဆောင်နေသည့် ကလေးသူငယ်နှင့် လူငယ် ၇၅ ဦးအား ယနေ့နုတ်ထွက်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၃၁
တပ်မတော်တွင် အရွယ်မတိုင်မီ စစ်မှုထမ်းဆောင်နေသည့် ကလေးသူငယ်နှင့် လူငယ် ၇၅ ဦးအား ယနေ့ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း သိရပြီး ထိုသို့ နုတ်ထွက်ခွင့်ပြုခြင်းကို ကလေးသူငယ် အခွင့်အရေးများနှင့် သက်ဆိုင်သည့် ကြီးလေးသော ချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး နိုင်ငံအလိုက် အထူးတာဝန်အဖွဲ့ (CTFMR) မှ တာဝန်ရှိသူများက ကြိုဆိုကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

မြန်မာအစိုးရသည် ကုလသမဂ္ဂနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ပူးတွဲလုပ်ငန်းဆောင်ရွက်မှုစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး လက်မှတ်ရေးထိုးပြီးသည့်အချိန်မှ ယနေ့အထိ ကလေးသူငယ် ၉၂၄ ဦးကို တပ်မတော်က နုတ်ထွက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်း မပြုရန် စစ်သားစုဆောင်းရေး လုပ်ငန်းများအတွင်း အသက်စိစစ်ရေး လုပ်ဆောင်မှုများကို တွန်းအားပေးဆောင်ရွက်ခဲ့သည့်အတွက် CTFMR မှ ဝမ်းမြောက်ကြိုဆိုကြောင်း၊ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းနှင့် ကလေးသူငယ်များအား တပ်မတော်အတွင်း တာဝန်ထမ်းဆောင်စေခြင်းနှင့် အသုံးပြုခြင်းတို့ကို ကာကွယ်တားဆီးသည့် လုပ်ငန်းများတွင် CTFMR က မြန်မာအစိုးရနှင့်အတူ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့ပြင် ထုတ်ပြန်ချက်တွင် ၂၀၁၅ ခုနှစ် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ်အား အတည်ပြု လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော်လည်း ၂၀၁၇ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများနှင့် ဆက်စပ်နေသော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်နိုင်ရေး ပဲရစ်ကတိကဝတ်နှင့် ကျင့်ဝတ်များအား လက်မှတ်ရေးထိုးခြင်းကဲ့သို့သော အရေးကြီးလုပ်ဆောင်မှုများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် မေလက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba ၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည့်အပြင် CTFMR ၏ အရွယ်မရောက်သေးသူများ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းများ ပြုလုပ်နေသော အဖွဲ့အစည်းများ စာရင်းတွင် ပါဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့ရှိသည့်အနက်မှ သုံးဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟန်နီဝင်း

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ဖွင့်လှစ်သော သတင်းရေးသားနည်းသင်တန်းသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လာရောက်ဆွေးနွေးပို့ချ

မန္တလေး ဩဂုတ် ၃၁
မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ဖွင့်လှစ်သော သတင်းရေးသားနည်းသင်တန်း၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်း (ဒီမင်း)တို့က သတင်းရေးသားနည်းနှင့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ ကျင့်ဝတ်တို့ကို ဩဂုတ် ၂၉ ရက်က ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ သတင်းမီဒီယာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့က သတင်းမီဒီယာဥပဒေစာအုပ်များကို ပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက လက်ခံပြီး အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

သတင်းရေးသားနည်းသင်တန်းကို ဩဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ဖွင့်လှစ်ခဲ့သည်။

ဒီမင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာများ လေ့လာ

ဆိုးလ် ဩဂုတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် ဦးဆောင်သော ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာ လေ့လာရေးအဖွဲ့သည် ယနေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့မှ ဆိုးလ်မြို့သို့ရောက်ရှိပြီး ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာ လေ့လာဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဆိုးလ်မြို့သို့ ရောက်ရှိပြီး ကိုရီးယားသမ္မတနိုင်ငံ၏ လွှတ်တော်၌ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ် လီဒုံဆော့နှင့်အဖွဲ့အား တွေ့ဆုံပြီး လေ့လာရေးအဖွဲ့ လာရောက်ရခြင်းအကြောင်းအရင်း၊ ရုပ်ရှင်အနုပညာကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ဆိုးလ်မြို့ရှိ DMC Hi – Tech Industry Center သို့ရောက်ရှိရာ (ဝဲပုံ)ဆိုးလ်ဖလင်ကော်မရှင် (Seoul Film commission)သည် ပြည်တွင်းပြည်ပ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ ရိုက်ကူးထုတ်လုပ်မှုပေါင်း ၂၀၀၀ ကျော်အတွက် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ အစိုးရ၏ ထောက်ပံ့အားပေးမှု၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ၏ ကြိုးပမ်းလုပ်ဆောင်မှုများဖြင့် ရုပ်ရှင်ထုတ်လုပ်မှုများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ပီပြင်စွာ ပြောင်းလဲဆောင်ရွက်လာမှု၊ ရုပ်ရှင်အနုပညာလုပ်ငန်းများ လွတ်လပ်စွာဖန်တီးလာနိုင်မှုနှင့် လုပ်ငန်းရှင်များ စိတ်အားထက်သန်စွာ ရင်းနှီးမြှုပ်နှံလုပ်ဆောင်လာမှုများကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ၊ မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ၊ အခြေခံယူဆချက်များအပေါ် ဆွေးနွေးခြင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာများ စသည်တို့ကို ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

အားသာချက်၊ အားနည်းချက်တွေကို နှိုင်းယှဉ်

စားပွဲဝိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး ဦးဇော်ဌေးက "ယခု လက်ရှိဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ နိုင်ငံရေးဆွေးနွေးမှု၊ ဖွဲ့စည်းတည်ဆောက်မှုပုံစံနဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်တွေကို လက်ရှိဆွေးနွေးနေတာ ဖြစ်ပါတယ်။ အရင်က စိတ်ကူးနဲ့ရေးဆွဲခဲ့တာတွေ ရှိပါတယ်။ တကယ့်နိုင်ငံရေးဆွေးနွေးပွဲ ညီလာခံဒုတိယအကြိမ်နဲ့ တတိယအကြိမ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ သင်ခန်းစာတွေကိုမူတည်ပြီး ကောင်းမွန်ထိရောက်တဲ့ မူဘောင်တစ်ခုဖြစ်အောင် ရေးဆွဲဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံ အစည်းအဝေး နောက်ဆုံးရက်မှာ လမ်းညွှန်သွားခဲ့ပါတယ်"။

"လမ်းညွှန်ချက်နဲ့အညီ တစ်ချိန်တည်းမှာပဲ လက်ရှိအချိန်မှာ နိုင်ငံရေးပါတီတွေက လုပ်နေသလို၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ပြန်လည်ဆန်းစစ်နေပါတယ်။ အလားတူပါပဲ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့အနေနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ နိုင်ငံရေးဆွေးနွေးမှု၊ ဖွဲ့စည်းတည်ဆောက်မှုပုံစံ၊ လုပ်ငန်းလမ်းညွှန် (Terms of Reference-ToR)၊ လုပ်ထုံးလုပ်နည်း (Standard Operating Procedure-SOP) တွေကို ပြန်လည်သုံးသပ်ပါတယ်။ ဒီလိုသုံးသပ်နိုင်ဖို့အတွက် ပထမဆုံးနေ့မှာ တောင်အာဖရိကပညာရှင် မစ္စခရစ်စတီးနားကို ဖိတ်ခေါ်ပြီး တောင်အာဖရိက၊ ကင်ညာနှင့် ယီမင်နိုင်ငံတွေရဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ အားသာချက်၊ အားနည်းချက်တွေ၊ ဆွေးနွေးမှု ပုံစံအမျိုးမျိုးနဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရဲ့အားသာချက်၊ အားနည်းချက်တွေကို နှိုင်းယှဉ်ဖို့ပညာရှင်ရဲ့ သဘောထားအမြင်ကို ရယူပါတယ်။ ပြီးတော့ ကျွန်တော်တို့အစုအဖွဲ့မှာ ပြန်လည်ဆွေးနွေးသုံးသပ်ကြပါတယ်"။

အတွင်းရေးမှူးအဖွဲ့ရဲ့ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်

"ဒီလို ပြန်လည်သုံးသပ်ကြရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ သဘောတူညီချက် တော်တော်များများရပါတယ်။ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ သဘောတူညီချက်နည်းနည်းလေး လျော့သွားတဲ့အပြင် အရေးကြီးတဲ့ အချက်အလက်တွေ မရခဲ့ပါဘူး။ အဲဒီလိုဖြစ်ရခြင်း အကြောင်းရင်းတွေကို ပြန်သုံးသပ်ကြတဲ့အခါမှာ အစုအဖွဲ့အားလုံးက နံပါတ်(၁)အနေနဲ့ ဖွဲ့စည်းတည်ဆောက်ပုံမှာ မူလက အတွင်းရေးမှူးအဖွဲ့တွေက ခိုင်ခိုင်မာမာ ပူးပေါင်းဆောင်ရွက်လုပ်နိုင်ခဲ့ကြပြီး တတိယအစည်းအဝေးမှာ လျော့နည်းသွားတာကို အားနည်းချက်တစ်ရပ်အနေနဲ့ တွေ့ရပါတယ်။ အဲဒါကြောင့် အတွင်းရေးမှူးအဖွဲ့ရဲ့ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ကို အားလုံးက သဘောတူပါတယ်"။

အခက်အခဲတွေ တွေ့ခဲ့ရ

"နံပါတ်(၂)အချက်က နိုင်ငံရေးဆွေးနွေးမှုနဲ့ပတ်သက်တဲ့ လုပ်ငန်းလမ်းညွှန် (Terms of Reference-ToR)၊ လုပ်ထုံးလုပ်နည်း (Standard Operating Procedure -SOP) တွေကို ပိုပြီး တိတိကျကျလုပ်နိုင်ဖို့ကို ဘုံအားဖြင့် သဘောတူညီခဲ့ပါတယ်။ နံပါတ်(၃)အချက်က ညီလာခံကျင်းပတဲ့ အခင်းအကျင်းပုံစံတွေမှာ လုပ်ငန်းကော်မတီရယ်၊ နည်းပညာကျွမ်းကျင်သူ အထောက်အကူပြုတွေရဲ့ အခန်းကဏ္ဍကိုလည်း ဆွေးနွေးပါတယ်။ နောက်တစ်ချက်က အစုအဖွဲ့အလိုက်တင်တဲ့ စာတမ်းတွေနဲ့ နိုင်ငံရေးဆွေးနွေးမှုကတက်လာတဲ့ စာတမ်းတွေရှိပါတယ်။ ဒီစာတမ်းတွေကို နောက်ဆုံးတင်သွင်းရမယ့် နေ့ရက်သတ်မှတ်ထားခြင်း မရှိတဲ့အတွက် ညီလာခံရောက်မှ ဒီစာတမ်းတွေကို တွေ့မြင်ရပြီး ကြိုတင်ညှိနှိုင်းထားခြင်းမရှိတဲ့အတွက် အခက်အခဲတွေ တွေ့ခဲ့ရပါတယ်။ အဲဒီလိုအခက်အခဲတွေ တွေ့ရတဲ့အတွက် နိုင်ငံရေးဆွေးနွေးမှုမှာ အခက်အခဲဖြစ်ပါတယ်။ များသောအားဖြင့် ကြုံတွေ့ရတဲ့ အခက်အခဲတွေအပေါ်မှာမူတည်ပြီး ဘယ်လိုပြုပြင်သင့်တယ်ဆိုတာကို ဝိုင်းပြီးဆွေးနွေးခဲ့ကြပါတယ်"ဟု ပြောကြားသည်။

အလားတူ ဆွေးနွေးပွဲတွင်ပါဝင်သည့် နိုင်ငံရေးသုတေသီ ဦးကိုကိုလှိုင်က "ရှိတဲ့မူဘောင်နဲ့ အလုပ်လုပ်ကြည့်တဲ့အခါမှာ လက်တွေ့ပိုင်းမှာ လုပ်ရကိုင်ရတာ အခက်အခဲလေး တွေရှိပါတယ်။ ဒါတွေကို ချောချောမွေ့မွေ့ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ ဝိုင်းဝန်းစဉ်းစားကြတာ ဖြစ်ပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ သုံးခုကြားထဲမှာ ရင်းရင်းနှီးနှီးဆွေးနွေးပြီး ဝိုင်းဝန်းအဖြေရှာကြပါတယ်။ တူညီတဲ့ရည်ရွယ်ချက်တွေက ဒီအစည်းအဝေးကြီးကို အောင်မြင်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို အားလုံးက လိုလိုလားလားနဲ့ ဆွေးနွေးတာ အင်မတန်ကောင်းပါတယ်။ အစိုးရဘက်ကလည်း အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်"ဟု ပြောသည်။

ထို့အပြင် ၈၈ မျိုးဆက်သစ် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက "နိုင်ငံရေးမူဘောင်တွေကို ဒီအတိုင်းဆက်သွားမလား၊ ပြင်မလား၊ ပြင်ဆင်ဖြည့်စွက်မယ်ဆိုရင် ဘယ်အပိုင်းတွေက ပြင်ဆင်ဖြည့်စွက်ဖို့ လိုသလဲဆိုတာကို သုံးသပ်ဆွေးနွေးကြပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့က သုံးသပ်ဆွေးနွေးတဲ့ ပွဲဖြစ်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကျင်းပခဲ့တာ သုံးကြိမ်ရှိပါပြီ။ ယခင်ကထက်ပိုပြီး နည်းလမ်းတွေကို ရှာတဲ့အခါမှာ လက်ရှိ ဖွဲ့စည်းပုံအတိုင်းပဲထားရှိဖို့ အများစုက သဘောထားပေးကြပါတယ်။ သို့သော် လက်ရှိဖွဲ့စည်းပုံကို သက်ဝင်လှုပ်ရှားနိုင်အောင် စွမ်းရည်မြှင့်ဖို့ လိုအပ်ပါတယ်။ စွမ်းရည်မြှင့်အောင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုတွေကစပြီး အတွင်းရေးမှူးအဖွဲ့နဲ့ လုပ်ငန်းကော်မတီကလည်း စွမ်းရည်မြှင့်ဖို့လိုပါတယ်"ဟု ပြောသည်။

သဘောတူညီချက်ရအောင် ဆွေးနွေးကြမယ်

ထို့အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်(ခ)မောင်တင်သစ်က "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ခရီးရောက်သင့်သလောက် မရောက်ဘူးဆိုတဲ့ ဝေဖန်သံတွေကို ကြားရပါတယ်။ ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ပြန်ကြည့်မယ်ဆိုရင် ဒုတိယအစည်းအဝေးမှာ မဆွေးနွေးခဲ့တဲ့အချက်တွေက တတိယအစည်းအဝေးအပေါ်ကို သက်ရောက်မှုရှိပါတယ်။ သဘောတူညီချက်မရသေးတဲ့ ကိစ္စတွေကို သဘောတူညီချက်ရအောင် ဆွေးနွေးကြမယ်ဆိုရင် ပထမဆုံးလိုအပ်ချက်က တကယ်ဆွေးနွေးချင်စိတ်နဲ့ ဆွေးနွေးကြဖို့ လိုအပ်ပါတယ်။ မဆွေးနွေးဘဲနဲ့ ဘေးဖယ်ထားသမျှ ကျွန်တော်တို့ ရှေ့ဆက်တက်နိုင်မှာ မဟုတ်ပါဘူး။ သဘောတူညီချက်မရသေးတဲ့ အချက်တွေကို အလေးအနက်ထားဆောင်ရွက်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရှေ့ရောက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များနှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ဇော်ဇင်၊ ဓာတ်ပုံ - အေးသန်း

ရေတာရှည်မြို့နယ်၌ ရေသန့်စင်ယာဉ်ဖြင့် ရေဖြန့်ဝေ

ရေတာရှည် ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်ဦးဆောင်သော အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် တာဝန်ရှိသူများ၊ တောင်ငူခရိုင်အတွင်းရှိ ကျေးလက်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ စုပေါင်း၍ ဩဂုတ် ၃၁ ရက်က ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာ၌ အိမ်ခြေ ၁၃၃ အိမ်၊ ညောင်ပင်သာကျေးရွာ၌ အိမ်ခြေ ၂၂၄ အိမ်၊ ဆင်ဝွေကျေးရွာ အိမ်ခြေ ၂၆၀ တို့အတွက် ရေသန့်စင်စက်ယာဉ်ဖြင့် ရေဂါလန် ၅၂၀၀ တို့ကို သန့်စင်ဖြန့်ဝေပေးခဲ့သည်။

ကိုလွင်(ဆွာ)

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဆက်သွယ်ရေး၊ မြေယာလျော်ကြေးငွေရရှိရေး၊ တရားမဝင်သိမ်းဆည်းရရှိသည့်ပစ္စည်းများ မပျက်စီးမီ လေလံတင်ရောင်းချရေး၊ ဘဏ်ခွဲအဆင့် တိုးမြှင့်ပေးရေးနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ဒေသစရိတ် ခံစားခွင့်ပေးရေးတို့နှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုနှစ်ခုတင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

တာဝါတည်ဆောက်ခွင့်များ တင်ပြလျှောက်ထားလာပါက စိစစ်ပြီး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ လူနေရပ်ကွက်၊ ကျေးရွာများအတွင်း ဆောက်လုပ်ထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ စစ်ဆေးရေးအစီအစဉ်များ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် လိုင်စင်ရ ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတိုင်တည်ဆောက်သည့် ကုမ္ပဏီများအနေဖြင့် တာဝါတည်ဆောက်ခွင့်များ တင်ပြလျှောက်ထားလာပါက မြေစိုက်တာဝါတည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက် ၁၇ ချက်၊ ခေါင်မိုးပေါ်တွင် တပ်ဆင်သည့်တာဝါ တည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက် ၁၅ ချက်တို့နှင့်အညီ တင်ပြလျှောက်ထားလာခြင်း ရှိ၊ မရှိကို စိစစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ တည်ဆောက်ခွင့်ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတိုင်တည်ဆောက်သည့် ကုမ္ပဏီများသည် တာဝါတိုင်များ၏ ကိုယ်ထည်ကြံ့ခိုင်မှု၊ တာဝါဖောင်ဒေးရှင်း၊ ကြိုးဆိုင်းတာဝါများ၏ ဆိုင်းကြိုးများ ကြံ့ခိုင်မှု၊ တာဝါသံချေးတက်ခြင်းမှ ကာကွယ်ရန်သုတ်ထားသည့် ဆေးအခြေအနေ၊ တာဝါခြံစည်းရိုး ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို ခြောက်လတစ်ကြိမ်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးတိုင်း စစ်ဆေးဆောင်ရွက်သွားရန်နှင့် မူလီနှင့် နပ်ခေါင်းများ၊ တာဝါလှေခါးများ၊ အချက်ပြမီးများ၊ တာဝါကြံ့ခိုင်မှု၊ မြေစိုက်စနစ် ကောင်းမွန်မှုတို့ကို တစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း။

ယခုအခါ ဝန်ကြီးဌာနအနေဖြင့် တာဝါတိုင်များတွင် အသုံးပြုမည့် တည်ဆောက်ရေးပစ္စည်းများ၏ ကြံ့ခိုင်မှုကိုစိစစ်နိုင်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ရ အင်ဂျင်နီယာများနှင့် စည်ပင်သာယာရေးကော်မတီများ၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လိုင်စင်ရ အင်ဂျင်နီယာများ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အသုံးပြုသော သံမဏိပစ္စည်းများ၏ အရည်အသွေးစစ်ဆေးမှုများအတွက် နိုင်ငံတကာ အသိအမှတ်ပြု ISO လက်မှတ်ရ Third Party ကုမ္ပဏီများမှ ဓာတ်ခွဲခန်း စမ်းသပ်ပြီး လက်မှတ်များပါရှိမှသာ ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ သိမ်းဆည်းရရှိသောသက်သေခံပစ္စည်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ တရားမဝင်ရောင်းဝယ်ဖောက်ကားရာမှ သိမ်းဆည်းရရှိသော သက်သေခံပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ယာဉ်များနှင့် သစ်တောထွက်ပစ္စည်းအား အရည်အသွေးမပျက်စီးမီ အမြန်ဆုံး လေလံတင်ရောင်းချရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖမ်းဆီးရမိသည့် ယာဉ်များမှာ လိုင်စင်မဲ့ယာဉ်များဖြစ်ပါက အပ်နှံမည့် အကြောင်းကြားစာရရှိသည်နှင့် တစ်ပြိုင်နက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့များဖြင့် သွားရောက်စစ်ဆေး၍ လွှဲပြောင်းလက်ခံဆောင်ရွက်ပြီး သက်ဆိုင်ရာတရားရုံးများက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ချမှတ်ပြီးပါက ပြုပြင်သုံးစွဲနိုင်သည့်အဆင့်ရှိ ယာဉ်များကို လိုအပ်သည့်ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးပါကြောင်း၊

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း

ပြုပြင်သုံးစွဲရန်မသင့် (သံရည်ကျို) အဆင့်ယာဉ်များကို သံရည်ကျိုဖျက်ဆီးနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့သို့ တင်ပြခွင့်ပြုချက်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါကြောင်း။

အလားတူ သိမ်းဆည်းရမိ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ တရားမဝင် သစ်ခွဲခြောက်များအား သိမ်းဆည်းရမိပါက သုတေသနပြုလုပ်ရန်အတွက် သစ်တောသုတေသနဌာနတွင် ဓာတ်ခွဲစမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် သစ်ခွဲအစိုများ သိမ်းဆည်းရမိပါက သစ်တောဦးစီးဌာနရှိ သစ်ခွပျိုးဥယာဉ်များတွင် ပြုစုထားရှိပါကြောင်း၊ သိမ်းဆည်းရမိသည့် တရားမဝင် ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါးများအား အမှုပြီးပြတ်ပါက လေလံစီမံချက်ရေးဆွဲ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က လေလံစည်းမျဉ်းစည်းကမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်းနှင့် ဌာနသုံးရန်လိုအပ်ပါက အခွန်နှုန်းထားဖြင့် သုံးစွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသုံးမလိုသည့် ပစ္စည်းများကို ပျက်စီးမှုမဖြစ်မီ ဌာနများသို့ ခွဲဝေသုံးစွဲခြင်းနှင့် လေလံတင်ရောင်းချခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပိုမိုမြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်ကြသော အငြိမ်းစားဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ပေးရန် အစီအစဉ်မရှိ

မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု (ခ) ဦးတင်နုအောင်၏ မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်လျက်ရှိကြသော အငြိမ်းစားဝန်ထမ်းများအား လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကဲ့သို့ ဒေသစရိတ် ခံစားခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း အနေအထားအရ သုံးငွေက ရငွေထက် ပိုမိုနေသဖြင့် လိုငွေဖြစ်ပေါ်နေသည့် အနေအထားရှိပါကြောင်း၊ တည်ဆဲပင်စင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရလည်းကောင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်လျက်ရှိသော အငြိမ်းစားဝန်ထမ်းများအား လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကဲ့သို့ ဒေသစရိတ်ခံစားခွင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

အလားတူ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းမကြီးကိုဖြတ်၍ မင်္ဂလာဈေးသို့ ရောက်ရှိသော မူလခရီးစဉ်အတိုင်း လိုင်းတစ်လိုင်း သို့မဟုတ် မေတ္တာလမ်းမမှ မင်္ဂလာဈေးသို့ ရောက်ရှိသော လိုင်းတစ်လိုင်း လိုအပ်လျက်ရှိနေပါသဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း မေးခွန်းနှင့် ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ စစ်တွေ-မင်းဘူး ရထားလမ်းဖောက်လုပ်ရာတွင် ပုဏ္ဏားကျွန်းမြို့နယ် ရေဖြူကန်ကျေးရွာမှ ကျောက်ဆိပ်ကျေးရွာလမ်းပိုင်းပေါ်ရှိ ပျက်စီးသွားသော မြို့ပေါ်လယ်သမား ၂၈ ဦး တို့၏လယ်မြေ ၅၁ ဧကခန့်အတွက် လျော်ကြေးငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ဒုတိယဝန်ကြီး ဦးသာဦးကလည်းကောင်း၊ ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း၏ ဟိုပန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ပေးရန်နှင့် ဘဏ်နှင့်ဘဏ်ဝန်ထမ်းများ လုံခြုံရေးအတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်းကောင်း ပြန်လည်ဖြေကြားကြသည်။

၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

ထို့နောက် ဒဂုံ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်က မတူကွဲပြားသော လုပ်ငန်းသဘာဝရှိကြသည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းကြီးများအား သဘာဝအားဖြင့် တူညီသော လုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနှင့် ဆီလျော်သော ပြုပြင်ပြောင်းလဲရေးမူဝါဒများချမှတ်ပြီး အားလုံးကို လွှမ်းခြုံနိုင်သည့် နိုင်ငံပိုင်လုပ်ငန်း ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မဟာဗျူဟာတစ်ရပ်ချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းသည်။

အဆိုတွင် နိုင်ငံပိုင်စီးပွားရေးကြောင့် ဖြစ်ပေါ်နေသော ဘဏ္ဍာရေးဖိအားများကို ဖြေလျှော့စေရန်၊ ၂၀၁၃ နှင့် ၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ခဲ့သည့် နိုင်ငံပိုင်စီးပွားရေး ပြုပြင်ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ရန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှု၊ ကြပ်မတ်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုမှန်ကန်ထိရောက်စေရန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအားလုံးကို လွှမ်းခြုံနိုင်သည့် အလုံးစုံပြုပြင်ပြောင်းလဲမှု စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်သွင်းရခြင်းဖြစ်ကြောင်း အဆိုရှင်ကပြောကြားသည်။

ဆက်လက်၍ ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေသည့် တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် မဟာဗျူဟာချမှတ်၍ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းသည်။

အဆိုရှင်က တရားမဝင်ကုန်သွယ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများကြောင့် တောင်သူလယ်သမားများနှင့် မွေးမြူရေးသမားများအတွက် အများဆုံးထိခိုက်နိုင်ခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုကို အဟန့်အတားဖြစ်စေခြင်း၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ ဖြစ်ပွားစေနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ရရှိမှုကို နည်းပါးစေခြင်း၊ လာဘ်ပေးလာဘ်ယူမှုများကို ဖြစ်ပွားစေနိုင်ခြင်းနှင့် တရားမဝင်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ယဉ်ကျေးမှုကို ထိခိုက်စေနိုင်သည့်အတွက် အဆိုကိုတင်သွင်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုးက လွှတ်တော်သို့ တင်ပြသည်။

အဆိုပါအစီအရင်ခံစာတွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာ ဥပဒေများတွင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာ၍ လွှတ်တော်သို့ တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယင်းအစီအရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို စက်တင်ဘာ ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြင့်(သတင်းစဉ်)

အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ကြေးတံဆိပ်နှစ်ခုသာရရှိ

ပလန်ဘမ် ဩဂုတ် ၃၁

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာနှင့် ပလန်ဘမ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအားကစားအဖွဲ့ ဆုတံဆိပ်ထပ်မံရယူနိုင်ခြင်းမရှိဘဲ ကြေးတံဆိပ်နှစ်ခုဖြင့်သာ ကျေနပ်ခဲ့ရသည်။ အာရှအားကစားပြိုင်ပွဲမှာ စက်တင်ဘာ ၂ ရက်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်သည့် ပြိုင်ပွဲအမျိုးအစားများမှာ ပြီးဆုံးသွားပြီဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ယခုပြိုင်ပွဲတွင် အားကစားနည်းရှစ်မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝူရှူး အမျိုးသား ထိုက်ချီချွမ်+ထိုက်ချီကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် ငြိမ်းချမ်းကိုကို၊ ပိုက်ကျော်ခြင်း သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက ကြေးတံဆိပ်တစ်ခုစီ ရယူနိုင်ခဲ့သည်။ ကျန်အားကစားနည်းများဖြစ်သည့် လှေလှော်၊ မြားပစ်၊ တိုက်ကွမ်ဒို၊ ဘောလုံး၊ ဘော်လီဘောနှင့် သေနတ်ပစ်ပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရယူနိုင်ခြင်းမရှိဘဲ ပိုက်ကျော်ခြင်းနှင့် လှေလှော်ပြိုင်ပွဲတွင် ရွှေဆုမျှော်မှန်းထားသော်လည်း လွဲချော်ခဲ့သည်။

မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် အားကစားနည်းများအနက် နောက်ဆုံးပြိုင်ပွဲဖြစ်သည့် အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရေး အဆုံးအဖြတ်ပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲပြိုင်ပွဲတွင် တရုတ်အသင်းကိုသာ အနိုင်ရပြီး ဂျပန်၊ လာအိုနှင့် အင်ဒိုနီးရှားအသင်းတို့ကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုနှင့်လွဲချော်ကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ရှိုင်းထက်ဇော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ တံတားကြီးများ ဥပဒေကြမ်းနှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်း အဆောက်အဦအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းဆောင်ရွက်မည်

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် ဇီဇဝါ(မြောက်)လမ်းရှိ ဘုရားဝတ္တကမြေပေါ်တွင် ဆောက်လုပ်ထားသည့် အစိုးရ မူလတန်းကျောင်း သစ်သားကျောင်းဆောင်ဟောင်းမှာ အန္တရာယ်ရှိနေသဖြင့် သံကူကွန်ကရစ်နှစ်ထပ် ကျောင်းဆောင် ဆောက်လုပ်ပြီးသည်မှာ နှစ်နှစ်ကျော်ပြီဖြစ်သော်လည်း ၎င်းကျောင်းဆောင်ဟောင်းကို သက်ဆိုင်ရာမှ ဖျက်သိမ်းခွင့် မပြုသေးခြင်း**နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အစိုးရမူလတန်း(လွန်)ကျောင်း ကျောင်းဆောင်အဖြစ် ခေတ္တအသုံးပြုခဲ့သော ဆုတောင်းပြည့်အောင်ချမ်းသာ ဘုရားဝတ္တကမြေပေါ်ရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်း အဆောက်အဦအား ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ သံဃာအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ကျောင်းကော်မတီတို့၏ သဘောတူညီမှုဖြင့် သက်ဆိုင်ရာသို့ တင်ပြခွင့်ပြုချက်ရယူကာ မွန်ပြည်နယ်အစိုးရအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းဆောင်ရွက်သွားစေမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြို့များအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနိုင်ရေးအတွက် ရန်ပုံငွေများ လျာထားထောက်ပံ့ပေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျပြီး နှစ်စဉ် စည်ပင်သာယာ အခွန်ငွေကောက်ခံရရှိမှု အလွန်နည်းပါးသည့် မြို့ငယ်လေးများအတွက် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ရန်ပုံငွေမှ ဖြစ်စေ၊ နှစ်စဉ်သီးခြား ထောက်ပံ့ပေးသွားရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက နှစ်စဉ် စည်ပင်သာယာ အခွန်ငွေကောက်ခံမှုအလွန်နည်းပါးသည့် မြို့ငယ်များအတွက် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေသာမက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း မြို့များအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနိုင်ရေးအတွက် ရန်ပုံငွေများ လျာထားထောက်ပံ့ပေးလျက်ရှိပါကြောင်း၊

ပြည်ထောင်စုအစိုးရရန်ပုံငွေမှ သီးခြားထောက်ပံ့ရန်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂)အရ လည်းကောင်း၊ ပုဒ်မ ၉၆ ဇယား(၁)အရလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့တွင် စည်ပင်သာယာနှင့် ပတ်သက်သည့် ဝန်ကြီးဌာနမရှိခြင်း၊ ဇယား(၂)အရ စည်ပင်သာယာရေးကိစ္စရပ်များသည် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကို အပ်နှင်းထားပြီး ဖြစ်သည့်အတွက် သီးခြားရန်ပုံငွေထောက်ပံ့ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်

ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး

လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းပြီးစီးပါက တစ်နေ့လျှင် ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရှမ်းတဲကြီးရပ်ကွက်အတွင်း နေထိုင်သူ ပြည်သူများမှာ နှစ်စဉ်နွေရာသီတွင် ညစ်ညမ်းနေသည့် ကျဉ်းမြောင်းသောချောင်းထဲမှရေကို တစ်ရပ်ကွက်လုံး သုံးစွဲကြရပါသောကြောင့် များစွာဒုက္ခရောက်လျက်ရှိပါသဖြင့် ရေအခက်အခဲကို နည်းလမ်းရှာဖွေ ကူညီပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သီလဝါအထူးစီးပွားရေးဇုန်သို့ ရေပေးဝေရန် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်းပြီးစီးပါက သီလဝါအထူးစီးပွားရေးဇုန်သို့ တစ်နေ့လျှင် ရေဂါလန် ၁၀ သန်း၊ ဒဂုံမြို့သစ် လေးမြို့နယ်သို့ တစ်နေ့လျှင် ရေဂါလန်သန်း ၃၀ စုစုပေါင်း တစ်နေ့လျှင် ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများအနက် ရေသန့်စင်စက်ရုံ တည်ဆောက်မှုလုပ်ငန်းမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ ရေပို့ပိုက်လိုင်း ဆက်သွယ်မှုလုပ်ငန်းများ၊ ရေဖြန့်ပိုက်များနှင့် ရေတွန်းစက်ရုံများ တည်ဆောက်မှုလုပ်ငန်းများအား ဂျပန်နိုင်ငံအစိုးရ၏ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ဆောင်ရွက်မှုကို ၂၀၂၂ ခုနှစ်တွင် အားလုံးပြီးစီး၍ ရေပေးဝေနိုင်ရန် ခန့်မှန်းထားပါကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရှမ်းတဲကြီးရပ်ကွက်သို့ ရေပေးဝေရေးအတွက် စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လဂွန်းပြင်စီမံကိန်းပြီးစီးပါက ရေပေးဝေမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ပေး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **တံတားကြီးများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က တံတားကြီး နယ်နိမိတ်ဆိုသည်မှာ တံတားကြီး အသစ်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ သိသာမြင်သာသည့်နေရာတွင် ထင်ရှားသည့်အမှတ်အသားတစ်ခုခုဖြင့် ဖော်ပြသတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်ကို ဆိုလိုသည်ဟု ပြင်ဆင်လိုပါကြောင်း။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ သဘာဝဘေးအန္တရာယ်ဆိုသည့် အသစ်ဖြည့်စွက်ချက်အပေါ်တွင် ဆွေးနွေးလိုပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေဆိုသည့် အရာကိုသာ အကျုံးဝင်စေပြီး လူတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များ၊ လက်နက်ကိုင်သောင်းကျန်းမှုကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များသည် သဘာဝဘေးအန္တရာယ်နှင့် မသက်ဆိုင်တော့သည့်အတွက် သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နေရာတွင် ဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ ပေါ်ပေါက်ဖြစ်ပွားခဲ့ရသည့် မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်း ဒဏ်ခံရခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်းများ အပါအဝင် အကြမ်းဖက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လက်နက်ကိုင်အကြမ်းဖက်မှု ဖြစ်ပွားခြင်းတို့ကို ဆိုလိုပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက သုံးနှုန်းထားသည့် လက်နက်ကိုင်သောင်းကျန်းမှု ဆိုသည့်နေရာတွင် ယနေ့ခေတ်အသုံးအနှုန်းတွင် သောင်းကျန်းမှုဆိုသည့် အသုံးအနှုန်းသည် မသုံးတော့သည့်အတွက် အကြမ်းဖက်ခြင်းဟူ၍ အစားထိုး ပြင်ဆင်ထားပါကြောင်း။

မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့ပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်သည့် တံတားကြီးနယ်နိမိတ်ကို အများပြည်သူ သိသာထင်ရှားသောနေရာတွင် အခိုင်အမာစိုက်ထူခြင်းဆိုသည့် အသစ်ဖြည့်စွက်ချက်သည် အသစ်ဖြည့်စွက်ရန် မလိုအပ်ဟု ယူဆပါကြောင်း၊ မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်သည့် တံတားကြီးနယ်နိမိတ်အတွင်းနှင့် တံတားကြီးများအပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ခြင်းဆိုသည့် ပြဋ္ဌာန်းချက်သည် တံတားကြီးလုံခြုံစိတ်ချစေရန်၊ အများပြည်သူ ဘေးအန္တရာယ်ကင်းစေရန်၊ တံတားကြီးအောက်နှင့် အပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းမှု အစီအမံများ ဆောင်ရွက်ရသည်ကို အဆိုပြုပြဋ္ဌာန်းချက်တွင် ခြုံငုံပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် အခိုင်အမာစိုက်ထူခြင်းဆိုသည့် ဆိုင်းဘုတ်စိုက်ထူခြင်း အသစ်ဖြည့်စွက်ချက်သည် မလိုအပ်ဟု ယူဆသည့်အတွက် ပယ်ဖျက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် **မြန်မာ့သတ္တုတွင်း နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်က ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို စက်တင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

တတိယအကြိမ်မြောက် မြန်မာ-ဘရာဇီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

တတိယအကြိမ်မြောက် မြန်မာ-ဘရာဇီး နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန အာရှ-ပစိဖိတ်ဆိုင်ရာ ဒုတိယဝန်ကြီး Mr. Henrique da Silveira Sardinha Pinto တို့က ပူးတွဲ သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်၊ ပညာရေး၊ ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကျိုးစီးပွား တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အမြဲတမ်းအတွင်းဝန်က ဘရာဇီးကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တတိယအကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Antonio J.M. de Souza e Silva၊ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Ambassador Maria Izabel Vieira နှင့် ဘရာဇီးသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ကျောက်ကြီးမြို့နယ် ကျွန်ပင်ဆိပ်ကျေးရွာမှ ရေကြီးနစ်မြုပ်နေသည့် အိမ်ထောင်စုများအား ထမင်းထုပ်များ သွားရောက်လှူဒါန်း

ကျောက်ကြီး ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျွန်ပင်ဆိပ်ကျေးရွာရှိ ရေကြီးနစ်မြုပ်ခံနေရသည့် အိမ်ထောင်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင် ဦးဆောင်ပြီး ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီက မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး ထမင်းထုပ်များသွားရောက် ဝေငှခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၅ ရက်က ကျောက်ကြီးချောင်းရေကာတာ ပေ ၂၀ ခန့် ကျိုးကျ၍ ကျွန်ပင်ဆိပ် ကျေးရွာအတွင်း ရေများဝင်ရောက်ခဲ့ကာ အချိန်ကြာမြင့်စွာ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားနေရသောကြောင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး ကျေးရွာရှိ အိမ်ထောင်စု ၂၆၀ အတွက် ထမင်းထုပ်များဝေငှပေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အခြားအလှူရှင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုသားကြီး(ပြန်/ဆက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

စစ်တွေ ဩဂုတ် ၃၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအား ယနေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုခရီးစဉ်တွင် အားလုံးချောချောမွေ့မွေ့ဖြစ်သည်ဟု ကြားသိရ၍ ဝမ်းမြောက်ပါကြောင်း၊ ရခိုင်ပြည်နယ်ကို ယခုလို ကော်မရှင်အနေဖြင့် လာရောက်လေ့လာသည့်အတွက် အထူးပင်ဂုဏ်ယူပါကြောင်း၊ ယခု ခရီးစဉ်တွင် ရခိုင်ပြည်နယ်၏ ရေမြေသဘာဝ၊ ရာသီဥတု အခြေအနေနှင့် သမိုင်းအစဉ်အလာကြီးမားသည့် ယဉ်ကျေးမှုနယ်မြေများကိုလည်း ကိုယ်တိုင်မြင်တွေ့ခဲ့ရမှုအပေါ် ကျေနပ်လိမ့်မည်ဟု ထင်မြင်ပါကြောင်း။

ဤဒေသတွင် မမျှော်လင့်ဘဲ ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသည့်အပေါ် နိုင်ငံတော်အကြီးအကဲများ၊ ပြည်နယ်အစိုးရအပါအဝင် ဒေသခံပြည်သူများ စိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း၊ လူကြီးမင်းတို့လည်း ထိုအခြေအနေကို လေ့လာသိရှိပြီးဖြစ်သည့်အတွက် အမှန်တရားကို သိမြင်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိမှာ မိမိတို့အနေဖြင့် အကောင်းဆုံးကြိုးစားလုပ်ဆောင်နေသလို အနာဂတ်တွင်လည်း ယခုထက်ကောင်းမွန်သော အခြေအနေဖြစ်လာရန် မျှော်လင့်ပါကြောင်း၊ ယခုလို လာရောက်သည့် ကော်မရှင်အနေဖြင့်လည်း ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူအများကြီးဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအား ရခိုင်ဒေသအတွင်း ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ အပါအဝင်၊ ယခင်နှစ်များက ဖြစ်ပေါ်ခဲ့သော ARSA အကြမ်းဖက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ လက်ရှိလက်ခံရေးစခန်းများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်လုပ်ဆောင်ထားရှိမှုများကိုလည်းကောင်း ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌက ယခုလို ရခိုင်ပြည်နယ် မောင်တောဒေသနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပေးသော ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုခရီးစဉ်မှာ ရခိုင်ပြည်နယ် ပဋိပက္ခနှင့်ပတ်သက်ပြီး မြေပြင်သို့ ပွင့်လင်းမြင်သာစွာ သွားရောက်ကြည့်ရှုခဲ့ရကြောင်း၊ ဒေသခံပြည်သူများနှင့်လည်း တရင်းတနှီးတွေ့ဆုံခွင့်ရခဲ့ကြောင်း၊ အခုလို တွေ့ဆုံခွင့်ရ၍လည်း အထူးဝမ်းသာ ကျေနပ်မိပါကြောင်း၊ ကော်မရှင်အဖွဲ့အနေဖြင့် ဘက်လိုက်မှုမရှိဘဲ မျှတသည့်အဖွဲ့ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က UEHRD လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တို့ တွေ့ဆုံစဉ်။
ဓာတ်ပုံ- မင်းထက်

✻ လွတ်လပ်သောမှ

ထို့နောက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာရာ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

ငါးခူရလက်ခံရေးစခန်း၌ စခန်းတာဝန်ခံ ဦးငွေးမောင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံများနှင့် တွေ့ဆုံပြီး နေထိုင်စားသောက်မှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းကြသည်။

ဆက်လက်ပြီး ငါးခူရလက်ခံရေးစခန်းမှ ကိုင်းကြီး (မြို)ကျေးရွာနှင့် ရွှေဇားကျေးရွာတို့သို့ လည်းကောင်း၊ ပန်းတောပြင်ကျေးရွာသို့လည်းကောင်း သွားရောက်၍ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံဆွေးနွေးပြီး ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍**(အပေါ်ပုံ)** လတ်တလော မောင်တော ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများအပါအဝင် ကဏ္ဍပေါင်းစုံမှ ရှင်းလင်းတင်ပြရာ ကော်မရှင်အဖွဲ့က လိုအပ်သည်များကို မေးမြန်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်တရုတ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၃၁

စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ တရုတ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲအုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်တရုတ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၄ ရက်တွင် မြန်မာနှင့် အိမ်ရှင်တရုတ်၊ ဥဇဘက်ကစ္စတန်နှင့် တာဂျစ်ကစ္စတန်၊ စက်တင်ဘာ ၆ ရက်တွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်၊ တရုတ်နှင့် တာဂျစ်ကစ္စတန်၊ စက်တင်ဘာ ၈ ရက်တွင် မြန်မာနှင့် တာဂျစ်ကစ္စတန်၊ တရုတ်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အတူ တရုတ်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းကျင်းပမည်ဖြစ်သည်။

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် တရုတ် ယူ-၂၁ အသင်းအတွက် ယခုပြိုင်ပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းမှာလည်း ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့်(ခ)အသင်းမှ ကစားသမားများ အတွေ့အကြုံရစေရန် ရည်ရွယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခုပြိုင်ပွဲအတွက် ဩဂုတ် ၁၁ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး MNL ကလပ်အသင်းများဖြစ်သည့် ဧရာဝတီ၊ မကွေး၊ ရှမ်းယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရာ သုံးပွဲစလုံးရှုံးနိမ့်ခဲ့သည်။

ပြိုင်ပွဲဝင် မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ ဦးထွန်းထွန်းအောင်၊ နည်းပြချုပ်- ဦးကြည်လွင်၊ လက်ထောက်နည်းပြ- ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ဂိုးနည်းပြ- ဦးမျိုးကျော်အောင်၊ ဂိုးသမား- စိုးအာကာ၊ အေဇင်မှူး၊ အောင်မျိုးထွေး၊ နောက်တန်း- ကျော်မျိုးနိုင်၊ စိုးကိုကို၊ ကျော်သက်ဦး၊ ဟိန်းထက်စည်သူ၊ ဇင်ရဲနိုင်၊ ဖွဲ့ခန့်မင်း၊ သက်ပိုင်ထွေး၊ ဖွဲ့ထက်မင်း၊ အလယ်တန်း- ဇော်ဝင်းမောင်၊ သက်အောင်၊ အောင်နိုင်ဝင်း၊ မင်းကိုကို၊ နန်းထိုက်ဇော်၊ ကျော်ဇေယျ၊ အာကာ၊ အောင်ဇော်မြင့်၊ ဇော်မွန်အောင် ရှေ့တန်း- ချမ်းငြိမ်း၊ ထက်အာကာလင်းတို့ ပါဝင်ကြသည်။

ရှိုင်းထက်ဇော်

ရေကြီးနစ်မြုပ်ခဲ့သည့် ရေတာရှည်မြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

ဩဂုတ် ၂၉ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ဆွာချောင်းရေလှောင်တမံ၏ ပင်မရေပိုလွှဲပျက်စီးပြိုကျမှုကြောင့် ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၁ စု၊ ကျေးရွာ ၈၅ ရွာရှိ တွင်းတိမ် ၂၃၈၃ တွင်း၊ တွင်းနက် လေးတွင်း၊ လက်တူးတွင်း ၈၈၉ တွင်း စုစုပေါင်း ၃၂၇၆ တွင်း ရေကြီးနစ်မြုပ်ခဲ့သည်။

အဆိုပါကျေးရွာများသို့ သန့်ရှင်းသောသောက်သုံးရေများရရှိရေးအတွက် ဩဂုတ် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းအင်အား ၂၀ ပါဝင်သော အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ကုန်ကြီး၊ ဘူတာကုန်း၊ ကရင်၊ ညောင်ပင်သာ၊ ညောင်ပင်ကိုင်း၊ အောင်ချမ်းသာ၊ ကွမ်းအုံ၊ ကြို့ပင်သာနှင့် ကွင်းကြီးကျေးရွာ ကိုးရွာရှိ လက်တူးတွင်း ၁၂၅ တွင်းအား ကလိုရင်းဆေးခတ်ခြင်း၊ ဦးစီးဌာနပိုင်ရွေ့လျား ရေသန့်စင်ယာဉ်ဖြင့် ရွှေပြည်စုကျေးရွာတွင် ရေဖြန့်ဝေပေးလျက်ရှိပြီး ကုန်းကြီးကျေးရွာအုပ်စု၊ ပြည်စုတ်ကျေးရွာရှိ လက်နှိပ်တုံကင်တွင်းများ၊ လက်တူးတွင်းကျယ်များ တွင်းဆေး၊ တွင်းမှုတ်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအခြေအနေ ခေါင်းစဉ်ဖြင့် တံခါးဖွင့်ရှင်းလင်းပွဲ ကျင်းပခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် လုံခြုံရေးကောင်စီဥက္ကဋ္ဌတာဝန်ယူသည့် ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် တံခါးဖွင့်ရှင်းလင်းပွဲတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီခန်းမ၌ ၂၈-၈-၂၀၁၈ ရက်၊ မွန်းလွဲ ၃ နာရီအချိန်တွင် ကျင်းပခဲ့သည်။ အဆိုပါ ရှင်းလင်းပွဲကို ဗြိတိန်နိုင်ငံ ခနသဟာယနှင့် ကုလသမဂ္ဂဆိုင်ရာဝန်ကြီး(Minister of State) မစ္စတာ လော့ဒ်အာမက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ တွဲဖက်စီမံခန့်ခွဲရေးမှူး မစ္စတာ တဂက်နီဝတ်ဂယ်တူ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဂုဏ်ထူးဆောင် သံတမန် မစ္စ ကိတ်ဘလန်ရှက်တို့က ရှင်းလင်းဆွေးနွေးကြသည်။ ရှင်းလင်းပွဲသို့ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကောင်စီ၏လုပ်ထုံးလုပ်နည်းအမှတ်၊ ၃၇ အရ သက်ဆိုင်ရာ နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အမြဲတမ်းကိုယ်စားလှယ်များသည်လည်း ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခံကြရသည်။ ရှင်းလင်းပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ပါဝင်ဆွေးနွေးပြောကြားခဲ့ရာ အဓိကပြောကြားချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

- ကွယ်လွန်သွားပြီဖြစ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ဦးစွာပထမ ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ ၎င်းသည် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေခဲ့သော ပြဿနာများအတွက် ရေရှည်တည်တံ့မည့် အဖြေများ ရှာဖွေလျက်ရှိသည့် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများ အပေါ် များစွာပံ့ပိုးကူညီပေးခဲ့ကြောင်း၊
- ပဋိပက္ခများကို အပြုသဘောဖြင့် ကရုဏာထားလျက် ငြိမ်းချမ်းစွာ ချဉ်းကပ်ဖြေရှင်းတတ်သည့် ၎င်း၏နည်းလမ်းမှာ အတုယူဖွယ်ဖြစ်ကြောင်း၊
- ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းနောက် တစ်လခန့်အကြာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် (နောင်တွင် အာဆာ အဖွဲ့ ဖြစ်လာမည့်) အာကွာမူ မူဂျာဟီဒင် ဘာသာရေးအစွန်းရောက် အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေး ရဲကင်းသုံးခုကို တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး၊ လုံခြုံရေး ရဲတပ်ဖွဲ့ဝင် ၁၃ ဦးနှင့် အရပ်သားအချို့ သေဆုံးခဲ့ရကြောင်း၊
- ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်သည် ကြားဖြတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် တင်သွင်းခဲ့ကြောင်း၊ အစီရင်ခံစာတွင် လုံခြုံရေးရဲကင်းများကို ဝင်ရောက်တိုက်ခိုက်သည့် အောက်တိုဘာလအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေး အမြန်လိုအပ်သည့် စိုးရိမ်ပူပန်မှုများအပါအဝင် ရခိုင်ပြည်နယ်၌ တွေ့ကြုံနေရသည့် အဆောတလျင်ဖြေရှင်းရမည့် စိန်ခေါ်မှုများကို ဖော်ပြထားကြောင်း၊
- ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှ အကြံပြုချက် ၈၈ ချက်ပါ အပြီးသတ် အစီရင်ခံစာကို မြန်မာအစိုးရထံသို့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် တင်သွင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အစီရင်ခံစာကို ကြိုဆို၍ ယင်းအစီရင်ခံစာပါ အကြံပြုချက်များကို မြေပြင်ရှိပကတိ အခြေအနေများနှင့် လိုက်လျောညီထွေစွာ ဖြစ်နိုင်သမျှ အတိုတောင်းဆုံးသော အချိန်ကာလအတွင်း အပြည့်အဝ အကောင်အထည်ဖော်သွားရန် ဆန္ဒမှန်ဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊
- ကော်မရှင်၏အပြီးသတ်အစီရင်ခံစာကို ပေးအပ်ခဲ့ပြီးနောက် နာရီအနည်းငယ်မျှအကြာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် အစောပိုင်းတွင် အာဆာအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲကင်းစခန်း ၃၀ နှင့် နယ်မြေခံတပ်ရင်းဌာနချုပ် တစ်ခုတို့ကို ကြိုတင်အကွက်ချ စီစဉ်၍ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းသို့တိုက်ခိုက်မှုကြောင့် ဒါဇင်နှင့်ချီသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပြင် အပြစ်မဲ့ပြည်သူများစွာ သေဆုံးခဲ့ရကြောင်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စလင်မဟုတ်သော တိုင်းရင်းသား ၂၅၀ ကျော်မှာ ၎င်းတို့၏ ရက်စက်စွာ သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်ကို အာဆာအဖွဲ့မှ သတ်ဖြတ်ခဲ့သည်မှာ ခိုင်လုံသည့် အထောက်အထားများရှိကြောင်း၊
- အာဆာအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ကြိုတင်မျှော်မှန်းထားသည့်အတိုင်း မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ပြည်သူ့အသက်အိုးအိမ် အကာအကွယ်ပေးရန်လိုအပ်သော လုံခြုံရေးဆိုင်ရာ တုံ့ပြန်မှုကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းနောက်ပိုင်း လူအမြောက်အမြား နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊
- ယင်းအချက်များသည် ရိုးစင်းသောဖြစ်စဉ်နှင့် အမှန်တရားများသာဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများသည် သေချာစွာအကွက်ချ စီစဉ်ထားပြီး၊ ပြည်ပအကြမ်းဖက်အဖွဲ့များ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊
- လက်ရှိဖြစ်ပေါ်နေသည့် စိုးရိမ်ဖွယ်ရာ လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာနှင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးမှ အပြစ်မဲ့ပြည်သူများ၏ ဖော်မပြနိုင်လောက်သော ဒုက္ခခံစားရမှုများမှာ အာဆာအဖွဲ့က သေချာစွာ တွက်ချက်လျက် သွေးထိုးလှုံ့ဆော် ဖန်တီးမှုကြောင့်သာဖြစ်ကြောင်း၊
- ၎င်းတို့၏ရည်ရွယ်ချက်မှာ ကော်မရှင်၏အကြံပြုချက်များကို လျင်မြန်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ပြဿနာအတွက် ရေရှည်တည်တံ့မည့် အဖြေရရှိနိုင်ရန် မြန်မာအစိုးရ၏သန္နိဋ္ဌာန်ချထားမှုနှင့် ကြိုးပမ်းမှုများကို ချေဖျက်ရန်နှင့် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံအပေါ် အပြင်းထန်ဆုံး နိုင်ငံတကာ ဖိအားပေးနိုင်ရန် ဖြစ်ကြောင်း၊

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း

- နေရပ်စွန့်ခွာသူများအားလုံး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် မိမိတို့အနေဖြင့် များစွာစာနာမှု၊ စိုးရိမ်ပူပန်မှုများရှိပါကြောင်း၊ မိမိတို့၏ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသစွာဖြင့် ငြိမ်းချမ်းစွာဖြင့် အတူတကွလက်တွဲ ဆောင်ရွက်မည်ဆိုပါက ယင်းပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊
- နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ လက်တွေ့အစီအစဉ်ပါ သဘောတူညီချက်အရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် စတင်ရန် သတ်မှတ်ခဲ့ကြောင်း၊
- ယင်းနှစ်နိုင်ငံ သဘောတူညီချက်များအရ စိစစ်ပြီး နေရပ်စွန့်ခွာသူများကို အရှိန်အဟုန်ဖြင့် ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် စိစစ်ပြီးသူများအား ပထမအသုတ် ပြန်လည်လက်ခံရန် ဇန်နဝါရီလ ၂၃ ရက် ကတည်းက အဆင်သင့်ရှိနေပြီးဖြစ်ကြောင်း၊
- ရခိုင်ပြည်နယ်သို့ ဆန္ဒအလျောက် ပြန်လည်လာရောက်လိုသည့် စိစစ်ပြီးသူများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ၊ ပြန်လာနိုင်စေရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်တွန်းပါကြောင်း၊
- အခြားအရေးကြီးသည့်အချက်မှာ နယ်နိမိတ်မျဉ်းတစ်လျှောက်တွင် နေထိုင်သူများကို စနစ်တကျ ပြန်လည်ခေါ်ဆောင်ရေးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာတွင် နေထိုင်ခြင်းသည် ဥပဒေနှင့် မကိုက်ညီကြောင်း၊ ယင်းနေရာတွင် နေထိုင်သည့်သူများကြောင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် နှစ်နိုင်ငံ၏ တည်ငြိမ်မှုကို ထိခိုက်စေမည့်အခြေအနေသို့ ရောက်ရှိစေကြောင်း၊ ယင်းနေရာများတွင် အာဆာအဖွဲ့အနေဖြင့်လည်း ခြေကုပ်ရယူလာနိုင်ကြောင်း၊ သို့အတွက် ၎င်းတို့ကို ဘင်္ဂလားဒေ့ရှ်ဘက်မှ အကူအညီများ မပေးအပ်ရန် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များကို တောင်းဆိုလိုကြောင်း၊ ၎င်းတို့အတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို မြန်မာဘက်မှ ပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း၊
- ထို့အပြင် ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်ရေးအတွက် အကူအညီရယူရန် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေးအတွက် နေရာများကို သတ်မှတ် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဆန်းစစ်လေ့လာရေးအစီအစဉ် ပထမအဆင့်အတွက် ရွေးချယ်ထားသည့် ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာ ၂၃ ရွာသို့ ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်များအား သွားရောက် လေ့လာခွင့်ကို ဩဂုတ်လ ၇ ရက် ကတည်းက ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ နယ်နိမိတ်မျဉ်းအနီး နေထိုင်သည့် နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေးအတွက် နောက်ထပ်ကျေးရွာအုပ်စု သုံးခုကို သတ်မှတ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆန်းစစ်လေ့လာရေးအစီအစဉ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံး စတင်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အား တိုက်တွန်းပါကြောင်း၊
- မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အလေးအနက်ထား ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အကြံပြုချက် ၈၈ ချက်အနက် ၈၁ ချက်ကို အကောင်အထည်ဖော်ပြီးဖြစ်(သို့မဟုတ်)အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာတွင် အစိုးရအနေဖြင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒေါက်တာဆူရာကီယတ်ဆတ်သီယာထိုင်း ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကြံပေးအဖွဲ့၏အကြံပြုချက်နှင့် သဘောထားများကို များစွာအလေးထားပါကြောင်း၊
- ရခိုင်ပြည်နယ်အရေးနှင့် အထူးသဖြင့် လက်ရှိလူသားချင်းစာနာမှုဆိုင်ရာ အကြပ်အတည်းကို ဖြေရှင်းရာတွင် ကုလသမဂ္ဂ၏အရေးပါသည့် အခန်းကဏ္ဍကို မိမိတို့ အသိအမှတ်ပြု လက်ခံပါကြောင်း၊ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံ ဥက္ကဋ္ဌတို့၏ ကိုယ်စားလှယ်များ၏ မြန်မာနိုင်ငံခရီးစဉ်ကို ယခုနှစ် ဧပြီလတွင် စီစဉ်ပေးခဲ့ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး မစ္စ ခရစ်စတင်း ရှရန်နာ ဘာဂန်နာအား ခန့်အပ်ခဲ့မှုအပေါ်လည်း ကြိုဆိုခဲ့ပါကြောင်း၊
- တာဝန်ခံမှုနှင့်ပတ်သက်၍ မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကိုမျှ လက်ခံခွင့်လွှတ်ပေးမည်မဟုတ်ကြောင်း မြန်မာအစိုးရ၏ ရပ်တည်ချက်ကို ရှင်းလင်းပြတ်သားစွာ ပြောကြားထားပြီးဖြစ်ကြောင်း၊ လုံလောက်သည့် အထောက်အထားရှိပါက တရားဥပဒေအရ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို လူ့အခွင့်အရေးနယ်ပယ်တွင် အတွေ့အကြုံ ပြည့်ဝသည့် ဝါရင့်သံတမန်တစ်ဦးဖြစ်သူ သံအမတ်ကြီး မစ္စ ရိုဆာရီယို မယ်နာလိုအား ဦးဆောင်စေလျက် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကော်မရှင်တွင် နောက်ထပ် ဝါရင့်သံတမန်တစ်ဦးဖြစ်သော သံအမတ်ကြီး မစ္စတာ ကင်ဇိုအိုရှီးမားနှင့် မြန်မာနိုင်ငံမှ အထင်ကရ ပုဂ္ဂိုလ် နှစ်ဦးလည်း ပါဝင်ကြောင်း၊
- တာဝန်ခံမှုရှိရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုများ နောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ဆက်စပ်ကိစ္စရပ်များအပေါ် ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက် အကြံပြုချက်များကို တင်သွင်းမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုရလဒ်များကို အခြေခံသည့် အကြံပြုချက်များအပါအဝင် အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ တစ်နှစ်အတွင်း တင်သွင်းမည်ဖြစ်ကြောင်း၊
- မြန်မာအစိုးရအနေဖြင့် ကော်မရှင်နှင့်ထိတွေ့ဆက်သွယ်မည့်သူများအားလုံး၊ အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်ခံရသူများ၊ မျက်မြင်သက်သေများကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း၊
- ကော်မရှင်သည် လွတ်လပ်မှု၊ ဘက်မလိုက်မှုနှင့် မျှတမှန်ကန်မှု စသည့် 'မှု' များနှင့်အညီ ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့မှ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များ၏ ရက်စက်သည့်ပြစ်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အချက်အလက်ရှာဖွေရေးအဖွဲ့၏ ဘက်လိုက်မှုကင်းနိုင်ခြေအပေါ် စိုးရိမ်သည့်အတွက် ယင်းအဖွဲ့၏ ဆောင်ရွက်ပိုင်ခွင့်ကို လက်မခံခဲ့ကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊
- ထို့ပြင် အဆိုပါ အစီရင်ခံစာကို အချိန်ကိုက်ထုတ်ပြန်သည့် ရည်ရွယ်ချက်အပေါ်တွင်လည်း မိမိအနေဖြင့် များစွာ သံသယရှိပါကြောင်း၊
- ရခိုင်ပြည်နယ်တွင် မိမိတို့လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ အလွန်ကြီးမားပါကြောင်း၊ ယင်းစိန်ခေါ်မှုများကြောင့် မိမိတို့၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးကို သွေဖည်စေမည်မဟုတ်ပါကြောင်း၊
- ရခိုင်ပြည်နယ်၏အခြေအနေကို ဖြေရှင်းရေးမှာ မြန်မာအစိုးရနှင့် ပြည်သူများ၏ အဓိကတာဝန်ဖြစ်သော်လည်း၊ ယင်း အမျိုးသားရေး ဆောင်ရွက်ချက်များ အောင်မြင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်း၏ မျှတပြီး အကောင်းမြင် အပြုသဘောဆောင်သော ပံ့ပိုးကူညီပေးမှုနှင့် ထောက်ခံအားပေးမှုတို့သည် အရေးပါလှပါကြောင်း၊
- ကိုယ်ကျိုးစီးပွားနှင့် နိုင်ငံရေးအကျိုးအမြတ်ရလိုမှုအတွက် ရခိုင်ပြည်နယ်ရှိ အပြစ်မဲ့ ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဒုက္ခကို အမြတ်ထုတ်ရန် အချိန်မဟုတ်ပါကြောင်း၊ စစ်မှန်သည့် စိုးရိမ်ပူပန်မှုများကို ပြသရန်နှင့် လက်တွေ့ ဆောင်ရွက်ရမည့် အချိန်ဖြစ်ကြောင်း၊
- မှန်ကန်သည့် အချက်အလက်များနှင့် လက်ရှိ ပြဿနာများအပေါ် အပြည့်အဝ နားလည်မှုတို့အပေါ် အခြေခံလျက်အရေးကြီးသည့် မူဝါဒဆုံးဖြတ်ချက်များကို ချမှတ်သင့်ကြောင်း၊ ယခုကဲ့သို့ ရှုပ်ထွေးသည့် ပြဿနာရပ်အပေါ် အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်သင့်ကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

အာဖရိကအရှေ့ဒေသရှိ ကင်ညာနိုင်ငံနှင့် ကုန်သွယ်မှုတိုးမြှင့်ရန် ဗြိတိန်ကတိပြု

နိုင်ရိုဘီ ဩဂုတ် ၃၁
ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ထရီစာမေသည် အာဖရိကတိုက်အရှေ့ပိုင်းဒေသ၏ စီးပွားရေးအချက်အချာနိုင်ငံဖြစ်သော ကင်ညာနိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာကြောင်း၊ ဝန်ကြီးချုပ်မေသည် နှစ်ပေါင်း ၃၀ ကာလအတွင်း ကင်ညာနိုင်ငံသို့ရောက်ရှိလာသည့် ပထမဆုံးသော ဗြိတိန်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့ပြောကြားသည်။

အာဖရိကတိုက်သို့ လာရောက်သည့် သုံးနိုင်ငံခရီးစဉ်၏ နောက်ဆုံးခရီးတစ်ထောက်နိုင်ငံအဖြစ် ကင်ညာနိုင်ငံသို့ ရောက်ရှိလာသော ဝန်ကြီးချုပ်မေသည် သမ္မတအူဟူရူ ကင်ယက်တာနှင့် မြို့တော်နိုင်ရိုဘီ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

မိမိတို့နိုင်ငံသည် ကင်ညာနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုပြုလုပ်သွားမည်ဟု ဝန်ကြီးချုပ်မေက ကတိကဝတ်ပြု ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)မှ နုတ်ထွက်ပြီးပါက အီးယူပြင်ပနိုင်ငံများနှင့် ကုန်သွယ်မှုဆက်ဆံရေးမြှင့်တင်သွားရန် ရည်မှန်းချက်နှင့်အညီ ကင်ညာအပါအဝင် အမေရိကန်နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်မည်ဖြစ်သည်။

ဗြိတိသျှ ကိုလိုနီနယ်မြေဟောင်းဖြစ်သော ကင်ညာနိုင်ငံသည် ဗြိတိန်နိုင်ငံ၏ အရှေ့အာဖရိက မဟာမိတ်နိုင်ငံဖြစ်သည်။ ဗြိတိန်စစ်ဘက်ဆိုင်ရာတပ်ဖွဲ့သည် ကင်ညာတပ်ဖွဲ့ဝင်များအား စစ်ရေးလေ့ကျင့်ပေးမှုကို နှစ်ပေါင်းကြာရှည်ပြုလုပ်လာခဲ့သည်။

ဝန်ကြီးချုပ်မေသည် မြို့တော်နိုင်ရိုဘီရှိ ဗြိတိန်တပ်ဖွဲ့ဆီသို့ အလည်အပတ်သွားရောက်ခဲ့သည်။ အဆိုပါ ဗြိတိန်တပ်ဖွဲ့သည် ဆိုမာလီနိုင်ငံ၌ အာဖရိကသမဂ္ဂက ဆောင်ရွက်နေသော ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းအတွက် ဒေသဆိုင်ရာ တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးလျက်ရှိသည်။ ဆိုမာလီနိုင်ငံ၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်နွှယ်မှုရှိသော အယ်လ်ရှာဘတ် အစွန်းရောက်အဖွဲ့၏ ခြိမ်းခြောက်မှုရှိနေသည်။

အာဖရိကသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်လုပ်ငန်းအတွက် ရန်ပုံငွေသစ် ပေါင် ၇ သန်း (ဒေါ်လာ ၉ ဒသမ ၁ သန်း) ထောက်ပံ့ရန်လည်းကောင်း၊ မိုးခေါင်မှု ဒဏ်ခံစားနေရသော အိမ်နီးချင်းဆိုမာလီယာနိုင်ငံအတွက် ပေါင် သန်း ၆၀ ထောက်ပံ့ပေးရန်လည်းကောင်း၊ ဆိုမာလီအစိုးရ၏ လုံခြုံရေးအသုံးစရိတ်အတွက် ပေါင် ၂၅ သန်း ထောက်ပံ့ပေးရန်လည်းကောင်း ဝန်ကြီးချုပ်မေက ထုတ်ပြန်ကြေညာခဲ့သည်။

အေအက်ဖ်ပီ

လာမည့်ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်သုံးစွဲရန် ဂျပန်စီစဉ်

ကျိုတို ဩဂုတ် ၃၁
ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနက နိုင်ငံ၏လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လာမည့်နှစ် ရသုံးငွေပမာဏကို စံချိန်တင်တိုးမြှင့်တောင်းခံရန် စီစဉ်ထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တာဝေးပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်နေစဉ် တရုတ်နိုင်ငံကလည်း ပင်လယ်ရေကြောင်း ကာကွယ်ရေး လုပ်ဆောင်ချက်များကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထိုကဲ့သို့သော အချိန်တွင် ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ ကာကွယ်ရေးအဆင့်ကို တိုးမြှင့်ရန် စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်။

ကာကွယ်ရေး ဒုတိယဝန်ကြီး အီဆုနိုရီ အိုနိုဒီရာနှင့် တာဝန်ရှိသူများက ၂၀၁၉ ခုနှစ် ဧပြီလတွင် စတင်မည့် ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ယန်း ၅ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၄၇ ဒသမ ၇ ဘီလီယံ)ခန့် တောင်းခံရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကာကွယ်ရေးအသုံးစရိတ်သည် ယခုနှစ်အသုံးစရိတ်ထက် ၂၁ ရာခိုင်နှုန်း ပိုမိုများပြားလျက်ရှိကြောင်း တွေ့ရသည်။

ယင်းကာကွယ်ရေး အသုံးစရိတ်တွင် the Aegis Ashore မြေစိုက်ဒုံးကျည်စနစ်များ ဖြန့်ကြက်တပ်ဆင်မည်ဖြစ်သည့်အပြင် အဆိုပါ ဒုံးကျည်စနစ်အတွက် ယူနစ်နှစ်ခုထပ်မံတိုးချဲ့ရန် စီစဉ်ထားကြောင်း သိရသည်။

ယူနစ်တစ်ခုစီအတွက် ဒေါ်လာ သန်း ၇၂၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားသည်။

ထို့ပြင် တရုတ်နိုင်ငံက ပင်လယ်ရေကြောင်းဆိုင်ရာ ကာကွယ်ရေး အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည့်အတွက် ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ ရေပိုင်နက်များအပါအဝင် ဝေးလံသောကျွန်းများအတွက် လုံခြုံရေးဆောင်ရွက်ရန် အဆိုပါ ကာကွယ်ရေး အသုံးစရိတ်တွင် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

အက်ဖ်-၃၅အေ ရေဒါဖမ်းမရသော တိုက်လေယာဉ်ခြောက်စင်း ဝယ်ယူရန် စီစဉ်ထားသည့်အပြင် ပဲ့ထိန်းဒုံးကျည်များ သယ်ဆောင်နိုင်သော အက်ဖ်-၁၅ တိုက်လေယာဉ်များကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ မည်သည့်လှုပ်ရှားမှုကိုမဆို ထောက်လှမ်းကြည့်ရှုနိုင်သည့် ရေဒါစနစ်တပ်ဆင်ရန် အဆိုပါ ကာကွယ်ရေးအသုံးစရိတ်တွင် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဆီးရီးယားရှိ အီရန်စစ်ဘက် ပစ်မှတ်များကို တိုက်ခိုက်မည်ဟု အစ္စရေးက ထပ်မံခြိမ်းခြောက်

ဂျေရုဆလင် ဩဂုတ် ၃၁
ဆီးရီးယားနှင့် အီရန်နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုအား လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်စစ်ဘက်ပစ်မှတ်များကို တိုက်ခိုက်သွားမည်ဟု အစ္စရေးနိုင်ငံက ခြိမ်းခြောက်မှုအသစ်များ ပြုလုပ်လာကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပြင်းပြင်းထန်ထန်တိုက်ခိုက်သွားမည်

ဆီးရီးယားနိုင်ငံအတွင်း၌ အီရန်နိုင်ငံက ခေတ်မီ လက်နက်စနစ်များနှင့် တပ်ဖွဲ့များချထားရန် ကြိုးပမ်းမှုများကို အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)က ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသား တိုက်ခိုက်သွားရန် ဆုံးဖြတ်ထားကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပြောကြားသည်။

အီရန်နှင့် ဆီးရီးယားအကြား သဘောတူညီမှုကို မိမိတို့တားမြစ်ခြင်း ပြုမည်မဟုတ်ကြောင်း၊ သို့ရာတွင် မိမိတို့အား ပြုလုပ်မည့် မည်သည့် ခြိမ်းခြောက်မှုကိုမဆို ဟန့်တားမည်ဖြစ်ကြောင်း အစ္စရေးအဏုမြူဆိုင်ရာ အဆောက်အအုံတစ်ခုအား ကွယ်လွန်သူ သမ္မတဟောင်း ရှီမွန်ပီရက်စ်၏ အမည်ပေးသည့် အခမ်းအနားတွင် ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

လွန်ခဲ့သော ရက်များအတွင်းက လက်မှတ်ရေးထိုးခဲ့သည့် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်အရ အီရန်စစ်ဘက်မှ အကြံပေးအရာရှိများသည် ဆီးရီးယားနိုင်ငံတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဒမတ်စကတ်မြို့ရှိ အီရန်စစ်သံမှူးက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့

ဆီးရီးယားနိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးရေးတို့အတွက် အထောက်အကူပြုနိုင်ရန် နှစ်နိုင်ငံအကြား ချုပ်ဆိုသည့် သဘောတူညီချက်ကို အလေးထားသည်ဟု ဆီးရီးယားနိုင်ငံဆိုင်ရာ အီရန်စစ်သံမှူး ဗိုလ်မှူးချုပ် အဘိုဂတ်ဆမ် အလီနီဂျက်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် ခုနစ်နှစ်ခန့် ကြာမြင့်ပြီဖြစ်သော ပုန်ကန်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည့် သမ္မတ အာဆတ်သည် နိုင်ငံရေးအရ တည်ငြိမ်မှုရှိရေးအတွက် အီရန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် စစ်ရေးအထောက်အပံ့ရယူလျက်ရှိသည်။

ဆီးရီးယား လက်နက်ကိုင်ပဋိပက္ခအတွင်းသို့ အစ္စရေးနိုင်ငံက တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းကို ရှောင်လွှဲခဲ့သော်လည်း လက်ဘနွန်နိုင်ငံတွင်းရှိ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စုများထံသို့ ခေတ်မီ လက်နက်များ ထောက်ပံ့မှုရပ်ဆိုင်းသွားရေးအတွက် ဆီးရီးယားနိုင်ငံတွင်းသို့ လေကြောင်းတိုက်ခိုက်မှု ဒါဇင်များစွာ ပြုလုပ်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

အေအက်ဖ်ပီ

လာအိုတောင်ပိုင်းရေလွှမ်းမှု ခြောက်ဦးသေဆုံး

ဗီယန်ကျင်း ဩဂုတ် ၃၁
လာအိုနိုင်ငံတောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွားရာ ခရိုင်ငါးခရိုင်ရှိ ကျေးရွာ ၅၈ ရွာတို့မှ အိမ်ထောင်စုပေါင်း ၉၁၆ စုတို့ ရေဘေးအန္တရာယ် တွေ့ကြုံခံစားကြရပြီး ရေဘေးကြောင့် ခြောက်ဦးသေဆုံးခဲ့ရကြောင်း ဗီယန်ကျင်းတိုင်းမ် သတင်းစာက ဩဂုတ် ၃၁ ရက်၌ ရေးသားဖော်ပြသည်။

မကြာသေးမီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လာအိုနိုင်ငံ၏ ဒေသအများအပြားမှာ ရေလွှမ်းမိုးမှုဒဏ်ကို တွေ့ကြုံခဲ့ရသည်။ လာအိုအာဏာပိုင်များသည် ယခုအခါ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးရမှု အခြေအနေနှင့် ပတ်သက်နေသော အစီရင်ခံစာကို ထုတ်ပြန်နိုင်ပြီဖြစ်သည်။

လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်းမြောက်ဘက် ကီလိုမီတာ ၂၂၀ ခန့်အကွာ လွမ်ပရာဘန်းပြည်နယ် အာဏာပိုင်များက အစီရင်ခံစာထုတ်ပြန်မှု ပြုလုပ်ခဲ့သည်။ လာအိုအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ကမ်ပန့်ဆေဆွမ်ပန်းနှင့်တကွ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆင်ဟွာ

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်များ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားသည်။

မိုး/ဇလ

မင်္ဂလာဒုံမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းခွင် အကြို ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၌ မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင် အကြို ဆရာဖြစ်သင်တန်းကို ဩဂုတ် ၂၉ ရက်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ သပြေညိုခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ သင်တန်းနည်းပြသုံးဦးက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ဩဂုတ် ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တာသင်ကြားပို့ချခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၂၄ ဦး၊ မြို့နယ်အတွင်းရေးမှူး လေးဦး စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆောင်းဦး(မင်္ဂလာဒုံ)

မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
(အင်းစိန်မြို့)
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၆/၇) ရက် (ကြာသပတေး၊ သောကြာ) နေ့များတွင်
နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က (၁) အင်းစိန်မြို့

ဝသန်ရုပ်ရှင်ပွဲတော်မှ ရုပ်ရှင်ဖန်တီးသူများ၏ ရင်တွင်းစကားသံများ

ရန်ကုန် ဩဂုတ် ၃၁

(၈)ကြိမ်မြောက် ဝသန်ရုပ်ရှင်ပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ သင်တန်းခန်းမ၌ ကျင်းပသည်။

ဝသန်ရုပ်ရှင်ပွဲတော်ကို ၂၀၁၁ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ မှတ်တမ်းရုပ်ရှင်နှင့် ဇာတ်လမ်းတိုရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်၍ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

ဝသန်ရုပ်ရှင်ပွဲတော်နှင့်ပတ်သက်၍ ရုပ်ရှင်ဖန်တီးသူ လူငယ်ဒါရိုက်တာများ၊ Filmmaker များနှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မသူသူရှိန်

ကိုသိဒ္ဓိ

မကြယ်ရီလင်းစစ်

မောင်ဘုန်း

မသူသူရှိန် (Festival Director)

ဝသန်ရုပ်ရှင်ပွဲတော်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ စပြီးကျင်းပလာတာ အခုနှစ်ဆိုရင် ရှစ်နှစ်မြောက်ဖြစ်သွားပါပြီ။ ရည်ရွယ်ချက်ကတော့ ပြည်တွင်းမှာရှိတဲ့ ရုပ်ရှင်ရိုက်ကူးတဲ့သူတွေ၊ ဒါရိုက်တာတွေအတွက် လွတ်လပ်စွာ ဖန်တီးထားတဲ့ ရုပ်ရှင်ကားတွေကို ပြသဖို့နေရာဖြစ်လာဖို့ပါ။ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရုပ်ရှင်သင်တန်းတွေ၊ ဆွေးနွေးပွဲတွေကို ဒီပွဲတော်မှာ လုပ်ဆောင်ပါမယ်။ ပြိုင်ပွဲဝင်ကဏ္ဍအနေနဲ့ ၅၇ ကားလက်ခံရရှိပါတယ်။ ၁၁ ကားကိုဆန်ခါတင်ရွေးချယ်ပြီးတော့ ဆုသုံးဆုအနေနဲ့ ထပ်ပြီးရွေးချယ်သွားမှာပါ။ ဆုတွေကို မြန်မာ၊ ဂျာမန်၊ ဂျပန်နိုင်ငံတွေက ဒိုင်သုံးယောက်က ရွေးချယ်သွားမှာပါ။ ဆုသုံးဆုအနေနဲ့ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆု၊ အကောင်းဆုံး ဇာတ်လမ်းတိုရုပ်ရှင်ဆု၊ အမြင်သစ်ဆုဆိုပြီးပေးသွားမှာပါ။ ဆုတစ်ဆုကို ငွေကျပ် ငါးသိန်းနဲ့ ဝသန်ရုပ်ရှင်ပွဲတော်ကပေးအပ်မယ့် ဆုတံဆိပ်ကိုရရှိမှာဖြစ်ပါတယ်။ Traditional Czech Crystal က ဆုတံဆိပ် သုံးခုကိုပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲတော်မှာ နိုင်ငံတကာရုပ်ရှင်တွေရော ပြည်တွင်းရုပ်ရှင်တွေပါ ပြသတာဖြစ်ပါတယ်။ နိုင်ငံတကာကဇာတ်လမ်းတိုတွေ၊ မှတ်တမ်းရုပ်ရှင်တွေ၊ ဇာတ်လမ်းရှည်တွေနဲ့ ပြည်တွင်းဇာတ်ကားအပါအဝင် ဇာတ်ကား ၇၀ ကျော် ပြသသွားမှာဖြစ်ပါတယ်။ ရုပ်ရှင်ပြသတာအပြင် ဆွေးနွေးပွဲတွေ၊ Panel Discussion တွေစီစဉ်ထားပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေမှာရှိတဲ့ ရုပ်ရှင်ပွဲတော် သုံးခုကို ဖိတ်ခေါ်ထားပါတယ်။ ထိုင်း၊ မလေးရှားနဲ့ အင်ဒိုနီးရှား ရုပ်ရှင်ပွဲတော်သုံးခုက ပွဲစီစဉ်သူတွေကို ဖိတ်ခေါ်ထားပါတယ်။

သူတို့ကနေပြီးတော့ သူတို့နိုင်ငံမှာ ဒီဇာတ်လမ်းတိုတွေကို ဘယ်လိုရွေးချယ်လဲ၊ ရုပ်ရှင်ပွဲတော်ကဘယ်လိုလဲ၊ ဘယ်လိုလုပ်ဆောင်လဲဆိုတာတွေကို လာရောက်ပြီး ဆွေးနွေးမှာဖြစ်တဲ့အတွက် မြန်မာလူငယ်ဒါရိုက်တာတွေအနေနဲ့ သိထားသင့်ပါတယ်၊ ရုပ်ရှင်ကားအရှည်တွေ ရိုက်ကူးတဲ့အခါမှာ ဘယ်လိုတွေပြင်ဆင်မလဲ၊ နိုင်ငံတကာသွားရင် ဘယ်လိုတွေ လုပ်ဆောင်ရမလဲဆိုတာတွေကို ဆွေးနွေးသွားမှာပါ။ ပြင်သစ်နဲ့ဟောင်ကောင်မှာအခြေစိုက်တဲ့ ရုပ်ရှင်တည်းဖြတ်သူကို ဖိတ်ခေါ်ထားပါတယ်၊ ရုပ်ရှင်တည်းဖြတ်တဲ့ပညာနဲ့ ရုပ်ရှင်ကားတစ်ကားကို ဘယ်လိုပိုမိုကောင်းမွန်အောင် လုပ်ဆောင်လို့ရသလဲဆိုတာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လူငယ်ဒါရိုက်တာတွေ၊ ရုပ်ရှင်ကို စိတ်ဝင်စားသူတွေအနေနဲ့ အများကြီးအသိပညာ ဗဟုသုတရမယ်လို့ ယုံကြည်ပါတယ်။

ကိုသိဒ္ဓိ (Festival Organizer)

ဒီနှစ်ပွဲတော်မှာကဏ္ဍအသစ်တွေ တိုးချဲ့ထားပါတယ်။ အမျိုးသမီးဒါရိုက်တာတွေရိုက်ထားတဲ့ မှတ်တမ်းရုပ်ရှင်ကား လေးကားရွေးချယ်ထားပါတယ်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းရဲ့အခြေအနေတွေကိုထင်ဟပ်စေမယ့် မှတ်တမ်းရုပ်ရှင်ကားလေးကားပါ။ ဂျပန်ဒါရိုက်တာရိုက်ကူးတဲ့ မြန်မာဇာတ်လမ်း မြန်မာမိသားစုအကြောင်း ရုပ်ရှင်ဇာတ်ကားအရှည်ကိုလည်း ရွေးချယ်ထားပါတယ်။ အဲဒီဇာတ်ကားက ဆုတွေအများကြီးရထားပါတယ်။ အဲဒီကားထဲမှာ သရုပ်ဆောင်ထားတဲ့သူတွေလည်းလာမှာပါ။ ဇာတ်လမ်းတိုနဲ့ မှတ်တမ်းရုပ်ရှင်ဆိုတာ ဇာတ်လမ်းအရှည်နဲ့မတူတဲ့ အားသာချက်တွေ အများကြီးရှိပါတယ်။ ဇာတ်လမ်းပြောဆိုပုံတွေ၊ ရုပ်ရှင်ဖန်တီးမှုတွေကိုစမ်းသပ်လေ့လာဖို့ အခွင့်အရေးရှိတယ်၊ စမ်းသပ်တဲ့နေရာတစ်ခုပါ။ စမ်းသပ်တဲ့လေ့ကျင့်တဲ့ကွင်းဖြစ်ပါတယ်။ ဒီကနေ တစ်ဆင့်ရုပ်ရှင်ပင်မစီးကြောင်းထဲကိုသွားမယ့်သူတွေ စမ်းသပ်တဲ့နေရာဖြစ်လို့ အကျိုးရှိပါတယ်။ ပုံစံသစ်တွေကိုဖန်တီးဖို့၊ စမ်းသပ်ဖို့အခွင့်အရေးရှိမယ်။ ဝသန်ရုပ်ရှင်ပွဲတော်ကထွက်တဲ့ လူငယ်ဒါရိုက်တာတွေ အများကြီးရှိပါတယ်။

မကြယ်ရီလင်းစစ် (Filmmaker)

ကျွန်မက မှတ်တမ်းရုပ်ရှင်ဒါရိုက်တာ တစ်ယောက်ပါ။ မှတ်တမ်းရုပ်ရှင်လောကကိုဝင်တာ ခြောက်နှစ်လောက်ရှိပြီ။ ဒီနှစ် ဝသန်ပွဲတော်မှာပြမယ့်ကားက ချစ်တယ်ဆိုတဲ့ဇာတ်ကားပါ။ ကိုးကားမြောက် မှတ်တမ်းရုပ်ရှင်ဖြစ်ပါတယ်။ ဝသန်ရုပ်ရှင်ပွဲတော်က အစဉ်အလာကြီးမားတဲ့ ပွဲတော်တစ်ခုလို့ ပြောလို့ရတယ်။ မြန်မာနိုင်ငံမှာလည်း ပထမဆုံးလုပ်တဲ့ ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်တယ်။ လူငယ်ရုပ်ရှင်ဒါရိုက်တာတွေအတွက် အနုပညာအခင်းအကျင်း ပိုင်းဆိုင်ရာမှာ အင်မတန်မှရသမြောက်တဲ့ရုပ်ရှင်ပွဲတော်ဆိုရင် မမှားဘူးပေါ့။ ဒီနှစ်ရုပ်ရှင်ပွဲတော်ပြဖို့ ဇာတ်ကားလေးတင်သွင်းခဲ့တယ်၊ ရွေးချယ်ခဲ့တယ်။ ဒီပွဲတော်တွေ များများရှိမှ လူငယ်ဒါရိုက်တာတွေ များများပေါ်လာမှာပါ။ ကိုယ်ယုံကြည်တာကို ကိုယ်ဖန်တီးနိုင်စွမ်းရှိတဲ့ ရုပ်ရှင်တွေကိုလွတ်လွတ်လပ်လပ် ပြဖို့ဆိုရင် ဒီလိုပွဲတော်တွေကပဲ ပံ့ပိုးနိုင်လိမ့်မယ်။ ဒီပွဲတော်ကထွက်လာတဲ့ ဇာတ်ကားတွေ နိုင်ငံတကာကိုသွားနိုင်တဲ့ အနေအထားမျိုးတွေ့ရတယ်။ ဒါက နှစ်ဦးနှစ်ဖက် အကျိုးရှိတယ်၊ ဒီပွဲတော်တွေကို များများရှိစေချင်ပါတယ်။ ပွဲတော်တွေမှာပြတဲ့ရုပ်ရှင်တွေ များများကြည့်ပေးပါ။ နိုင်ငံတကာမှာ ရုပ်ရှင်တွေ ဘယ်လိုပြောင်းလဲနေလဲ၊ ရုပ်ရှင်အခင်းအကျင်းတွေ၊ အပြောအဆိုတွေ၊ နောက်ခံတွေ၊ အပြင်အဆင်တွေ၊ တင်ဆက်ပုံတွေ ပြန်ကြည့်လို့ရတယ်။ မြန်မာ့ရုပ်ရှင်ရဲ့ လိုအပ်ချက်တွေနဲ့ နိုင်ငံတကာကရုပ်ရှင်တွေသွားနေတဲ့ ကျော်ဖြတ်ပြောင်းလဲမှုတွေကို ဒီပွဲတော်မှာကြည့်ပြီးသိလို့ရတယ်။

မောင်ဘုန်း(လူငယ်ဒါရိုက်တာ)

ဝသန်ရုပ်ရှင်ပွဲတော် ဖလင်ဒါရိုက်တာပါ။ မနှစ်ကလည်း တစ်ကားတင်ခဲ့ပါတယ်။ ဒီနှစ်က whispers of silence သူငယ်ချင်းဇော်ဘိုဘိုဟိန်းနဲ့ နှစ်ယောက် တွဲတစ်ကား၊ ကျွန်တော်တစ်ယောက်ထဲက void ကားတစ်ကား၊ စုစုပေါင်း နှစ်ကားတင်ခဲ့ပါတယ်။ ရည်ရွယ်ချက်က ပင်မရေစီးကြောင်းကနေ ခွဲထွက်တဲ့သဘောပါ။ အဓိကပေးချင်တဲ့ messages တော့ မရှိပါဘူး။ ကျွန်တော့်စိတ်ထဲကဖြစ်ပေါ်လာတာကို ရိုက်ထားတာပါ။ ဇာတ်ကားတွေထဲကတစ်ကားက သကြ်န်တွင်းရိုက်ထားတာပါ။ ၁၈ မိနစ် ၂၂ စက္ကန့်ပါ။ short film ပါ၊ နောက်တစ်ကား void ကတော့ ၂၈ မိနစ်နဲ့ ၃၉ စက္ကန့်ပါ။ အိမ်နီးနားချင်း ဇာတ်လမ်းလေးပါ၊ သူတို့ နှစ်ယောက်အဖြစ်အပျက်လေးကို ရိုက်ထားပါတယ်။ ဒီပွဲတွေရှိမှ ကျွန်တော်တို့ကားတွေ ပြလို့ရပါတယ်။ ရုံတင်ဖို့လည်း မလွယ်ဘူး။ လွတ်လပ်တဲ့ကားတွေပြပေးတဲ့ရုံဆိုတာ ကျွန်တော်တို့နိုင်ငံမှာမရှိဘူး။ ဒီလိုရုပ်ရှင်ပွဲတော်တွေရှိမှ ပြလို့ရတာပါ။ ဒီလိုပွဲတွေလုပ်ဖို့ အများကြီးလိုတယ်။ ကျွန်တော်တို့ ရုပ်ရှင်ကားတွေကရောင်းလို့ရတဲ့ကားတွေမဟုတ်ဘူး။ ပရိုဂျူဆာကလည်း ကိုယ့်အချင်းချင်းပံ့ပိုးပြီးတော့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ရိုက်ပြီးပြရတာ။ ကျွန်တော် အကျိုးအမြတ်မရှိဘူး၊ ပြန်ရောင်းလို့မရဘူး၊ တခြားရုံတွေ ပြလို့မရဘူး။ ပွဲတော်ရှိတဲ့ တစ်နှစ်တစ်ခါမှာသာ ဒီလိုပွဲတွေမှာပြလို့ရပါတယ်၊ ပြခွင့်ရှိတယ်။ အများကြီး လိုအပ်တယ်။ ဒီလိုပွဲတော်တွေကို လူငယ်တွေ လေ့လာစေချင်တယ်။ ကိုယ်လုပ်ချင်တဲ့ Filmmaker တွေ ရိုက်ကူးဖို့ ဒီလိုပွဲတော်တွေမှာကားတွေ တင်စေချင်တယ်။ ကိုယ့်အတွက်အသိအကျွမ်း အဆက်အသွယ်ရလာမယ်။

ဝသန်ရုပ်ရှင်ပွဲတော်ကိုစက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိဝဇီရာရုပ်ရှင်ရုံနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ Goethe Institute တို့တွင် ပြသသွားမည်ဖြစ်ပြီး မြန်မာလူငယ် Filmmaker များ၏ ပြိုင်ပွဲဝင်ဇာတ်ကား ၁၁ ကားထဲမှ အကောင်းဆုံး ဇာတ်လမ်းရုပ်ရှင်ဆု၊ မှတ်တမ်းရုပ်ရှင်ဆုနှင့် အမြင်သစ်ဆုစသည့် ဆုသုံးဆုကို ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဝသန်ရုပ်ရှင်ပွဲတော်တွင် မြန်မာ့လူမှုဘဝကို ထင်ဟပ်စေသည့် ဇာတ်ကား လေးကား၊နိုင်ငံတကာမှ ဇာတ်လမ်းရှည်ရုပ်ရှင်ကား၊ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်စသည့် အရှေ့တောင်အာရှ ရှစ်နိုင်ငံမှ လူငယ် Filmmaker များ၏ လက်ရာ ဇာတ်လမ်းတို ရုပ်ရှင်ကားများပြသမည့်အပြင် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ကိုရဲ

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

ကျောက်ဆည်မြို့တွင် ဓားထိုးမှုဖြစ်ပွားရာမှ ကျောင်းသားတစ်ဦးသေဆုံး၊ ပြစ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ကျောက်ဆည် ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲခန့်က ပြည်လုံးနိုင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် လူငယ်များ ခိုက်ရန်ဖြစ်ပွားရာမှ ဓားထိုးမှုဖြစ်ပွားပြီး တတိယနှစ်(စက်မှု) နည်းပညာတက္ကသိုလ် ကျောက်ဆည်မှကျောင်းသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အေးမြကြည်လင်ရပ်ကွက် 'ဇူ' အဆောင်တွင်နေသော သန့်ဇင်မင်း တတိယနှစ်(စက်မှု)နည်းပညာတက္ကသိုလ်သည် ဆိုင်ကယ်စီးပြီး သူငယ်ချင်းဖြစ်သူ အေးမြကြည်လင်ရပ်ကွက် 'အန်တီလပ်' အဆောင်နေ နေမင်းထက် တတိယနှစ်(MP)နှင့်အတူ ပြည်လုံးနိုင်ရပ်ကွက်ရှိ စားသောက်ဆိုင်သို့သွားရာ ညောင်ခြောက်ပင်ရပ်ကွက် 'မေသောင်း' အဆောင်ရှေ့အရောက်တွင် လူသုံးဦးစီးနင်းလာသည့် ဆိုင်ကယ်နှင့် တိုက်မိမလိုဖြစ်ပွားခဲ့ပြီး စကားများရာမှ နေမင်းထက်မှာ ဓားထိုးခံရသဖြင့် ကျောက်ဆည် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဆေးရုံတွင် သေဆုံးသွားသည်။

မြို့မရဲစခန်းမှ အခင်းဖြစ်ပွားရာ CCTV ကင်မရာမှ တရားခံများအား ခြေရာခံလိုက်ရာ တစ်နာရီအတွင်း အေးမြကြည်လင်ရပ်ကွက်တွင် အလီဘိုင်(ခ)မင်းခန့်ကျော်၊ အောင်သူဟိန်းနှင့် မင်းချစ်အောင်တို့အား ဖော်ထုတ်ဖမ်းဆီးရမိပြီး ၎င်းတို့အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နမ္မတီး၌ ကွင်းဆက်ဖော်ထုတ်မှုအရ ဆိုင်ကယ် ၁၄ စီးခိုးမှု ထပ်မံပေါ်ပေါက်

နမ္မတီး ဩဂုတ် ၃၁

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ ဩဂုတ် ၃၀ ရက် ညနေ ၆ နာရီက ဆိုင်ကယ်ခိုးယူမှု ကွင်းဆက်ဖော်ထုတ်မှုအရ ဆိုင်ကယ် ၁၄ စီးခိုးယူမှု ထပ်မံပေါ်ပေါက်ခဲ့ကြောင်း နမ္မတီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွန်းအောင်ထံမှ သိရသည်။

ဖြစ်စဉ်မှာ နမ္မတီးမြို့တွင် ဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးနေခြင်းကြောင့် နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွန်းအောင်၏ စီစဉ်ညွှန်ကြားမှုဖြင့် စုံစမ်းဖော်ထုတ်လျက်ရှိရာ နမ္မတီးနယ်မြေရဲစခန်း၌ ဆိုင်ကယ်ခိုးမှုဖြင့် ထိန်းသိမ်းထားသည့် ဂျမောင်မောင်၊ မြတ်အောင်တို့၏ ကွင်းဆက်ဖော်ထုတ်မှုအရ ဩဂုတ် ၃၀ ရက်က အဆိုပါဆိုင်ကယ်များ ရောင်းချထားသည့်နေရာများ၌ လိုက်လံသိမ်းဆည်းခဲ့ရာ စုစုပေါင်း ဆိုင်ကယ် ၁၄ စီးအား ထပ်မံဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မူးယစ်ကိုပစ် ပန်းတိုင်သစ်

ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၆၅ စီး၊ သွင်းကုန် ၇၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၉၇၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၀၅၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄ ဒသမ ၀၂၈ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Nissan Diesel ၁၂ ဘီးယာဉ်တစ်စီးနှင့် Mitsubishi Fuso ၁၂ ဘီးယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ကွမ်းစားဆေးများ (50g x 10 x 30) (50 Pkgs)၊ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Brand New Forklift 'KION BAOLI' C/O China(1 Unit)နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စားသောက်ဆိုင်အတွင်း စကားများပြီး သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်

သထုံ ဩဂုတ် ၃၁

သထုံမြို့ သိမ်ကုန်းရပ်ကွက် ဝါးတောလမ်းရှိ စားသောက်ဆိုင်အတွင်း အရက်သောက်ရာမှ စကားများပြီး သေနတ်ပစ်ခတ်မှု ဩဂုတ် ၃၀ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောင်မျိုးသူပါ ငါးဦးသည် စားသောက်ဆိုင်မှပြန်ရန်ထွက်ခွာစဉ် တရုတ်(ခ)အောင်သူရိန် ရောက်ရှိလာပြီး စကားများကြရာမှ တရုတ်(ခ)အောင်သူရိန်က ၎င်းတွင် အသင့်ပါလာသော သေနတ်ဖြင့် (အမျိုးအစားစိစစ်ဆဲ) မိုးပေါ်တစ်ချက်ထောင်ပစ်ပြီးနောက် အောင်မျိုးသူအား ပစ်ခတ်ရာ လည်ပင်းအလယ် ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက် ထိမှန်ခဲ့ပြီး တရုတ်(ခ)အောင်သူရိန်မှာ ၎င်းစီးနင်းလာသည့် ယာဉ်ဖြင့် ထွက်ပြေးသွားခဲ့ပြီး ဒဏ်ရာရရှိသူ အောင်မျိုးသူမှာ သထုံခရိုင်ဆေးရုံကြီးသို့ (အတွင်းလူနာ-စိုးရိမ်ရ)ဖြင့် တက်ရောက်ကုသလျက်ရှိသည်။

ဖြစ်စဉ်ဖြစ်ချင်း သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးနှင့် တာဝန်ရှိသူများ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးခဲ့ပြီး သထုံမြို့ မင်းလမ်းရပ် သိမ်ကုန်းရပ်ကွက်ရှိ တရုတ်(ခေါ်)အောင်သူရိန်၏ နေအိမ်သို့ သွားရောက်ဖမ်းဆီးရာ ၎င်းပစ်ခတ်ခဲ့သည့် ကျည်ခွံနှစ်ခုနှင့် မောင်းနှင်ထွက်ပြေးသွားသော ယာဉ်နှင့်သော့အား သိမ်းဆည်းရမိခဲ့၍ ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သထုံမြို့မရဲစခန်းက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လှိုင်ထွန်းအောင်

မူဆယ်မြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၇၂၉၀ တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၁

ရှမ်းပြည်နယ်မြောက်ပိုင်း မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် နမ့်ပေါ်တံတားအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မောင်းနှင်လာသည့် Nissan ၁၂ ဘီးယာဉ် သုံးစီးနှင့် မူဆယ်မြို့နယ် မော်တောင်းကျေးရွာ၏ အနောက်ဘက်ရှိ ကားဝင်းအတွင်း မော်တော်ယာဉ်သုံးစီးပေါ်မှ ငွေကျပ်သိန်းပေါင်း ၇၂၉၀ တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် ည ၁၁ နာရီခွဲက မူဆယ်မြို့နယ် နမ့်ပေါ်တံတားအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရဲမင်း(ခ)ရဲမင်းနိုင်၊ ဝေဖြိုးကျော်နှင့် သီဟတို့ မောင်းနှင်လာသည့် Nissan ၁၂ ဘီးယာဉ် သုံးစီးအား ရှာဖွေရာ ယာဉ်မောင်း ရဲမင်း(ခ)ရဲမင်းနိုင်နှင့် ယာဉ်နောက်လိုက် စိုင်းမြင့်ဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ပေါ်ရှိ သံပီပါအလုံး ၅၀ အတွင်းမှ အီသိုင်းအီသာ ၁၀၀၀၀ လီတာနှင့် ဆာလာအိတ်များအတွင်းမှ ကဖင်း ၁၄၀၀ ကီလိုတို့ကိုလည်းကောင်း၊ ယာဉ်မောင်း ဝေဖြိုးကျော်နှင့် ယာဉ်နောက်လိုက် သန်းဝင်းထွန်းတို့လိုက်ပါလာသည့် မော်တော်ယာဉ်ပေါ်ရှိ သံပီပါ ၅၅ လုံးအတွင်းမှ အီသိုင်းအီသာ ၁၁၀၀၀ လီတာ၊ ပလတ်စတစ်ပီပါ ငါးလုံးအတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၀၀၀ လီတာနှင့် ဆာလာအိတ် ၃၅ အိတ်အတွင်းမှ ကဖင်း ၇၀၀ ကီလို တို့ကိုလည်းကောင်း၊ ယာဉ်မောင်းသီဟနှင့် ယာဉ်နောက်လိုက် အောင်သိုက်တို့လိုက်ပါလာသည့် မော်တော်ယာဉ်ပေါ်ရှိ သံပီပါ အလုံး၂၀ အတွင်းမှ အီသိုင်းအီသာ ၄၀၀၀ လီတာ၊ ပလတ်စတစ်ပီပါ ၄၅ လုံးအတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ၉၀၀၀ လီတာ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သတင်းအရ ယမန်နေ့ ညနေ ၃ နာရီက မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ဖူလီလိုက်လမ်းကြားရှိ နိုင်ဇော်ဦး၏ နေအိမ်ကို ရှာဖွေရာ နိုင်ဇော်ဦးအား နေအိမ်တွင် မတွေ့ရှိရဘဲ ISUZU BIGHORN ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများကို သယ်ဆောင်ရာ၌ ရှေ့ပြေးဆောင်ရွက်သည့် အောင်ကိုလင်းနှင့် နန်းဝင်းတို့အား ဖမ်းဆီးရမိခဲ့သည်။ သတင်းကွင်းဆက်အရ ယမန်နေ့ ညနေပိုင်းတွင် မူဆယ်မြို့နယ် မော်တောင်းကျေးရွာ၏ အနောက်ဘက်ရှိ ကားဝင်းအတွင်း၌ မော်တော်ယာဉ်သုံးစီးကို တွေ့ရှိရပြီး ယာဉ်မောင်းအကူ ကျော်စွာဝင်း၏ Nissan UD အမျိုးအစား ၁၂ ဘီးယာဉ်ပေါ်ရှိ ပလတ်စတစ်ပီပါ ၅၅ လုံးအတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၁၀၀၀ လီတာကို လည်းကောင်း၊ ယာဉ်နောက်လိုက် အိုက်ခေး၏ Nissan UD ၁၂ ဘီးယာဉ်ပေါ်ရှိ ပလတ်စတစ်ပီပါအလုံး ၂၀ အတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ၄၀၀၀ လီတာ၊ ပလတ်စတစ်ပီပါ ၃၅ လုံးအတွင်းမှ အက်စီတုံး ၇၀၀၀ လီတာနှင့် ယာဉ်နောက်လိုက် ရန်နိုင်ဝင်း၏ အလားတူ Nissan UD ၁၂ ဘီးယာဉ်ပေါ်ရှိ ပလတ်စတစ်ပီပါ ငါးလုံးအတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၀၀၀ လီတာ၊ ပလတ်စတစ်ပီပါ အလုံး ၅၀ အတွင်းမှ အက်စီတုံး ၁၀၀၀၀ လီတာတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ရဲမင်း(ခ)ရဲမင်းနိုင်၊ စိုင်းမြင့်ဦး၊ ဝေဖြိုးကျော်၊ သီဟ၊ သန်းဝင်းထွန်း၊ အောင်သိုက်၊ နန်းဝင်း၊ အောင်ကိုလင်း၊ ကျော်စွာဝင်း၊ အိုက်ခေး၊ ရန်နိုင်ဝင်းနှင့် နိုင်ဇော်ဦး (ဖမ်းမမိ)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၁-၉-၂၀၁၈(စနေနေ့)

နံနက်ပိုင်း

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	Breakfast News
၇း၁၅	Weekly Sport Info
၈း၁၅	"နိုင်ငံရေးပါတီများရွေးကောက်ပွဲနှင့်ဥပဒေ"
၉း၂၅	News Watch TV
၉း၄၀	မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
၁၀း၃၀	လုံမမှတ်စု (၅၁)
၁၀း၄၅	ကဗျာရိပ်မြုံ"စည်းကမ်းရှိဖို့လို"
၁၁း၀၀	NHK အစီအစဉ် (အားနှင့်ပုံသဏ္ဍာန်ပြောင်းလဲမှုများ)
၁၁း၀၅	ပန်းပျိုးခင်း (အပိုင်း-၄၇)
၁၁း၂၅	ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး"လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း-၁၁)
၁၁း၃၅	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၀	ပြည်သူ့နီတိ"ထမင်းဝိုင်း" (ဇာတ်သိမ်း) (နွဲ့နွဲ့စန်း၊ ဝင်းမြိုင်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ့်ကြာဖြူ)(ဒါရိုက်တာမိုးဇော်ကို)
၁၃း၁၀	"တိုင်းရင်းသားတို့လူမှုဝန်းကျင် မျိုးစုံလင်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)" (ကချင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေးများ)
၁၃း၄၀	"အဖြူရောင်ရေခွက်ကလေးရဲ့ဒိုင်ယာရီ"(မင်းသူ၊ ထူးခန့်ကျော်၊ ခင်ဖြူဖြူသန့်၊ သီရိဖြူစင်) (ဒါရိုက်တာ-စေတနာမောင်)

ညပိုင်း

၁၆း၁၅	"သီးနှံသစ်တောရောနှောစိုက်ပျိုး တိုင်းပြည်ဝင်ငွေတိုး"
၁၇း၁၀	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇း၂၅	NHK အစီအစဉ် (အားနှင့်အရာဝတ္ထုများ၏မူလဒြပ်)
၁၈း၂၀	ဇာတ်လမ်းအတိုအထွာပြိုးစရာ "ရပ်ကွက်လူမိုက်"(ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ ဟိန်းမင်း၊ မျိုးအောင်၊ ကိုကိုနိုင်၊ ဆန်းဝင်း၊ သဲဆုဇော်) (ဒါရိုက်တာ - ဆလိုင်းမျိုးဝင်းအောင်)
၁၈း၃၅	Tasty Trip
၁၉း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ"ချစ်ကြွေးမပြေ" (အပိုင်း-၁၈)
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅	"လပတ်မိုးလေဝသအခြေအနေ" -"ပုဂံနှင့်ယဉ်ကျေးမှု ယဉ်ကျေးမှုနှင့်မြန်မာ့အစားအစာ" - Britain's Got Talent(18) - နိုင်ငံခြားဇာတ်လမ်းတွဲ"အကယ်၍သာ" (အပိုင်း-၁၆) -ဂီတသမားဂီတစကား"ခေါင်းစဉ်တူအကြောင်းအရာတူတေးသီချင်း (၂)ပုဒ်"(ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
	- အစီအစဉ်ပြီး၏။

ဆရာဝန်တင်ရွှေ၏ စာပေကျေးဇူး

တက္ကသိုလ်တင်ခ

ဤတွင် ရှေးဦးစွာ ‘ဆု’ ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို လေ့လာရမည် ဖြစ်သည်။ မြန်မာအဘိဓာန် အကျဉ်းချုပ် (အတွဲ-၂၊ စာ-၇) တွင် ဆုဟူသော ဝေါဟာရကို အနက်သုံးချက်ပြထားရာ ယင်းတို့မှာ- (၁)တောင့်တလိုလားချက် (စန္ဒာဒေဝီမိဖုရား သားဆုကို အလိုရှိ၍ သစ္စာပြုကြောင်း၊ တေမိဇာတ်) (၂) လုပ်ဆောင် ကြိုးပမ်းမှုတစ်ရပ်အတွက် ဂုဏ်ပြုသည့်အနေဖြင့် နှင်းအပ်သော အရာ (အားကစားဆု၊ စာပေဆု) (၃) မဲပေါက်၍ ရသည့်ငွေ (ထီဆုစသည်)ဟူ၍ ဖြစ်ပေသည်။

အထက်ဖော်ပြပါ အဓိပ္ပာယ်များအနက် ဒုတိယ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် စာပေဆုနှင့် သက်ဆိုင်ပေသည်။ စာပေပညာရှင်တို့၏ လုပ်ဆောင်ကြိုးပမ်းမှုကို အသိအမှတ်ပြု ဂုဏ်ပြု၍ ချီးမြှင့်သည့် သဘောပင်ဖြစ်သည်။ ဤတွင်ပဓာနကျသည်မှာ ‘ချီးမြှင့်မှု’ ၏ တန်ဖိုးမဟုတ်။ ‘ချီးမြှင့်ခြင်း’ ဟူသော ဂုဏ်ကသာ အရေးပါပေသည်။ ခေါမခေတ်က အိုလံပစ်ပွဲတော်တွင် ဗိုလ်စွဲသူတို့အား ‘သံလွင်ခက်’ ခွေကာ ခေါင်းပေါ်တင်ပေးလိုက်ခြင်းဖြင့် ဂုဏ်ပြုခြင်းအင်္ဂါမြောက်လေတော့သည်။

ဒုတိယ ကျော်အောင်စံထားဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်း (စာ-၃၂၁)တွင်ကား “ဆလိမ်သက်သက်၊ ဆုလာဘ်ဟူသော ဝေါဟာရမျှသာထင်၏။ ထိုဝေါဟာရကားထိုက်သောဂုဏ်နှင့် လျော်စွာရသည်ကို ဆိုမိန့်ခြင်းတည်း။ ဤနှင့်လျော်စွာ ဘုရားဆု၊ ပစ္စေကဗုဒ္ဓါဆု၊ သာဝကဆု၊ အရှင်စိုးမင်းပေးသောဆု၊ သားဆုစသည်ဖြင့် ရအပ်သော ဝတ္ထုအလျောက် ဆိုမိန့်ဟန် ထင်သာပြီ” ဟု ဖွင့်ဆိုထားပါသည်။

အခြားနိုင်ငံတကာမှာကဲ့သို့ပင် မြန်မာစာပေသမိုင်းတွင်လည်း စာပေကို နှစ်သက်၍ ဖြစ်စေ၊ စာရေးဆရာ၏ ဂုဏ်ကိုချီးမြှင့်လို၍ဖြစ်စေ၊ စာပေတိုးတက်ရေးကို ရည်ရွယ်၍ဖြစ်စေ ဆုချီးမြှင့်သော အစဉ်အလာရှိခဲ့ပေသည်။

ရှေးခေတ်မြန်မာမင်းများ လက်ထက်တွင် စာပေဆုချီးမြှင့်မှုနှင့်ပတ်သက်၍ သီးသန့်မူ ချထားခြင်းမရှိ သော်လည်း ဘုရင်၊ မိဖုရား၊ အခြား အာဏာရှိ ပုဂ္ဂိုလ်တစ်ဦးဦး၏ နှစ်သက်မှုကို လိုက်၍ ငွေကြေးနှင့် အခြားပစ္စည်းစသည်တို့ကို ဆုအဖြစ် ချီးမြှင့်လေ့ရှိသကဲ့သို့ ကျရောက်နေသော ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပေးသည့်ဆုမျိုးလည်း ရှိခဲ့ပေသည်။

အမြင့်မင်း၏ အကြီးတော် လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံသည် လူပျိုတော်သား မောင်အောင်တင် ကိစ္စနှင့် စပ်လျဉ်း၍ မဲဇာသို့ပို့ခြင်းတည်းဟူသော ပြစ်ဒဏ်ကိုခံရသည်။ မဲဇာသို့ရောက်သော် ဦးမြတ်စံသည် “မဲဇာတောင်ခြေ” အစချီရတုပိုဒ်စုံ သုံးပုဒ်တို့ကို ရေးဖွဲ့၍ ရွှေမြို့တော်နေ ဇနီးမရွှေထံပို့လိုက်သည်။ မရွှေကလည်း မယ်တော်ဘုရားလက်တော်အရောက် ဆက်သခဲ့ရာ သားတော် ဆင်ဖြူရှင်မင်းတရားက မယ်တော်ဘုရား၏ မိန့်တော်မူချက်အရပင် ဦးမြတ်စံအား မဲဇာသစ်တောမှ ရတနာသိယ်ရွှေမြို့တော်သို့ ပြန်ခေါ်တော်မူသည်။ ဤကား မဲဇာတည်းဟူသော တစ်ကျွန်းမှ လွတ်မြောက်ခဲ့ရသည့် ‘စာပေဆု’ သာဓက တစ်ရပ်ပင်တည်း။

ကင်းလွတ်ခဲ့ရ

မြဝတီမင်းကြီးဦးစသည် သာယာဝတီမင်းလက်ထက်က နန်းမတော်မယ်နုတို့မောင်နှမ အရေးအခင်းတွင် ရောနှောပါဝင်ကာ ထောင်သွင်းအကျဉ်းချထားခြင်းခံခဲ့ရသည်။ သို့သော် နောက်ပိုင်းတွင် ‘ကုန်းဘောင် နေမင်း၊ ဘုန်းရောင်ဝေရှင်း၊ တောင်ဒီပါ ထိန်လင်း၊ အို . . . ရာမင်းရှိစုံကြာ’ အစချီ ဘုန်းတော်ဘွဲ့သီချင်းတစ်ပုဒ်တည်းဖြင့်ပင် ထောင်သွင်း အကျဉ်းချထားခြင်း ဘေးဒုက္ခမှ ကင်းလွတ်ခဲ့ရပေသည်။ ဤကား စာပေဆုအဖြစ် ထောင်မှလွတ်သည့် သာဓကတစ်ရပ်ပင်တည်း။

ဝေါကြီးမှူး ဦးခြုံမှာမူ ‘ဂနိုင်အစဆီက’ အစချီ လွမ်းချင်းတစ်ပုဒ်ကို ရုတ်ခြည်း ရွှေကြက်ယက် ဘုရားဖူးထွက်လာသော သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်တို့ကို ဆက်သရာ အထူးနှစ်သက်တော်မူသောကြောင့် ဆုတော်ငွေတစ်ထောင် ပေးသနားတော်မူသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဆရာမောင်သုတက သူ၏ စာဆိုတော် အတ္ထုပ္ပတ္တိတွင် ထိုလွမ်းချင်းမှာ စံနမူနာထားလောက်သည်ဖြစ်၍ ယခုတိုင် စံတေးဟု ကျော်စောထင်ရှားလျက်ရှိသည်ဟု ရေးသားဖော်ပြခဲ့သည်။

ကိုလိုနီခေတ်သို့ ရောက်သောအခါတွင်ကား စာမူချ၍ စနစ်တကျချီးမြှင့်လာသည်။ အစိုးရက ဦးဆောင်မဟုတ်၊ လူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဝင်စားမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းပေတည်း။ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် အဦးဆုံး ပေးသောဆုမှာ (Jardine Prize) ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ မင်းကြီးဆာဂျွန်ဂျာဒင်း (Sir John Jardine) က မြန်မာပြည်တွင် ဟိန္ဒူဓမ္မသတ်တို့ကို ပထမဦးစွာ လာသည့်အချိန်မှစကာ ပဲခူးမြို့ကို ဗြိတိသျှတို့ သိမ်းပိုက်ချိန်အထိ မြန်မာဓမ္မသတ် ဖြစ်ပေါ်လာပုံကို စာတမ်းတစ်စောင် ရေးသားပြုစုနိုင်သူအား ဆုငွေ ၁၀၀၀ ပေးမည့်အကြောင်း ကြေညာသည်။

ထိုအခါ ရန်ကုန်အစိုးရ အထက်တန်းကျောင်း (ရန်ကုန်) ကောလိပ်မှ ပါဠိပါမောက္ခ ဒေါက်တာ အီးဖိုးချမ်းမား (Dr. EForchammer) က ၁၈၈၄ ခုနှစ်တွင် စာတမ်းတင်သွင်းရာ ဆုငွေ ၁၀၀၀ ပေးပြီး ၁၈၈၅ ခုနှစ်တွင် အစိုးရပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ စာမျက်နှာ ၁၁၁ ခန့်ရှိ ယင်းစာတမ်းကို ဂျာဒင်းဆုရစာတမ်း (Jardine Prize Essay) ဟု ခေါ်တွင်ခဲ့ပေသည်။

၁၉၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်ရောက်ရှိလာသော ဝေလမင်းသားအား အကြောင်းပြုကာ ဝေလမင်းသားဆု (Prince of Wales Prize) ဟု စာပေဆု တစ်ဆုပေါ်ပေါက်ခဲ့သည်။ စာမူကို ရန်ကုန် တက္ကသိုလ် ပညာရေးအဖွဲ့ (Senate) ကရွေးချယ်ကာ ဆုတော်ငွေမှာ တစ်ထောင်ဖြစ်သည်။ ၁၉၂၁-၂၂ ခုနှစ်တွင် ပထမဆုံးသော ဝေလမင်းသားဆုကိုရသူမှာ ယူနီဗာစီတီကောလိပ်မှ မြန်မာစာနည်းပြ ဆရာပွားဖြစ်၍ စာမူအမည်မှာ ဝေလမင်းသားနားတော်သွင်း ချေင်းဖြစ်သည်။ ၁၉၂၂-၂၄ ခုနှစ်အတွင်းမှာမူ ဆုချီးမြှင့်ခြင်း မရှိခဲ့ပေ။

ယင်းနောက်ပိုင်းတွင်ကား ဝေလမင်းသားနှင့်မဆိုင်ဘဲ အခြားအကြောင်းအရင်းများနှင့် ပတ်သက်သည့် စာပေဆုတို့ကို ချီးမြှင့်ခဲ့သည်။ ဦးနီ (ဘီအေ) မြန်မာပြန်သည့် “မြို့ဘက် စီမံအုပ်ချုပ်ရေး” စာမူသည် ၁၉၂၄ ခုနှစ်တွင်လည်းကောင်း၊ ဦးဖေ (မန္တလေး)၏ “ဝရုဏပျို့” သည် ၁၉၂၅ ခုနှစ်တွင်လည်းကောင်း ဝေလမင်းသားဆုရခဲ့သည်။ စပ်မိ၍ဆိုရသော် အဂ္ဂမဟာပဏ္ဍိတ ဦးမြို့၏ ပိဋကတ်သုံးပုံ မြန်မာပြန်များသည် ၁၉၂၈ ခုနှစ်တွင် ဝေလမင်းသား ဆုရရှိခဲ့သည်။ ထို့နောက်တွင်ကား မောင်ဘသောင်း (သခင်ဘသောင်း) မြန်မာပြန်သည့် “ကမ္ဘာ့ရာဇဝင်ချုပ်” သည် ၁၉၂၉ ခုနှစ်တွင်လည်းကောင်း၊ အရှင်အာဒိစ္စဝံသ မြန်မာပြန်သော “အာသောကကျောက်စာ” များသည် ၁၉၃၁ ခုနှစ်တွင်လည်းကောင်း ဝေလမင်းသားဆုကိုရရှိခဲ့ကြသည်။

ထို့နောက်တွင်ကား မြန်မာနိုင်ငံ သုတေသနအသင်းဆု၊ မြန်မာနိုင်ငံပညာ ပြန့်ပွားရေးအသင်းဆု၊ ဂန္ထဝင်လောကဆုစသည်ဖြင့် အသင်းအဖွဲ့နှင့် စာပေတိုက်တို့မှ ချီးမြှင့်သောဆုများ ပေါ်ထွက်လာသည်။ ၁၉၂၄ ခုနှစ်တွင် သစ္စာဝါဒီသတင်းစာတိုက်မှ ဆုတစ်ဆုပေးရန် ကြေညာသည်။ ယင်းဆုမှာ ဟင်နရီဝေါ့တန် (Henry Wotten) ၏ ပျော်ရွှင်သော ဘဝ၏ခြင်းရာလက္ခဏာ (The Character of Happy Life) ကဗျာကို ဘာသာပြန်ရန်ဖြစ်သည်။ ဆုငွေမှာ ရွှေဒင်္ဂါး ငါးပြားဖြစ်၍ ဟိုက်ကုတ် လွှတ်တော် တရားဝန်ကြီး ဂျေအေမောင်ကြီးက ချီးမြှင့်သည်။ ဆုရဘာသာပြန်ကဗျာမှာ ရန်ကုန်မြို့ မြို့မ အထက်တန်းကျောင်း (၁၁)ဆင့်မှ မောင်သိန်းဟန်ဖြစ်သည်။ ထိုဆုရကျောင်းသားကား နောင်တစ်ချိန်တွင် “ဇော်ဂျီ” အမည်ဖြင့် မြန်မာကဗျာလောကတွင် ထင်ရှားကျော်ကြားလာမည့်ပုဂ္ဂိုလ် ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်အတွင်းကလည်း မြန်မာနိုင်ငံ စာရေးဆရာများအသင်းဆုနှင့် ဂရိတ်တားအေးရှားဆုဟူ၍ ပေးခဲ့ဖူးသည်။ မင်းဆွေ၏ “ခား” ဝတ္ထုသည် ထိုစဉ်က စာရေးဆရာအသင်းဆုရရှိခဲ့သော စာအုပ်ဖြစ်သည်။

မူသစ်ဖြင့်ချီးမြှင့်

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံ ဘာသာပြန်အသင်းက ချီးမြှင့်သော စာပေဗိမာန်ဆုသည် ထင်ရှားသောဆုဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ပထမဆုံးအကြိမ်ချီးမြှင့်သော ယင်းဆုကို စာရေးဆရာမင်းအောင်က “မိုးအောက်မြေပြင်” ဝတ္ထုဖြင့် ရရှိခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ တက်လာသောအခါ စာပေဗိမာန်သည် အစိုးရက ချီးမြှင့်သောဆုအသွင်ပြောင်းလဲသည်။ ထို့ကြောင့် အနုပညာစာပေဆုဟုအမည်ပြောင်းပြီး မူသစ်ဖြင့်ချီးမြှင့်ခဲ့သည်။

ယင်းအနုပညာ စာပေဆုသည် တစ်မျိုးသားလုံးကို ကိုယ်စားပြု၍ အစိုးရက ချီးမြှင့်သောဆုဖြစ်သောကြောင့် ၁၉၆၅ ခုနှစ်တွင် “အမျိုးသားစာပေဆု” ဟု အမည်ပြောင်းခဲ့သည်။ ယင်းဆုကိုပင် ၁၉၆၉ ခုနှစ်မှစ၍ ပုံစံသစ်ဖြင့် ချီးမြှင့်ခဲ့ရာ အမျိုးသားစာပေဆု (ပုံစံသစ်) အဖြစ် ခေါ်စမှတ်ပြုကြသည်။ ၁၉၆၉ ခုနှစ်တွင် စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့က စာမူပြိုင်ပွဲပြုလုပ်၍ စာပေဗိမာန်ဆုကို ပေးခဲ့သည်။

> စာပေဖန်တီးသူနှင့် စာပေရသကို ခံစားသုံးဆောင်သူတို့ကလည်း ထိုစာပေကြောင့် စာပေဥယျာဉ်တွင် စာကောင်းပေကောင်းတည်း ဟူသော ပန်းအလှတို့ ဖူးပွင့်နိုင် . . .

ထိုစာပေဆုတို့နှင့်အတူ ရှုမဝမဂ္ဂဇင်းတိုက်မှ ချီးမြှင့်သော ရှုမဝတစ်ထောင်ဆု၊ ဘားမား စတား ဂျာနယ်တိုက်မှ ချီးမြှင့်သော ချိုတေးသံဆုတို့လည်း ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော ယူနက်စကို (UNESCO) ကချီးမြှင့်သော ယူနက်စကိုဆုလည်း ရှိခဲ့သည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားများဖြစ်ကြသော မွန်၊ ကရင်နှင့် ရှမ်းအမျိုးသားတို့ကလည်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတို့ မတိမ်ကောရေးအတွက် စာပေပြိုင်ပွဲများ ပြုလုပ်ကာ စာပေဆုများ ချီးမြှင့်ခဲ့ပေသည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်ထား၍ ပခုက္ကူမြို့မှ ဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက သူ၏ ကိုယ်ပိုင်ငွေ ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို ၁၉၉၃ ခုနှစ်က နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရာမှ ပခုက္ကူ ဦးအုံးဖေ စာပေဆုဟု ပေါ်ထွန်းလာသည်။ ယင်းဆုနှင့်အတူ တစ်သက်တာ စာပေဆုကိုလည်း ချီးမြှင့်ခဲ့ရာ တစ်မူထူးခြားခဲ့သည်ဟု ဆိုနိုင်ပေသည်။

ယခင်ကစာပေဆုများသည် စာအုပ်ကို ချီးမြှင့်သည့် စာပေဆုများဖြစ်ပြီး စာရေးဆရာကို ချီးမြှင့်သည့်သဘောမဟုတ်ပေ။ ပခုက္ကူ ဦးအုံးဖေ၏ တစ်သက်တာ စာပေဆုမှာကား စာရေးဆရာကို ဦးတည်ရည်ရွယ်၍ ပေးသောဆု ဖြစ်သည်။ မူလက တစ်နှစ်လျှင်တစ်ဦးသာ ပေးရန်ရည်ရွယ်သော်လည်း ၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် ပထမအကြိမ် ဆုနှင်းသဘင်တွင် ယင်းတစ်သက်တာ စာပေဆုနှင့်ထိုက်တန်သောသူမှာ ဆရာကြီး နှစ်ဦးဖြစ်နေသောကြောင့် နှစ်ဦးစလုံးကိုပင် ချီးမြှင့်ခဲ့ပေသည်။ ထိုဆရာကြီး နှစ်ဦးမှာ ဦးထင်ဖတ် (မောင်ထင်) နှင့် ဦးတင်မြင့် (သခ်ါ) တို့ ဖြစ်ပေသည်။

၂၀၀၄ ခုနှစ်မှပင်စတင်ကာ ဒေါက်တာ တင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုး၊ သုတစွယ်စုံ စာအုပ်တိုက်မှသည် သုတစွယ်စုံ တစ်သက်တာဆုနှင့် စာပေဆုများကို စဉ်ဆက်မပြတ် အမှတ်တရစာပေဆုများ ချီးမြှင့်ပေးလျက်ရှိနေပေသည်။

စီမံဆောင်ရွက်

ထို့အတူ ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ဖြည့်ဆည်းရန်အတွက် ပြည်သူတို့၏ စားဝတ်နေရေးဖူလုံမှုအပြင် အသိပညာ ပြန့်ပွားရေး၊ ကျန်းမာသန်စွမ်းရေးတို့ကို မူလကပင် ရည်ရွယ်ချက်ရှိပြီးဖြစ်သဖြင့် စာပေနည်းဖြင့် အသိပညာ ကြွယ်ဝရေး၊ ဘဝအမြင် ထက်သန်ရေးတို့ကို တစ်နည်းတစ်လမ်းအားပေးရန် ထွန်းဖောင်ဒေးရှင်းစာပေဆုဟူ၍ သီးခြားအစီအစဉ်တစ်ရပ်ကို စတင်ချမှတ် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှပင် စတင်လျက် စာပေဆုများ ပေးအပ်ရန် တစ်နှစ်အတွင်း ထုတ်ဝေပြီး စာအုပ်များထဲမှလည်းကောင်း၊ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်သော စာအုပ်၊ စာမူများထဲမှလည်းကောင်း၊ ပညာရှင်များပါဝင်သောအဖွဲ့နှင့် ရွေးချယ်ချီးမြှင့်ရန် စီမံဆောင်ရွက်လျက်ရှိနေပေသည်။

စာပေဆုတို့မည်သည် လူ့အဖွဲ့အစည်းကို အသိဉာဏ်ဖြစ်စေရန်၊ ဦးဆောင်မှုပေးရန် ရည်ရွယ်ချက်ရှိသည်ဖြစ်၍ လူမှုရေးဒါနတစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် ဆုပေးသူတို့အဖို့ အတ္တဟိတ အကျိုးစီးပွားဖြစ်ထွန်းနိုင်သကဲ့သို့ ဆုရသူတို့မှာလည်း ပရဟိတအကျိုးကို ခံစားရပေသည်။

ဂျာဒင်းဆု၊ သာဒိုးအောင်ဆု၊ ငွေတာရီဆု၊ ပခုက္ကူ ဦးအုံးဖေဆု၊ ဆရာဝန်တင်ရွှေဆု စသည်ဖြင့် အလှူရှင်ပုဂ္ဂိုလ်၏ အမည်ဖြင့် ယှဉ်တွဲဖော်ပြခြင်းခံရသည့်အတွက် အလှူရှင်၏ ဂုဏ်သတင်းလည်း ကျော်စောခြင်းသို့ ရောက်ပေသည်။ ထိုဆုရှိသမျှကာလပတ်လုံး ထိုဆု၏ အလှူရှင်သည်ကား “စာပေတန်ဆောင်၊ မီးရှူးရောင်ဖြင့် လူ့ဘောင်လောကတွင် အလှဆင်ပေးသူဟု ပရိသတ်အပေါင်းက သောင်းသောင်းဖြဖြ ဂုဏ်ပြုသိရှိကြပေသည်။ ထို့အပြင် စာပေဖန်တီးသူနှင့် စာပေရသကို ခံစားသုံးဆောင်သူတို့ကလည်း ထိုစာပေကြောင့် စာပေဥယျာဉ်တွင် စာကောင်းပေကောင်းတည်းဟူသော ပန်းအလှတို့ ဖူးပွင့်နိုင်ကြပေသည်ဟု နှလုံးသွင်း၍ ချီးမွမ်းထောမနာ ပြုကြပေသည်။ သွယ်ဝိုက်သောနည်းအားဖြင့် စာပေဆုဟူသည် စိတ်ကောင်းနှလုံးကောင်း ဖွံ့ဖြိုးစေမည့် စာပေပေါ်ထွန်းရေးကို အလေးပေးဦးတည်ချက်ထားသည်ဖြစ်သောကြောင့် လောကုတ္တရာအကျိုးတရား ပွားစီးခြင်းလည်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ပရဟိတဆုရသူတို့ ခံစားရသည့် အကျိုးကား ယေဘုယျအားဖြင့် စာပေသမားဟူသည် စီးပွားရေးကိစ္စကို စိတ်မဝင်စားတတ်သူများ ဖြစ်ကြပေရာ စာပေဆု၏ အထောက်အထားကြောင့် စာပေဖန်တီးသူတို့၏ ဘဝအခြေအနေကိုလည်း တင့်တယ်စေသည့်သဘောရှိပေသည်။ ထို့အပြင် စာပေ၏ တွန်းအားပေးမှုကြောင့် အကျိုးပြုစာပေတို့ ပေါ်ထွန်းရန်လည်း စာပေသမားတို့က ရှေးရှုဦးတည်ကြိုးပမ်းနိုင်ပေသည်။ စာပေဆုတို့မည်သည် အတိုင်းအတာ ပမာဏတစ်ခုအထိ ဘဝလုံခြုံရေးအတွက် အာမခံပေးသည်ဖြစ်သည်။ စာပေဖန်တီးသူတို့အဖို့ စိတ်လက်ချမ်းသာစွာ အကျိုးပြု စာပေများကို ဖန်တီးရေးသားလိုစိတ်ကို နှိုးဆော်၍ လိုက်လျောညီထွေသည့် အခြေအနေကို ဖန်တီးပေးရာလည်း ရောက်ပေသည်။

စာမျက်နှာ (၂၁) သို့

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်း ဖွင့်ပွဲတက်ရောက်

မန္တလေး ဩဂုတ် ၃၁
မူလတန်းပညာပြီးမြောက်စေရန် ဒုတိယအကြိမ်အခွင့်အရေးအဖြစ် သင်ကြားပေးသည့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များသာမက ရပ်ကွက်၊ ကျေးရွာများအားလုံးကပါ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြစေလိုကြောင်း အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၃၀ ရက်ကကျင်းပသည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"ပထမအကြိမ် အခွင့်အရေးဖြစ်တဲ့ အသက်ငါးနှစ်နဲ့ ကိုးနှစ်အရွယ်မှာ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာပြီးမြောက်အောင် သင်ကြားနိုင်ခဲ့ခြင်းမရှိတဲ့ ကျောင်းလုံးဝမနေဖူးသူတွေနဲ့ ကျောင်းနေသော်လည်း ပြီးဆုံးအောင် မနေရဘဲ ကျောင်းထွက်သွားခဲ့ရတဲ့ အသက် ၁၀ နှစ်နဲ့ ၁၄ နှစ်အရွယ်အတွင်းရှိတဲ့ ကလေးတွေကို ဒုတိယအကြိမ် အခွင့်အရေးပေးတဲ့အနေနဲ့ နှစ်နှစ်အတွင်း မူလတန်းအဆင့်ပြီးမြောက်အောင် ကျောင်းပြင်ပပညာရေးနည်းလမ်းနဲ့ သင်ကြားပေးတဲ့အစီအစဉ်မှာ ပညာရေးဝန်ထမ်းတွေသာမက ဒီလုပ်ငန်းစဉ်မှာ ပါဝင်သူအားလုံး ဝိုင်းဝန်းကူညီပံ့ပိုးပေးကြဖို့ မှာကြားလိုပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းကြိုင်က နိုင်ငံသားတိုင်းသည် အနည်းဆုံး အခြေခံပညာမူလတန်းအဆင့် သို့မဟုတ် ၎င်းအဆင့်နှင့်ညီမျှသော အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရမှလည်း ပညာရေးလုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းပေးကာ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ယခင်ကထက် ပိုမိုပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းများအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် အခြေစိုက်စခန်းပေါင်း ၃၂ ခုဖွင့်လှစ်ထားပြီး သင်တန်းဆရာ ၄၂ဦးတို့က Level-1 တွင် သင်တန်းသားဦးရေ ၂၉၃ ဦးနှင့် Level-2 တွင် သင်တန်းသားဦးရေ ၃၀၇ ဦး စုစုပေါင်း သင်တန်းသားဦးရေ ၆၀၀ ကို သင်ကြားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းများအရ ကျောင်းနေအရွယ်၌ မူလတန်းပညာ ပြီးဆုံးအောင် အကြောင်းအမျိုးမျိုးကြောင့် သင်ကြားခွင့်မရခဲ့၍ စာမတတ်သူပေါင်းသည် နိုင်ငံလူဦးရေ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး မန္တလေးတိုင်းဒေသကြီးအတွင်း၌ အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ်အတွင်းရှိ ကလေးစုစုပေါင်း ၄၈ သိန်းကျော်တွင် ကျောင်းနေအရွယ်ကလေး ၄၅ သိန်းကျော်ရှိပြီး စာမတတ်သူကလေးပေါင်း ၂၇၇၀၀၀ ကျော် ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇ ရာခိုင်နှုန်းရှိနေကြောင်းနှင့် ၎င်းတို့အနက် ယောကျ်ားလေးဦးရေမှာ ၅၆၀၀၀ ကျော်ရှိပြီး မိန်းကလေးဦးရေမှာ ၂၂၀၀၀၀ ကျော်ရှိနေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း လမ်း/တံတားများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ကြည့်ရှု

ရေတာရှည် ဩဂုတ် ၃၁
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၉၈/၇) နှင့် (၁၉၉/၀) ကြားရှိ တံတားအမှတ် (၄/၁၉၉) တံတားပျက်စီးခဲ့မှုနှင့် ဘေလီတံတားဆောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က လမ်းတံတားများ၏ အခြေအနေများ၊ ရေကျချိန်တွင် ပြန်လည်ပြုပြင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာဉ်အန္တရာယ်ကင်းရှင်းစေရန် နေ့ ည ဝန်ထမ်းများချထားရန်၊ တံတားအားအချိန်မီပြီးစီးနိုင်ရေးနှင့် လမ်းတံတားအခြေအနေများကို ရေကျချိန်တွင် အပိုင်းလိုက် စစ်ဆေးသွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ဆွာမြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း ဆွာမင်းလမ်းအုပ်စုရှိ ဆွာချောင်းရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် လူနေအိမ်များကို ကြည့်ရှုခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့နိုင်ရေး ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ရေတာရှည်မြို့ရှိ ဆိတ်ဖူးတောင်ဘုန်းတော်ကြီး၊ ရွာလည်ကျောင်း၊ တောင်ငူမြို့ရှိ အ. ထ. က (၆)၊ အုတ်ကျွန်တန်း အလက(ခွဲ)၊ ပေါ်တော်မူဘုရားတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းသို့ သွားရောက်ကြည့်ရှုရာတွင် ဆွာချောင်းရေလှောင်တမံမှ ရေများလျော့နည်းလာပြီဖြစ်၍ စိုးရိမ်မှုလွန်ကဲရန် မလိုအပ်တော့ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများသို့ ဆန်နှင့် အခြားထောက်ပံ့ရေးပစ္စည်းများပေးအပ်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ အမြန်ဆုံး ရေပြန်လည်ကျဆင်းတော့မည်ဖြစ်၍ မိဘပြည်သူများအနေဖြင့် ရက်အနည်းငယ်အတွင်း မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလည်း ရေကျဆင်းချိန်တွင် တစ်ပြိုင်တည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အခြေခံပညာကျောင်းများသို့ ရန်ပုံငွေပေးအပ်ပွဲတက်ရောက်

လွိုင်ကော် ဩဂုတ် ၃၁
ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် လိုအပ်သော စာရေးခုံ၊ စာသင်ခုံ၊ ကျောင်းစာကြည့်တိုက်သုံးဗီရို၊ ပရိဘောဂပစ္စည်းများ၊ သောက်သုံးရေလှောင်ကန်များ၊ ကျောင်းခြံစည်းရိုးကာရံခြင်းများ ပြုလုပ်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ပြည်နယ် ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပညာရေးမိသားစုဝင်များအားလုံးဟာ ညီအစ်ကိုမောင်နှမစိတ်ဓာတ်ထားပြီး အတူတကွပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း၊ ပြည်နယ်ပညာရေးမှူးကလည်း လက်အောက်ဝန်ထမ်းများရဲ့ အားကိုးရယူရသည့်အတွက် မူဘောင်နဲ့ညီညွတ်တဲ့ လုပ်ပိုင်ခွင့်များ ပေးအပ်ဖို့လိုကြောင်း၊ လုပ်ပိုင်ခွင့်ရရှိမှသာ ရဲရဲရင့်ရင့်လုပ်ကိုင် ဆောင်ရွက်နိုင်ပြီး ပူးပေါင်းပါဝင်မှု အားကောင်းလာမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ပရိဘောဂများ၊ အာဟာရနို့များ၊ သောက်သုံးရေလှောင်ကန်များ၊ ကျောင်းစာကြည့်တိုက်သုံးဗီရိုများ၊ ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့မှ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်များထံသို့ အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ မြို့နယ်များမှ အခြေခံပညာအထက်တန်း ကျောင်းအုပ်များ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

အောင်ထွန်းလေး

၂၀၁၈–၂၀၁၉ ခုနှစ် ကျောင်းပြင်ပပညာရေးလုပ်ငန်းဖွင့်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်အမှာစကားပြောကြား

မော်လမြိုင် ဩဂုတ် ၃၁
မွန်ပြည်နယ် ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ် ကျောင်းပြင်ပပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က အထက(၆) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနမှ ဆရာကြီး ဦးအေးကြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး တာဝန်ခံ ဒေါ်လဲ့လဲ့ကြည်က ပြည်နယ်အတွင်းရှိ ကျောင်းပြင်ပမူလတန်း၊ အလယ်တန်းပညာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်က မြို့နယ် ၁၀ မြို့နယ်ရှိ အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးခန့်အပ်လွှာ ပေးအပ်သည်။

ထို့နောက် ထူးချွန်ဆုရရှိသော ခရိုင်၊ မြို့နယ်များအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ အခမ်းအနားကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နှစ်ပေါင်း ၃၇၀ ခန့်ရှိ ရှေးဟောင်းစေတီတော်အား ထီးတော်တင်လှူ

နေပြည်တော် ဩဂုတ် ၃၁

ခရစ်သက္ကရာဇ် ၁၆၄၈ ခုနှစ်တွင် အင်းဝခေတ် သာလွန်မင်းတရားလက်ထက် မင်းရဲရန္တမိတ်၏သား ကိုကံသာကတည်ထားကိုးကွယ်ခဲ့သည်ဟု မှတ်တမ်းများ ရှိသော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာရှိ မိုယ်းကောင်းစေတီတော်မြတ်အား ရှေးမူမပျက်ပြုပြင်ထိန်းသိမ်း၍ ထီးတော်တင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

မူလယဉ်ကျေးမှုလက်ရာများ မထိခိုက်စေဘဲ စေတီတော်ကြံ့ခိုင်ရေး၊ ရေရှည်တည်တံ့ရေးအတွက် တပ်ကုန်းမြို့နှင့် ကျောင်းရွာကျေးရွာမှ စေတနာရှင်များ၊ ပြည်တွင်း၊ ပြည်ပမှအလှူရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံနှင့် မြန်မာ့အလင်းမှ ဝန်ထမ်းများ ပေါင်းစုပါဝင်သော ပညာ့မီးအိမ်ပညာဒါနအဖွဲ့ကဦးစီး၍ တင်လှူခဲ့ကြောင်း သိရသည်။

ခွန်းဆက်နေ

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

ပုသိမ် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး စတုတ္ထအကြိမ်မြောက် ဒေသန္တရစီးပွားဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ဟိုတယ်၌ ကျင်းပခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြည်ထောင်စုဘဏ္ဍာငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို မဟာဗျူဟာကျကျဖြင့် ဆောင်ရွက်သွားကြရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကဏ္ဍ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအခွင့်အလမ်းစသော အချက်အလက်များကို တာဝန်ရှိသူများက ဆွေးနွေးပြောကြားခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိများ တက်ရောက်ကြသည်။ **ပုသိမ်ခရိုင် (ပြန်/ဆက်)**

လုပ်ငန်းရှင်များအား ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများ ရှင်းလင်း

မြစ်ကြီးနား ဩဂုတ် ၃၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းနှင့် ရွှေဆိုင်လုပ်ငန်းရှင်များအား ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများ ရှင်းလင်းခြင်း အခမ်းအနားကို ဩဂုတ်၃၀ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက အခွန်ဦးစီးဌာနအနေဖြင့် ပြည်သူများနှင့် နိုင်ငံတော်မှ ယုံကြည်ကိုးစားခြင်းခံရသည့် ဝန်ထမ်းများဖြစ်စေရေးနှင့် အခွန်ထမ်းပြည်သူများကလည်း အခွန်တာဝန်ကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိန်းက မြစ်ကြီးနားမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းနှင့် ရွှေဆိုင်များသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ဝေပေးသည့် ပြေစာအမှတ်တံဆိပ်များအား ကပ်နှိပ်ရန် တာဝန်ရှိပါကြောင်း၊ အချို့လုပ်ငန်းရှင်များသည် မိမိတို့၏ ဝင်ငွေခွန်အား တိမ်းရှောင်လိုသည့်အတွက် ပြေစာအမှတ်တံဆိပ်အားမကပ်ဘဲ ဆောင်ရွက်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပြီး ထိုသို့အခွန်ရှောင်လွှဲသည့် လုပ်ငန်းရှင်များအား သတ်မှတ်ဒဏ်ကြေးငွေများ ပေးဆောင်စေခဲ့ရသည်များ ရှိပါကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် အခွန်အမှတ်တံဆိပ်ပြေစာများ တိတိကျကျမှန်မှန်ကန်ကန် ကပ်နှိပ်ရေးနှင့် ရရှိသည့် အခွန်ဘဏ္ဍာငွေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးအောင် ဝင်းက အခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ရမှု အခြေအနေများနှင့် လုပ်ငန်းစီမံချက်များ အောင်မြင်ရေး အခွန်ထမ်းပြည်သူများ ပူးပေါင်းပါဝင်ကြရေး အမှာစကားပြောကြားကာ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင် ၆၀၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင် ၃၁ ဦးနှင့် ရွှေဆိုင်လုပ်ငန်းရှင် ၃၀ စုစုပေါင်း အင်အား ၁၃၀ ကျော် တက်ရောက်ခဲ့သည်။

ဦးလေးကြီး

မိတ္ထီလာ အမက(၈) ရဲပေါက်ချောင်းတွင် နို့တိုက်ကျွေးခြင်းအခမ်းအနားကျင်းပ

မိတ္ထီလာ ဩဂုတ် ၃၁

တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ ရင်ခွင်မဲ့ကလေးများ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းနိုင်ရေး ဟောပြောဆွေးနွေးပွဲနှင့် နို့တိုက်ကျွေးခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီခွဲက မိတ္ထီလာမြို့ ရဲပေါက်ချောင်း အမက (၈) တွင် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက ဒေါက်တာဒေါ်ယုယုမေက အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားတိုးတက်စေရေးနှင့် ကျန်းမာသန်စွမ်းစေရေး ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ မြို့ပေါ်ကျောင်းများတွင်သာ ဆောင်ရွက်နိုင်သေးသော်လည်း ကျေးလက်ဒေသများ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာထိ ဆောင်ရွက်နိုင်ရန် ပြုလုပ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက မြန်မာနိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ဖို့ အတွက် ဆောင်ရွက်သွားကြမယ့် ကဏ္ဍပေါင်းစုံပါဝင်သော ဘက်စုံအာဟာရဖွံ့ဖြိုးရေးစီမံကိန်းမှာ မိမိတို့ဝန်ကြီးဌာနသည်လည်း ပူးပေါင်းဆောင်ရွက်ရမည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းအစီအစဉ်မှာ လူတစ်ဦးတစ်ယောက်ချင်းစီကိုသာမက လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးပါ အကျိုးရှိစေပါကြောင်း၊ နို့တိုက်ကျွေးရေး အစီအစဉ်များ ဆက်လက်အောင်မြင်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေက မိတ္ထီလာတွင် ရင်ခွင်မဲ့ကလေးငယ်များလျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းနိုင်ရေး အတွက် ဆွေးနွေးဟောပြောပြီး အမက (၈) ရဲပေါက်ချောင်းမှ ကျောင်းသား ကျောင်းသူ ၃၉၉ ဦး အား နွားနို့နှင့် ကြက်ဥများကို တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းနှင့် တာဝန်ရှိသူများက တိုက်ကျွေးကြကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

လယ်ယာကုန်ထုတ်လမ်းပြုပြင်ပြီးစီး

မော်လမြိုင်ကျွန်း ဩဂုတ် ၃၁

မော်လမြိုင်ကျွန်းမြို့နယ် ဖြန့်ကြီးမြစ်တိုးကျေးရွာအုပ်စု ကွင်းတုံး-မယ်တလိုင်းတို့ကို ဆက်သွယ်ထားသော အရှည်ပေ ၃၀၀၀ ကျော်၊ အကျယ် ၁၀ ပေရှိ လယ်ယာကုန်ထုတ်မြေသားတာလမ်းအား ဒေသခံပြည်သူများက မြေဖို့ပြုပြင်ခြင်းဆောင်ရွက်ရာ ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ယင်းကွင်းတုံး-မယ်တလိုင်း မြေသားလမ်းကြောင့် ကျေးရွာကိုးရွာမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ဥယျာဉ်ခြံထွက်ပစ္စည်းများကို မော်လမြိုင်ကျွန်းမြို့သို့ အချိန်မရွေး တင်ပို့ရောင်းဝယ်နိုင်ပြီဖြစ်သည်။

မော်ကျွန်းမြင့်အောင်

အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၁၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ GTI ကျောင်း သိပ္ပံခန်းမဆောင်ကြီး၌ ကျင်းပသည်။

ယင်းနောက် တာဝန်ရှိသူများက ခရိုင်အဆင့်ဆုရရှိသူများကို ဆုချီးမြှင့်ပြီး ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့အား အာဟာရပြည့်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

၆၈၄

တာမွေမြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် တောင်မြင်းပြိုင်ကွင်းလမ်း အထက(၃)ကျောင်းရှေ့တွင် ဩဂုတ် ၂၉ ရက်နံနက်က မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှဘုန်းကျော်၊ တာမွေမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးမြင့်နှင့်အဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး တပ်ဖွဲ့စု ခြောက်စုမှ ဒုရဲအုပ် သက်ထွန်းအောင်၊ အမှတ်(၂၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ် သီရိမေနှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၄၂)မှ ရဲတပ်ကြပ်ကြီး ကိုကိုဦးတို့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူတို့အား မူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာဆောင်ရွက်ရေးတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

ကိုရဲ

မြို့နယ်လေးမြို့နယ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာဥပဒေအသိပညာပေး

ရန်ကုန် ဩဂုတ် ၃၁

အောက်တိုဘာ (၁) ရက်တွင် စတင်အသက်ဝင်တော့မည့် ရန်ကုန်မြို့တော်စည်ပင်သာယာဥပဒေသစ် (၂၀၁၈) နှင့် ပတ်သက်၍ ပြည်သူများအား အသိပညာပေးဟောပြောခြင်း ဥပဒေပါပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များ အကျဉ်းချုပ်ရိုက်နှိပ်ထားသည့် လက်ကမ်းစာစောင်များကို အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေခြင်းလုပ်ငန်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီဥပဒေကြီးဖြစ်ပေါ်လာပုံနဲ့ ပြည်သူတွေ သိသင့်သိထိုက်တာတွေကို ဟောပြောပွဲတွေမှာ အဓိကထားဟောပြောပါတယ်။ တော်တော်များများ ကျူးလွန်တတ်တဲ့ ဥပဒေပုဒ်မအကြောင်းတွေကို အသေးစိတ်ဟောပြောပါတယ်။ ဥပမာ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးရင် ဘယ်လို ပြစ်ဒဏ်ခံရမယ်။ စည်းကမ်းမဲ့ အမှိုက်ပစ်ရင် ဘယ်လိုပြစ်ဒဏ်ခံရမယ်။ ဈေးရောင်းခွင့်မရှိတဲ့ နေရာတွေမှာ ဈေးရောင်းရင် ဘယ်လို အရေးယူခံရမယ်ဆိုတာလေးတွေကိုလည်း ရှင်းပြပါတယ်” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဥပဒေအသိပညာပေးဟောပြောပွဲများကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက လသာ၊ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှင့် သာကေတမြို့နယ်တို့တွင် ကျင်းပခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းအသိပညာပေးဟောပြောပွဲများကို သက်ဆိုင်ရာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးမှ ဒုတိယဌာနမှူးများ၊ ခရိုင်မှူးများနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွပ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၅ ရက် အထိ အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဥပဒေကိုရေးဆွဲပြီးတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ အထက်အဆင့်ခေါင်းဆောင်တွေက ဥပဒေအသစ်ကပြင်းထန်ပါတယ်လို့ မှတ်ချက်ချပါတယ်။ သို့သော်လည်း ပြင်းထန်တဲ့ဥပဒေကို တိတိကျကျလိုက်နာဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ရဲ့ တိုင်းပြည်၊ မြို့နယ်၊ ရပ်ကွက်တွေကို ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေကိုအကျပ်အတည်းဖြစ်စေချင်လို့မဟုတ်ပါဘူး” ဟု ဥပဒေကြမ်း ရေးဆွဲရေးကော်မတီ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက ပြောကြားသည်။

အဆိုပါဥပဒေမှာ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများထက် ပြစ်မှုပြစ်ဒဏ်များကြီးလေးပြီး ယခင်က ဒဏ်ငွေနှင့်သာအရေးယူခဲ့သည့် ပြစ်မှုပြစ်ဒဏ်ပိုင်းတွင် ထောင်ဒဏ်များထည့်သွင်းရေးဆွဲထားကြောင်းသိရသည်။

ဇာနည်မောင်၊ အေးမင်းသူ

လူကုန်ကူးမှုတိုက်ဖျက်ရေး စာစီစာကုံးပြိုင်ပွဲ လားရှိုးတက္ကသိုလ်၌ကျင်းပ

လားရှိုး ဩဂုတ် ၃၁

လားရှိုးတက္ကသိုလ် Special multi-media lecture theatre ခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး ခေါင်းစဉ်ဖြင့် တက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲသို့ ပညာရေးကောလိပ် (လားရှိုး) မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၆ ဦး၊ သူနာပြုသင်တန်းကျောင်း (လားရှိုး) မှ သင်တန်းသူ ၂၂ ဦး၊ လားရှိုးတက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၁၀၆ ဦး စုစုပေါင်း ၁၄၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျန်းမာသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်များ(၇)

ဒေါက်တာဇော်ထွန်းလင်း | ဆေးပညာမဟာသိပ္ပံ

ရာသီဥတုနှင့်ကျန်းမာရေး

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ ရောဂါဖြစ်စေသော အကြောင်းတရားလေးပါးကို ပြောလေ့ရှိကြသည်။ မှန်၏။ ရောဂါဖြစ်စေသော အကြောင်းတရားများတွင် 'ဥတု' သည်လည်း တစ်ခုအပါဝင်ဖြစ်၏။

ရာသီဥတုအေးလျှင် အဆစ်အမျက်များသို့ သွားသော သွေးကြောများကျဉ်းသွားသဖြင့် အဆစ်ရောင် ရောဂါအခံရှိသူများ၊ အဆစ်တောင့်ခြင်း၊ ကိုက်ခြင်း၊နာခြင်းများ ခံစားရ၏။ အေးသောအခါ အဆုတ်လေပြွန်များ ကျဉ်းလေ့ရှိသဖြင့် ပန်းနာရင်ကျပ်ထလေ့ရှိ၏။ အအေးမိ နှာစေးချောင်းဆိုးနှင့် တုပ်ကွေးအဖြစ်များ၏။ အေး၍ နှလုံးသွေးကြောများ ကျဉ်းနေတတ်သောကြောင့် နှလုံးတိုက်ခိုက်ခံရခြင်းပိုများ၏။

ပူပြင်းသောရာသီတွင် ခေါင်းတစ်ခြမ်းကိုက်ရောဂါ ပိုဆိုးတတ်၏။ (အပူချိန်မြင့်လျှင် ဦးနှောက်သွေးကြောများပိုကျယ်သည်) အပူကြောင့်လေဖြတ်ခြင်း (Heat Stroke) ဖြစ်လေ့ရှိ၏။ ချွေးထွက်များပြီး ရေဓာတ်ခန်းခြောက်မှုကြောင့် သွေးပေါင်ချိန်ကျ၏။ နေပြင်းသောအခါ နေလောင်ခြင်း (Sun Burn) မှသည် အရေပြားကင်ဆာအထိဖြစ်နိုင်သည်။

ကာကွယ်ပေးနိုင်

လေပြင်းများသည် အရေပြားကိုလျင်မြန်စွာ ခြောက်သွေ့စေသည်။ ပူသောရာသီတွင် လေထုစိုထိုင်းမှုနည်း၏။ အရေပြားစိုထိုင်းမှုလည်းကျ၏။ အရေပြားခြောက်သွေ့၏။ ယားယံစေ၏။ အရေပြားကို ကာကွယ်ထားသော အဆီလွှာ (Skin's Protective Lipid Barrier) ကိုပျက်စီးစေ၏။ ဒိုင်မီသီကုန်း (Dimethicones)ခေါ် ဆီလီကုန်း (Silicone) တစ်မျိုးကို လိမ်းပေးခြင်းအားဖြင့် အရေပြားစိုထိုင်းမှုကို ထိန်းပေးနိုင်၏။ အခန်းတွင်း၌လည်း စိုထိုင်းစေသောစက်(Hummidifier)ကို ထားပေးခြင်းဖြင့် အိပ်နေစဉ် အရေပြားခြောက်သွေ့ခြင်းမှ ကာကွယ်ပေးနိုင်သည်။

ဆောင်းရာသီကာလတွင် အခန်းအောင်းနေလေ့ရှိကြသဖြင့် ပြင်ပအလင်းရောင်၊ နေရောင်တို့နှင့် ထိတွေ့မှုနည်းသောအခါ ဆက်ဒ်ရောဂါ (SAD-Seasonal Affective Disorder)ဖြစ်တတ်သည်။ ဆက်ဒ်ရောဂါဖြစ်သောအခါတွင် ဆာဒ် (SERT) ခေါ် ဓာတုပစ္စည်းတစ်မျိုးပိုမိုထွက်ရှိလာပြီး ဆီရိုတိုနင်(Serotonin) ကို ကျစေသည်။ ဆီရိုတိုနင်သည် ပျော်ရွှင်မှုကိုဖြစ်စေသည်။ ဆီရိုတိုနင်ကျသောကြောင့် မပျော်ရွှင်နိုင်ဘဲ ဝမ်းနည်းမှုကိုဖြစ်စေသည်။

ထိုဆက်ဒ်ရောဂါ မဖြစ်စေရန် အေးသောရာသီများတွင် အိမ်တွင်း အမြဲအောင်းမနေဘဲ ရံဖန်ရံခါ အပြင်ထွက်၍ ပြင်ပအလင်းရောင်၊ နေရောင်နှင့် ထိတွေ့ပေး သင့်သည်။ သို့မဟုတ် အလင်းပေးသေတ္တာ (Light Box - Oyrm Sunlight Jr) မှအလင်းရောင်ကို ထိတွေ့ပေးရသည်။

အရေပြားကို နေရောင်ထိတွေ့ပေးခြင်းဖြင့် ဗီတာမင်ဒီကို ရစေသည်။ နေရောင်မထိတွေ့ရလျှင် ဗီတာမင်ဒီ ချို့တဲ့ခြင်းကြောင့် ကြွက်သားအားနည်းခြင်း၊ အနည်းငယ်ထိရုံဖြင့် အလွန်နာကျင်ခြင်း၊ အိပ်ငိုက်ခြင်းတို့ကိုဖြစ်စေသည်။ ထိုအခါ နေရောင်ထဲ ထွက်ပေးခြင်းဖြင့်လည်းကောင်း သို့မဟုတ် အစားအစာထဲတွင် ဗီတာမင်ဒီကြွယ်ဝသော အဆီများသောငါး (ဥပမာ - ဆယ်မွန်၊ တူနာ)၊ အားဖြည့်နို့ (Fortified Milk) စသည်တို့ပါအောင် စားပေးရမည်။ လိုအပ်ပါက ဗီတာမင်ဒီ (၃) ၆၀၀ IU ကို တစ်နေ့တစ်ကြိမ် သောက်သုံးသင့်သည်။

အေးသောလေသည် လေပြွန်ကြွက်သားများကို ကျုံ့စေသည်။ လေပြွန်ကို ကျဉ်းစေသည်။ အသက်ရှူရခက်ခဲခြင်း၊ အသက်ရှူကျပ်ခြင်းဖြစ်တတ်သည်။ သင်သည် ထိုသို့ဖြစ်တတ်ပါက နှာခေါင်းစည်းကို တပ်ခြင်းဖြင့် အသက်ရှူထုတ်ရာမှထွက်လာသော အနွေးဓာတ်ကြောင့် ဝင်လာသောလေကို နွေးစေသည်။

လျင်မြန်စွာဖြစ်ပွားစေ

ဆောင်းရာသီတွင် လူများအပြင်မထွက်ဘဲ အိမ်တွင်းအောင်းနေကြခြင်းသည် အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ တုပ်ကွေး၊ ဗိုင်းရပ်ရောဂါများ ကူးစက်မှုကို လျင်မြန်စွာဖြစ်ပွားစေသည်။ ဗိုင်းရပ်စ်များသည် အရေပြားပေါ်တွင် သုံးနာရီ၊ အခန်းမျက်နှာပြင်များပေါ်တွင် လေးနာရီထိ ရှိနေနိုင်သည်။ အရေးကြီးဆုံးမှာ လက်ကို သေသေချာချာ စင်ကြယ်အောင် ဆေးပေးဖို့လိုပေသည်။ နှာစေးချောင်းဆိုးဖြစ်နေသူများကို ဝေးဝေးမှ ရှောင်ရမည်။

အေးသောအခါ အဆစ်အမျက်ကိုက်ခြင်းကို သိပ္ပံနည်းဖြင့် တိကျစွာမရှင်းပြနိုင်သော်လည်း ဖြစ်နိုင်သည်များမှာ အအေးဓာတ်သည် အဆစ်ပတ်ပတ်လည်ရှိ ကြွက်သားများ၊ ကြွက်စွန်းကြောများ၊ အရွတ်များကို ကျုံ့စေခြင်း၊ အာရုံကြောများကို ဆွဲခြင်းတို့ကြောင့်လည်းကောင်း၊ လေထုဖိအားနည်းသောအခါ အဆစ်ပတ်ပတ်လည်ရှိ တစ်သျှူးပျော့များသည် ပွလာပြီး အဆစ်ပေါ် ဆွဲခြင်းဖြင့်လည်းကောင်း အဆစ်အမျက်ကိုက်ခြင်းကို ဖြစ်စေသည်ဟု ယူဆကြသည်။

ထို့ကြောင့် အေးသောအခါ ကွေးမနေဘဲ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း စသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများလုပ်ခြင်းဖြင့် ကိုယ်ခန္ဓာကို နွေးထွေးလာစေရုံသာမက အဆစ်အမျက်တောင့်တင်းခြင်း၊ ကိုက်ခဲခြင်းတို့ကို လျော့ပါးစေသည်။ ထို့ပြင် ကိုယ်အလေးချိန်ကို လျှော့ချပေးခြင်းဖြင့် အဆစ်များ (အထူးသဖြင့် ဒူးနှင့်ခါး)ပေါ် ဝန်ပိခြင်းကို လျော့ပါးစေသည်။

ရာသီဥတုနှင့်ကျန်းမာရေး ဆက်စပ်ပုံကို အတွေ့အကြုံတစ်ခုဖြင့် တင်ပြလိုပါသည်။ စာရေးသူ၏ မိခင်သည် စာရေးသူတာဝန်ကျရာ တောင်ကြီးမြို့သို့ အလည်အပတ်လာစဉ်က ဖြစ်၏။ တောင်ကြီးမှာ ထိုစဉ်က ဆောင်းရာသီဖြစ်၍ အလွန်အေးပါသည်။ အမေ့မှာ သွေးတိုးရောဂါအခံရှိ၍ အလွန်အေးသော တောင်ကြီးမြို့ ဆောင်းဥတုနှင့် တွေ့သောအခါ သတိမေ့မြောသွား၍ စဝ်စံထွန်းဆေးရုံကြီးသို့ တင်လိုက်ရသည်အထိ ဖြစ်ပါသည်။ ဆေးရုံတွင် သမားတော်ကြီးများက အထူးကြပ်မတ်ကုသပါသော်လည်း ဆေးရုံတွင် ရက်သတ္တတစ်ပတ်ကြာသည်အထိ သတိပြန်လည်၍ မလာပါ။ စာရေးသူလည်း သည်လိုအေးသည့်နေရာတွင် ဆက်ထားလျှင် အမေ၏ အသက်အန္တရာယ် စိုးရိမ်ရသည်ကို တွေးမိသဖြင့် ဆေးရုံမှ လက်မှတ်ထိုး၍ ဆင်းကာ ရထားအထက်တန်းအိပ်ခန်းဖြင့် ရန်ကုန်သို့ ခေါ်ဆောင်ခဲ့ပါသည်။ ရန်ကုန်သို့ မရောက်မီ ရာသီဥတုပူသော သာစည်ဘူတာသို့အရောက်တွင် အမေကောင်းစွာ သတိရလာပါသည်။ တောက်လျှောက် ကောင်းသွားခဲ့ပါသည်။

> ❝ တစ်ကိုယ်ရေသန့်ရှင်းရေးတွင် အရေးအပါဆုံးဖြစ်သည်။လက်မှတစ်ဆင့် ရောဂါများကူးစက်သောကြောင့်ဖြစ်...❞

တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး

တစ်ကိုယ်ရေသန့်ရှင်းရေးသည် ကျန်းမာသက်ရှည်ခြင်းအတွက် အရေးကြီးသည်။ ခန္ဓာကိုယ်တွင်းကိုယ်ပတွင် ရောဂါပိုးများစွာရှိသည်။ အရေပြား၊ နှာခေါင်း၊ ပါးစပ်၊လည်ချောင်း၊ နားနှင့် ဆံပင်တွင် ပုံမှန်နေထိုင်သော ပိုးများ(Normal Flora)ရှိသည်။ အခြားဒွါရများဖြစ်သော မိန်းမကိုယ်၊ စအို စသည်တို့တွင်လည်း ပိုးများစွာရှိသည်။

ပြင်ပလောကတွင် လည်းကောင်း၊ ခန္ဓာကိုယ်ပေါ်နှင့် အတွင်းတွင် ပိုးများစွာရှိသော်လည်း၊ ကိုယ်ခံအား (Immunity)၊ အရေပြား၊ အမြှေးပါး စသည်တို့ မပေါက်မပြဲတည်တံ့ခြင်း(Barrier)နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုကြောင့်သာ ရောဂါပိုးများ ခန္ဓာကိုယ်သွေး၊ တစ်သျှူး၊ အတွင်းအင်္ဂါများထဲသို့ မဝင်ရောက်ခြင်း၊ရောဂါမရခြင်း ဖြစ်ပါသည်။

တစ်ကိုယ်ရေသန့်ရှင်းရန် လုပ်ဆောင်ရမည့် အချက်များ -

(က) **ရေချိုးခြင်း**

ရေချိုးခြင်းသည် အရေပြားတွင် ကပ်ငြိနေသော ဖုန်၊ အညစ်အကြေးနှင့် ပိုးမွှားများကို ဖယ်ရှားပေးသည်။ ရေချိုးရန် အခြေအနေမပေးပါက (ဥပမာ တောတွင်းစခန်းချခြင်း၊ ရေပြတ်လပ်ခြင်း၊ မကျန်းမာခြင်း စသည်) ရေပတ်တိုက်ပေးရမည်။ ထို့ပြင် ရေချိုးခြင်းသည် ကိုယ်အပူချိန်ကို ကျစေသည်။ အပူများသော အချိန်တွင် အကျိုးရှိသော်လည်း အေးသောအချိန်၊ ကိုယ်ခံအားနည်းသောအချိန်၊ အထူးသဖြင့် ညနေပိုင်း၊ ညပိုင်းတွင် ရေချိုးလျှင် သင့်မသင့် အရင်စဉ်းစားပြီးမှချိုးပါ။ သို့မဟုတ်ပါက အအေးပတ်ခြင်း၊ လေဖြတ်ခြင်း ဖြစ်တတ်သည်။

(ခ) **သွားတိုက်ခြင်း**

သွားတိုက်ခြင်းသည် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အရေးပါသည်။ ဖလူအိုရိုက်ပါသော သွားတိုက်ဆေးဖြင့် တစ်နေ့နှစ်ကြိမ် နှစ်မိနစ်ခန့် မှန်ကန်စေ့စပ်စွာတိုက်မှ သွားသန့်ရှင်းမည်။

(ဂ) **သွားကြားညပ် အစာများထုတ်ခြင်း (Dental Floss)**

သွားတိုက်ရုံနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် မပြည့်စုံပေ။ ညအိပ်ခါနီး သွားမတိုက်မီ သွားကြားညပ်နေသောအစာများကို သွားကြားညပ်ထုတ် ပိုးကြိုး (Dental Floss)ဖြင့် ထုတ်ရမည်။ ထိုကဲ့သို့ကြိုးမျိုးမရှိလျှင် ခိုင်ခန့်သေးမျှင်သော နူးညံ့သည့် ကြိုးတစ်ခုခုကို သုံးနိုင်သည်။

(ဃ) **ခေါင်းလျှော်ခြင်း**

ခေါင်းလျှော်ခြင်းသည် ဆံပင်နှင့် ဦးရေပြားတွင် ကပ်ငြိနေသော အညစ်အကြေးများ၊ ဗောက်များ၊ ပိုးမွှားများကို ဖယ်ရှားပေးသည်။ အနည်းဆုံး တစ်ပတ်တစ်ကြိမ် ခေါင်းလျှော်သင့်သည်။

(င) **လက်ဆေးခြင်း**

လက်ဆေးခြင်းသည် တစ်ကိုယ်ရေသန့်ရှင်းရေးတွင် အရေးအပါဆုံးဖြစ်သည်။ လက်မှတစ်ဆင့် ရောဂါများ ကူးစက်သောကြောင့် ဖြစ်သည်။ ထမင်းမစားခင်တွင်နှင့် အညစ်အကြေးများ ကိုင်ပြီးလျှင်သော်လည်းကောင်း၊ အိမ်သာတက်ပြီးလျှင်သော်လည်းကောင်း၊ လက်ကို နည်းစနစ်မှန်စွာနှင့် စင်ကြယ်စွာ ဆေးသင့်သည်။

(စ) **ဝတ်စားဆင်ယင်မှု**

သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ အပူအအေးမျှတသော အဝတ်အစားများ ဝတ်ဆင်ခြင်းသည် ကျန်းမာရေးအတွက် အရေးကြီးပါသည်။ မသန့်ရှင်းသော အဝတ်များမှ ရောဂါပိုးများကူးစက်နိုင်ပါသည်။ အဝတ်များ ခြောက်သွေ့အောင်လှန်းလျှင် နေရောင်ထဲတွင်လှန်းသည်က အကောင်းဆုံးဖြစ်၏။ နေရောင်သည်ရောဂါပိုးများကို သေစေသည်။

(ဆ) နှာချေချောင်းဆိုးလျှင် တစ်သျှူး၊ လက်ကိုင်ပဝါအုပ်၍ အခြားသူများနှင့် ဝေးရာတွင် ပြုမူရမည်။

(ဇ) လက်သည်း၊ ခြေသည်းညှပ်ခြင်းဖြင့် လက်သည်းကြား၊ ခြေသည်းကြားတွင် ကပ်ငြိနေသော အညစ်အကြေးများမှ ရောဂါကူးစက်ခြင်းကို ကာကွယ်ပေးသည်။

(ဈ) ရေချိုးပြီးလျှင်သော် လည်းကောင်း၊ ချွေးထွက်သောအခါတွင် လည်းကောင်း၊ မိုးမိပြီးခါစတွင် လည်းကောင်း သန့်ရှင်းသော တဘက်(ပဝါ)ဖြင့် ခြောက်သွေ့အောင် သုတ်ရမည်။ အထူးသဖြင့် ချိုင်းကြား၊ သားမြတ် အောက်ဘက် (အမျိုးသမီးများ)၊ ပေါင်ကြား၊ ကပ်ပယ်အိပ် (အမျိုးသားများ)၊ လက်ချောင်းကြား၊ ခြေချောင်းကြား၊ ဆံပင်၊ နားရွက်အနောက်ဘက် စသည့်နေရာများတွင်း စိုစွတ်နေပါက မှိုပိုးပေါက်ပွား၍ အရေပြားရောဂါဖြစ်တတ်သည်။

(ည) ခြေအိတ်၊ အနွေးထည် အမြဲဆောင်ထားပါ။ ပူအိုက်သော ရာသီပင်ဖြစ်လင့်ကစား ရုတ်တရက် ချမ်းစိမ့်စိမ့်ဖြစ်လာပါက အနွေးထည်၊ ခြေအိတ်၊ ခေါင်းစွပ်စသည်ဖြင့် (လိုအပ်သည့်အလျောက်) ချက်ချင်းဝတ်မှ အအေးပတ်ခြင်းကို ကာကွယ်နိုင်သည်။ အိပ်ရာထဲတွင်လည်း အနွေးထည်၊ ခြေအိတ် စသည် အသင့်ထားပါ။ တစ်ရေးနိုးချိန်တွင် ချမ်းစိတ်ဝင်ပါက အဆင်သင့်ဝတ်နိုင်ရန်ဖြစ်သည်။ ။

လော့စ်အိန်ဂျလိစ်ဖျော်ဖြေရေးခရီးစဉ်အတွင်း အင်တာဗျူးတွေ လက်ခံသွားမှာမဟုတ်ကြောင်း BTS ပြောကြား

မကြာမီ မြောက်အမေရိကားဖျော်ဖြေပွဲတွေကို စတင်သွားမယ့် ကေပေါ့ပ်တေးဂီတအဖွဲ့ "BTS"ဟာ လော့စ်အိန်ဂျလိစ်မှာ ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲကာလအတွင်း အင်တာဗျူးတွေကို လက်ခံဖြေကြားပေးသွားမှာမဟုတ်ကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၃၀ ရက်မှာတော့ ဂျော့ဂျ်ပန်နာခီယိုလို့ အမည်ရတဲ့ အနုပညာသတင်းထောက်တစ်ဦးက ABC7 ကို မျှဝေခဲ့ရာမှာတော့ "BTS" အနေနဲ့ လော့စ်အိန်ဂျလိစ်ဖျော်ဖြေပွဲအတွင်း အင်တာဗျူးတွေလက်ခံသွားမှာ မဟုတ်ကြောင်း ပြောကြားခဲ့တယ်လို့ ပါရှိပါတယ်။ ဒီလို မီဒီယာတွေနဲ့ မတွေ့ဆုံရတဲ့အကြောင်းအရင်းကတော့ အဖွဲ့ဝင်တွေဟာ နယ်လှည့်ဖျော်ဖြေပွဲတွေအပေါ် ပိုမိုအာရုံစိုက်လိုတာကြောင့် ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာလည်း ဒီသတင်းကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ သူက ဒီသတင်းကို ရေးသားဖော်ပြရပေမယ့်အဖွဲ့ရဲ့ ပရိသတ်တွေအတွက် စိတ်မကောင်းဖြစ်ရကြောင်းလည်း ထည့်သွင်းဖော်ပြထားတာကို တွေ့ရပါတယ်။

"BTS" အဖွဲ့ဟာ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Love Yourself: Answer" အတွက် နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို စတင်နေပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၂၅ ရက်မှာတော့ ဆိုးလ်မှာ ဖျော်ဖြေပွဲကို စတင်ခဲ့ပြီးလာမယ့် စက်တင်ဘာ ၅၊ ၆ နဲ့ ၈ ရက်တွေမှာ လော့စ်အိန်ဂျလိစ်မှာ ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဘရက်ပစ်ကို သတိထားစောင့်ကြည့်နေရတဲ့ တွမ်အက်ကာလေ

ဟောလိဝုဒ်နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ဘရက်ပစ်ဟာ မိမိရဲ့ဇနီးဖြစ်သူ မင်းသမီး မာဂေ့ါရော်ဘီကို တိတ်တိတ်လေးကြွေနေကြောင်း သတင်းတွေကြားခဲ့ရပြီးနောက် ဘရက်ပစ်ရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေရသလို ဇနီးဖြစ်သူကိုလည်း ဘရက်ပစ်နဲ့ ဝေးဝေးနေဖို့ရာ သတိပေးထားကြောင်း ရင်းနှီးတဲ့ သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်တွေကို ကိုးကားကာ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းမှာ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၂၉ ရက်မှာ တွမ်အက်ကာလေနဲ့ မာဂေ့ါရော်ဘီတို့ နှစ်ဦးစလုံးနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက တွမ်အက်ကာလေအနေနဲ့ ဘရက်ပစ်ကို အမြဲစောင့်ကြည့်နေကြောင်း လိုက်ဖ်အန်စတိုင်မဂ္ဂဇင်းကို ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ဘရက်ပစ်ဟာ သူနဲ့ရုပ်ရှင်အတူ တွဲဖက်ရိုက်ကူးခဲ့တဲ့ မင်းသမီးတွေနဲ့ တကယ့်လက်တွေ့ဘဝမှာလည်း ချစ်ကြိုက်လေ့ရှိတဲ့ မင်းသားတစ်ဦးဖြစ်တာကြောင့်လည်း တွမ်အက်ကာလေအနေနဲ့ ပိုမိုစိုးရိမ်ခဲ့တာဖြစ်ပါတယ်။ "Once Upon a Time in Hollywood" လို့အမည်ရတဲ့ ရုပ်ရှင်သစ်မှာ ဘရက်ပစ်နဲ့ မာဂေ့ါရော်ဘီတို့ အတူတွဲဖက်ပါဝင်ထားတာဖြစ်ပါတယ်။ ဒါကြောင့် မာဂေ့ါရော်ဘီရဲ့ ခင်ပွန်းဖြစ်သူက သူတို့နှစ်ဦးရဲ့ ရုပ်ရှင်ထဲက ဇာတ်လမ်းတွေကို လက်တွေ့ဘဝထဲထိပါ သယ်ဆောင်လာကြမှာကို စိုးရိမ်နေတာပါ။ ဒ့ါအပြင် ဘရက်ပစ်ကလည်း မာဂေ့ါရော်ဘီကို တိတ်တိတ်လေး သဘောကျနေကြောင်း သတင်းတွေလည်း သဲ့သဲ့လေးထွက်နေတာဖြစ်ပါတယ်။

ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပြပွဲမှာ အမ်မာစတုန်းရဲ့ ရုပ်ရှင်သစ်ကို ပါဝင်ပြသ

လတ်တလောပြုလုပ်ခဲ့တဲ့ ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာ မင်းသမီး အမ်မာစတုန်းရဲ့ ရုပ်ရှင်သစ် "The Favorite" ကို ပါဝင်ပြသခဲ့ရာ အော်စကာဆုစာရင်းဝင်ရုပ်ရှင်တစ်ကားဖြစ်လာနိုင်ကြောင်း ဝေဖန်မှုတွေကို လက်ခံရရှိခဲ့ကာ အများရဲ့ပါးစပ်ဖျားမှာ ရေပန်းစားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီရုပ်ရှင်ဟာ ဗြိတိန်နန်းတွင်း အကြောင်းအရာတွေကို ရိုက်ကူးထားတဲ့ သမိုင်းရုပ်ရှင်တစ်ကားဖြစ်ပြီး ဟာသရုပ်ရှင်အမျိုးအစားဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီရုပ်ရှင်ကို ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပြပွဲမှာ ပြီးခဲ့တဲ့ ဩဂုတ် ၃၀ ရက်က ပြသခဲ့တာဖြစ်ပါတယ်။

"The Favorite"ဟာ အချစ်အကြောင်း၊ အားပြိုင်မှုနဲ့ ရည်မှန်းချက်တွေအကြောင်း ရောပြွမ်းဖန်တီးထားတဲ့ ရုပ်ရှင်ကားကောင်းတစ်ခုဖြစ်ပြီး ဒီရုပ်ရှင်မှာ အော်စကာဆုရှင် ဗြိတိန်မင်းသမီး အမ်မာစတုန်းနဲ့ တွဲဖက်ကာ ပေ့ါပ်ကြယ်ပွင့်တေလာဆွစ်ရဲ့ ချစ်သူဖြစ်တဲ့ ဗြိတိန်ရဲ့ တက်သစ်စမင်းသား ဂျိုးအော်ဝင်န်လည်း ပါဝင်ထားတာဖြစ်ပါတယ်။

၁၈ ရာစုအင်္ဂလန်မှာ တန်ခိုးစွမ်းအင်အကြီးမားဆုံးဖြစ်ခဲ့ကြတဲ့ အမျိုးသမီး သုံးဦးအကြောင်း ပုံဖော်ထားတဲ့ ရုပ်ရှင်လည်းဖြစ်ပြီး ရုပ်ရှင်ဝေဖန်ရေးသမားတွေက ဒီရုပ်ရှင်နဲ့ အော်စကာဆုတွေ ဆွတ်ခူးနိုင်ကြောင်းလည်း ဝေဖန်ခဲ့ကြတယ်လို့ သိရပါတယ်။

မိုနာကိုမှာ ကော်ဇောနီပေါ် အတူလျှောက်လှမ်းခဲ့ကြတဲ့ ဒေးဗစ်နဲ့ ဗစ်တိုးရီးယားဘတ်ခမ်း

ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘတ်ခမ်းနဲ့ ဒီဇိုင်နာတစ်ဦးအဖြစ်လည်း ကျော်ကြားသူ ဗစ်တိုးရီးယားဘတ်ခမ်းတို့ ဇနီးမောင်နှံဟာ ပြီးခဲ့တဲ့ နှစ်လတာအတွင်း သူတို့နှစ်ဦးကို အတူတွဲဖက်သွားလာခဲ့တာ မမြင်ခဲ့ရပါဘူး။ ဒါပေမယ့် လတ်တလောမှာ မိုနာကိုမှာ ပြုလုပ်ခဲ့တဲ့ အခမ်းအနားတစ်ခုကိုတော့ အတူတက်ရောက်လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလို မောင်နှံစုံ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ခြင်းဟာ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒေးဗစ်ဘတ်ခမ်းနဲ့ ၄၄ နှစ်အရွယ် တေးသံရှင်နဲ့ ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘတ်ခမ်းတို့ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့က မိုနာကိုမှာ ပြုလုပ်ခဲ့တဲ့ ဥရောပဘောလုံးအဖွဲ့ချုပ်ရဲ့ ချန်ပီယံလိဂ်မဲခွဲပွဲကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။



ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပြပွဲကို တက်ရောက်ခဲ့တဲ့ ဂျိုးအော်ဝင်န်နဲ့ အမ်မာစတုန်း

ဗြိတိန်သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဂျိုးအော်ဝင်န်နဲ့ မင်းသမီး အမ်မာစတုန်းတို့နှစ်ဦးစလုံး ယခုနှစ်ရဲ့ ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပြပွဲကို တက်ရောက်လာခဲ့ကြတာ တွေ့ရပါတယ်။ ဒီနှစ်မှာတော့ သူတို့နှစ်ဦး ပါဝင်ထားတဲ့ ရုပ်ရှင်ကို ပြပွဲမှာ ပါဝင်ပြသခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ သူတို့နှစ်ဦးစလုံးဟာ အခြားသော "The Favorite" မှာ ပါဝင်တဲ့ သရုပ်ဆောင်တွေနဲ့အတူ ပြပွဲမှာ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အီတလီမှာ ပြီးခဲ့တဲ့ ကြာသပတေးနေ့က "The Favorite" ရုပ်ရှင်ကို အထူးပွဲ ပြသခဲ့တာဖြစ်ပြီး ဒီပြပွဲကို ဂျိုးအော်ဝင်န်လည်း တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကော်ဇောနီပေါ် လျှောက်လှမ်းရာမှာတော့ သူ့ရဲ့နံဘေးမှာ ချစ်သူဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်တော့ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဂျိုးအော်ဝင်န်က သူ့ရဲ့ ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ တေလာဆွစ်က ကြိုက်နှစ်သက်ကြောင်း မှတ်ချက်ပြုခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာတော့ တေလာဆွစ်ဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation" အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာလည်း ဖြစ်ပါတယ်။ ချစ်သူသက်တမ်း နှစ်နှစ်ခန့်ရှိခဲ့ပြီဖြစ်တဲ့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ လန်ဒန်မှာ ညစာအတူစားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

အေးပြည့်-ရေးသားသည်

ရခိုင်ပြည်နယ်ရှိ စစ်တွေအကျဉ်းထောင်အားစစ်ဆေး

စစ်တွေ ဩဂုတ် ၃၁
ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်သည် ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် ရုံးအဖွဲ့မှူး ဒေါ်ခင်ခင်ဆွေနှင့်အတူ စစ်တွေအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးကြည့်ရှုစစ်ဆေးသည်။

ထောင်တာဝန်ခံအရာရှိက ရုံးခန်းတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူဦးရေ၊ အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်နေထိုင်မှုနှင့် သောက်ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းသားများ၏ ဥပဒေပါအခွင့်အရေးများရရှိခြင်း၊ ဆေးကုသနိုင်ရန် အခွင့်အရေးရရှိခြင်းနှင့် ကြန့်ကြာနေသော စစ်ဆေးဆဲအချုပ်သားများ ရှိ-မရှိတို့နှင့်စပ်လျဉ်း၍ အကျဉ်းသားများအား တွေ့ဆုံမေးမြန်းကာ အကျဉ်းသားများ၏ အဆောင်၊ နေရာထိုင်ခင်း၊ စားဖိုဆောင်နှင့် သောက်သုံးရေကန်တို့ကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က လိုအပ်သည်များကို ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

တရားစီရင်ရေးကိစ္စရပ်များ ကျောက်တန်းမြို့တွင်ဆွေးနွေး

ရန်ကုန်
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းက ကျောက်တန်းမြို့နယ်တရားရုံး၊ ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ရောက်ရှိလာပြီး မြို့နယ်တရားသူကြီး ဒေါ်အေးမြတ်မွန်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်နိုင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်တို့နှင့်တွေ့ဆုံ၍ တရားရေးဆိုင်ရာ၊ ဥပဒေရေးဆိုင်ရာကိစ္စများ၊ ရဲစခန်းတွင် အမှုဖွင့်လှစ်ပေးမှုကိစ္စရပ်များနှင့် သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

ကျောင်းအခြေပြုမီနီမာရသွန်ပြိုင်ပွဲ တာလေမြို့၌ကျင်းပ

တာလေ
ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့တွင် ဆေးလိပ်ငွေကင်းစင် ရှမ်းပြည်တစ်ခွင်ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၅ နာရီခွဲက ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၉၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တာချီလိတ်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်သည့် ယင်းမီနီမာရသွန်ပြိုင်ပွဲကို မိုင်တိုင်အမှတ် ၇၄၄ မှ စတင်တာထွက်ကာ ရန်ကင်းရှိ မိုင်တိုင်အမှတ်၇၄၇ ထိ အသွားအပြန် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **တာလေ(ပြန်/ဆက်)**

ကျောက်ထု၌ ကျန်းမာရေးဌာနဝန်ထမ်းများက အခမဲ့ဆေးဝါးကုသပေး

ကျောက်ထု
ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ကျန်းမာရေးဌာန၏အစီအစဉ်ဖြင့် ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မြို့ပေါ် ရပ်ကွက်များ ဖြစ်သည့် မြို့မ၊ ဂုံဘို၊ လေယာဉ်ကွင်းရပ်ကွက်တို့တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ရဟန်းသံဃာတော်များအပါအဝင် ဒေသနေပြည်သူများအား ငှက်ဖျားရောဂါပိုးရှိ၊ မရှိ သွေးဖောက်စစ်ဆေးပေးပြီး ဆေးဝါးကုသပေခဲ့ကြောင်း သိရသည်။ **၄၆၅**

မူခင်းကျဆင်းရေး ပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးပြသ

ရန်ကုန်
ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြောပြသခဲ့ကြောင်း သိရသည်။ **အေးမင်းသူ**

တနင်္သာရီတိုင်းဒေသကြီးအတွင်း လာရောက်ကြသည့် ခရီးသွားဧည့်သည်များအား အောက်တိုဘာ(၁) ရက်မှစတင်ကာ ပုလဲမွေးမြူရေးလုပ်ငန်း လေ့လာကြည့်ရှုခွင့်ပြုမည်

မြိတ် ဩဂုတ် ၃၁
တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံခြားငွေပိုမိုရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ နိုင်ငံပိုင် ပုလဲမွေးစခန်းနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီလေးခု၏ ပုလဲမွေးစခန်းတို့တွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ ပွင့်လင်းရာသီများအတွင်း ခရီးသွားဧည့်သည်များကို ပုလဲမွေးမြူရေးလုပ်ငန်းအား လေ့လာကြည့်ရှုခွင့် ပြုသွားမည်ဖြစ်ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

"ခရီးသွားလုပ်ငန်းအတွက် ကျွန်တော်တို့ရဲ့ ကျွန်းတွေမှာ သတ်မှတ်ထားတဲ့ အပိုင်းအနေနဲ့ ခရီးသွားလုပ်ငန်းရေယာဉ်များကို ပုလဲမွေးဇရိယာထဲ ဝင်ရောက်ခွင့်မပြုပါဘူး။ အပြင်မှာပဲ ဗောတန်းနဲ့ ကျောက်ချရပ်နားရမယ့်နေရာကို သတ်မှတ်ထားပါ့မယ်။ သက်ဆိုင်ရာစခန်းများမှ ဖိုက်ဘာလှေငယ်နဲ့ လာရောက်ကြိုဆိုပြီး ခရီးသွားတွေကို ပုလဲမွေးမြူရေး ပြသမှာဖြစ်ပါတယ်။ ပုလဲစခန်းတွေရဲ့ ဝတ်ဆံသွင်းကာလနဲ့ ပုလဲဖော်ကာလတွေနဲ့ တိုက်ဆိုင်တဲ့အခါမှာ သတ်မှတ်ထားတဲ့နေရာမှ လေ့လာကြည့်ရှုသွားရမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းတွေအတွက် စည်းကမ်းချက်တွေကို မကြာမီ တရားဝင်ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးလွင်က ပြောသည်။

ပုလဲစခန်းဖွင့်လိုက်တဲ့အပေါ်မှာ ခရီးသွားလုပ်ငန်းနှင့်တွဲလုပ်မယ်ဆိုတော့ ခရီးသွားလုပ်ငန်းအတွက် အများကြီးအကျိုးရှိမယ်လို့ မြင်ပါတယ်။ အရင်က ကျွန်တော်တို့ မြိတ်ကိုသိတာလည်း ပုလဲနဲ့ပဲသိတာပါ။ ပုလဲလုပ်ငန်းကို လေ့လာချင်တဲ့သူတွေ အများကြီးရှိတယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ၊ ပုလဲဆိုတာ ဘယ်လိုထုတ်လုပ်တယ်ဆိုတာ သိချင်တဲ့ ဧည့်သည်တွေ အများကြီးရှိပါတယ်။ ပုလဲစခန်းကတော့ မြိတ်ခရိုင်မှာတစ်ခုပဲရှိတာယ်။ စနေ၊ တနင်္ဂနွေ အပတ်စဉ် လေ့လာဖို့ ပေးလာနိုင်ရင် ပိုကောင်းပါတယ်။ ကျန်တဲ့ရက်တွေမှာပုလဲလုပ်ငန်းစဉ်တွေ မထိခိုက်အောင် ပုလဲစခန်းနှစ်ခုလောက် ရက်မတူအောင် ဖွင့်ရင် ပိုကောင်း ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်" ဟု မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့်က ပြောသည်။

ခရီးသွားဧည့်သည်များ ပုလဲလုပ်ငန်းများကို လေ့လာရန် ဝန်ဆောင်မှုအနေဖြင့် မုတ်ကောင်မွေးမြူထားရှိမှု ပြသခြင်း၊ Floating House ရေပေါ်အိမ်တွင် Collector ကြိုးမှအစပြု၍ မုတ်ကောင်မွေးမြူခြင်း အမျိုးအစားအဆင့်ဆင့်နှင့် Section လုပ်ခြင်း၊ ရေပန်းထိုးခြင်း၊ သားဖောက်ခန်းနှင့် ဝတ်ဆံသွင်းခန်းများတွင် မုတ်ကောင်သားဖောက်ခြင်း၊ ပုလဲဝတ်ဆံသွင်းခြင်း၊ ပုလဲဖော်လုပ်ငန်းများအား Reject မုတ်ကောင် (သို့) ရေသေမုတ်ကောင်များနှင့် သရုပ်ဖော်ပြသပေးခြင်း၊ မုတ်ကောင်အခွံ၊ ခရုခွံတို့ဖြင့်ပြုလုပ်ထားသည့် အမှတ်တရပစ္စည်းများ ရောင်းချပေးခြင်း၊ တန်ဖိုးဖြတ်ပြီးသော တရားဝင်အသိအမှတ်ပြုသည့် ပုလဲများ ရောင်းချပေးခြင်း၊ ခရီးသည်များအား တစ်ပတ်လျှင်သုံးရက် (တနင်္လာ၊ ကြာသပတေး၊ စနေ) တို့တွင် လေ့လာကြည့်ရှုချိန်အား ညအိပ်ရပ်နားခြင်းမှလွဲ၍ ၁ နာရီမှ ၂ နာရီအထိ ကြည့်ရှုလေ့လာခွင့်ပြုမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကျွန်းစခန်းများတွင် ဧည့်သည်များနားနေနိုင်ရန် ရိပ်သာဆောင်များထားရှိ၍ အဆာပြေစားသောက်နိုင်ရန် စျေးဆိုင်များလည်း စီစဉ်ပေးမည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးက ခရီးသွားလုပ်ငန်းများအနေဖြင့် လေ့လာရေးမလာရောက်မီ တစ်ရက်အလိုတွင် ခရီးသွားလာရေး သက်ဆိုင်ရာ (ဌာနနှင့် ကုမ္ပဏီရုံးခွဲ) များသို့ ကြိုတင်အကြောင်းကြားဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။ **နိုင်ထူး(မြိတ်-ပြန်/ဆက်)**

စစ်ကိုင်းမြို့ရှိရှေးဟောင်းအမွေအနှစ် ရွှေမင်းဝံရိပ်သာအားကြယ်လေးပွင့်အဆင့်ရှိဟိုတယ်ပြုလုပ်မည်

စစ်ကိုင်း ဩဂုတ် ၃၁
စစ်ကိုင်းမြို့ ကမ်းနားလမ်းရှိ ရှေးဟောင်းအမွေအနှစ် ရွှေမင်းဝံရိပ်သာအား ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

သက်တမ်း ၁၀၀ ကျော်ရှိ အဆောက်အအုံနှစ်လုံးရှိသော ရွှေမင်းဝံရိပ်သာအား ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်ပြုလုပ်သွားရန် ပြင်သစ်နိုင်ငံကုမ္ပဏီတစ်ခုက လာရောက်ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ဟိုတယ်လုပ်ငန်းဆောင်ရွက်သွားရာတွင် သက်တမ်း ၁၀၀ ကျော်ရှိ အဆောက်အအုံနှစ်လုံးအား ရှေးမူမပျက် ပြန်လည်ပြင်ဆင်ပြီး ၎င်းအဆောက်အအုံနှင့် ပုံစံတူအဆောက်အအုံများ တည်ဆောက်၍ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောပြသည်။

အဆိုပါ ရွှေမင်းဝံ ရိပ်သာသည် အကျယ်အဝန်းအားဖြင့် မြေဧက လေးဧကကျော်ရှိပြီး ယင်းရိပ်သာအတွင်းရှိသော သက်တမ်း ၁၀၀ ကျော်ရှိ အဆောက်အအုံနှစ်လုံး၏ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျခံနေရကြောင်း၊ ယခုအခါတွင် ပြင်သစ်နိုင်ငံ ကုမ္ပဏီတစ်ခုမှ အမေရိကန်ဒေါ်လာငါးသန်း ရင်းနှီးမြှုပ်နှံ၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် ကမ်းလှမ်းလာခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြေခံအချက်အလက်များ စီမံဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရွှေမင်းဝံရိပ်သာအား အင်္ဂလိပ်အစိုးရလက်ထက် စစ်ကိုင်းတိုင်းမင်းကြီးရုံး Central Division (အထက်မြန်မာပြည်၏ ဗဟိုတိုင်းရုံး) အဖြစ် စစ်ကိုင်းမြို့ ကမ်းနားလမ်းမကြီးဘေးတွင် ဧရာဝတီမြစ်ကို မျက်နှာပြု၍ တည်ဆောက်ခဲ့ပြီး ၁၈၈၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် စတင်ရုံးစိုက်ဖွင့်လှစ်ခဲ့ပြီး ပထမဦးဆုံး စစ်ကိုင်းတိုင်းမင်းကြီးအဖြစ် E.S.Symes; Esq. C.I.E.; B.C.S. က အစပြု၍ စာရေးဆရာ သိပ္ပံမောင်ဝအပါအဝင် တိုင်းမင်းကြီးများအဆက်ဆက် ရုံးစိုက်ခဲ့ရာ သမိုင်းဝင်တည်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲပြုလုပ်

ရန်ကုန် ဩဂုတ် ၃၁
မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၁ နာရီက သန်လျင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့အေးက အမှာစကားပြောကြားပြီး သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရှောင်ရှားရမည့် အချက်အလက်များ၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်မြတ်နောင်စိုးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးအကြောင်းအရာများကို ကြိုတင်သိရှိထားခြင်းအားဖြင့် မိမိတို့၏ပတ်ဝန်းကျင်တွင် လူကုန်ကူးမှုကိစ္စရပ်များကို တွေ့ရှိပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများသို့ အကြောင်းကြားကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အဆိုပါအသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စုစုပေါင်း ၄၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်-ပြန်/ဆက်)**

သိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေများပေးအပ်

အောင်လံ ဩဂုတ် ၃၁
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ပြည်-အောင်လံ-ဆတ်သွား မီးရထားလမ်းစီမံကိန်းတွင် ပြလို့ကျေးရွာအုပ်စုမှ သိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လယ်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်တို့က အမှာစကားများပြောကြားခဲ့ကြပြီး အင်ဂျင်နီယာမှူး ဦးသက်နိုင်ကျော်က မြေလျော်ကြေးငွေပေးချေမှုနှင့်ပတ်သက်၍ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သိမ်းဆည်းခံအိမ်ခြံမြေ(၁၃)ဦး၊ လယ်မြေ ၆၅ ဦး၊ ယာမြေ ၂၉ ဦး စုစုပေါင်း ၁၀၇ ဦးတို့အတွက် လျော်ကြေးငွေ ကျပ် ၁၂၃၀၁၄၁၆၀ ကို ချက်လက်မှတ် ၁၀၇ စောင်ဖြင့် လယ်ယာမြေမူလပိုင်ရှင်များထံပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

နည်းပညာကဏ္ဍ

OPPO F9 စမတ်ဖုန်းအသစ်မြန်မာပြည်မိုဘိုင်းဈေးကွက်သို့ဝင်ရောက်

ရန်ကုန် ဩဂုတ် ၃၁

OPPO မှ နိုင်ငံတကာ ဈေးကွက်များတွင် မိတ်ဆက်ထားသည့် ၎င်း၏ F series ထုတ်ကုန်များတွင် နောက်ဆုံးထုတ်ကုန်ဖြစ်သည့် ငါးမိနစ်အားသွင်းရုံမျှဖြင့် နှစ်နာရီကြာ ဖုန်းပြောနိုင်သည့် OPPO F 9 စမတ်ဖုန်းအသစ်ကို စက်တင်ဘာ ၈ ရက်မှ စတင်ကာ မြန်မာပြည် မိုဘိုင်းဈေးကွက်အတွင်းသို့ ဖြန့်ချိတော့မည်ဖြစ်ကြောင်း ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ MELIA ဟိုတယ်၌ ပြုလုပ်သည့် OPPO F 9 စမတ်ဖုန်းအသစ် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

အဆိုပါ OPPO F 9 ၏ ထူးခြားချက်မှာ OPPO ၏ ကိုယ်ပိုင်နည်းပညာတစ်ခုဖြစ်သည့် VOOC Flash Charge နည်းပညာဖြင့် ဖန်တီးထုတ်လုပ်ထားသည့် သာမန်ဖုန်းများထက် အားသွင်းနှုန်း လေးဆအထိ မြန်ဆန်အောင်မြှင့်တင်ပေးနိုင်မည့်အပြင် အရည်အသွေးမြင့် 3500 mAh ဘက်ထရီအမျိုးအစားနှင့် အဆင့်မြှင့်တင်ထားသော AI ဘက်ထရီ ထိန်းချုပ်မှုစနစ်တို့ကို အသုံးပြုထားသည့်အတွက် မြန်မြန်ဆန်ဆန် ဘက်ထရီအားကုန်ခြင်းပြဿနာကို အကောင်းဆုံးဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် ၆ ဒသမ ၃ လက်မအရွယ်ရှိ ရေစက်ပုံစံမျက်နှာပြင်၊ ထူးခြားသည့် ကာလာဒီဇိုင်း၊ အရောင်ပြေးမှန်သားပုံစံဒီဇိုင်းဖြစ်သော Sunrise Red နှင့် Twilight Blue ဟူ၍ အရောင်နှစ်မျိုး ထုတ်လုပ်ထားသည့် OPPO F 9 စမတ်ဖုန်းများတွင် AR Stickers, Super Vivid mode နှင့် Slow Motion Video အစရှိသည့် စိတ်ဝင်စားဖွယ် ကင်မရာလုပ်ဆောင်ချက်အမျိုးမျိုးလည်း ပါဝင်မည်ဖြစ်ပြီး အရာဝတ္ထုများကို မှတ်သားသိရှိပြီး သက်ဆိုင်ရာ အချက်အလက်များကို ပြန်လည်ပြသပေးမည့် Google Lens စနစ်ကိုပါထည့်သွင်းထားကြောင်းသိရသည်။ ထို့ပြင် SIM card တစ်ကတ်နှင့် SIM card နှစ်ကတ်ထည့်သွင်းနိုင်သည့် solo ဒီဇိုင်းဖြစ်ကြောင်း သိရသည်။

သီသီမင်း

ပြည်ထောင်စုနယ်မြေနေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်း အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၂၉ ရက်က ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးလက်ကျန်းမာရေးဌာန လက်အောက်ရှိကင်ပွန်းတန်းကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးကြီးကြပ် (၂) ဒေါ်ဆွေဆွေလှိုင်က ကျောင်းသား ကျောင်းသူ ၁၅၈ ဦးအား ဗီတာမင်အေ၊ မျက်စိအားဆေးနှင့် သန်ချဆေးများ တိုက်ကျွေးစဉ်။ **သူဇာလှိုင်(စက်မှု)**

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ထန်းတပင် ဩဂုတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ရိုးခွကျေးရွာအုပ်စု ရိုးခွကျေးရွာ တောင်သူ ဦးကျော်ရွှေ၏ စိုက်ပျိုးလယ်ယာမြေ ကွင်းအမှတ် ၂၄၄ ရိုးခွကွင်း၌ ကျင်းပသည်။

အဆိုပါ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာစိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်၊ ဖိတ်ကြားထားသော မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ တောင်သူ ဦးကျော်ရွှေ၏ လယ်ယာမြေနှင့် ဆက်စပ်နေသော လယ်ဧက ၁၀၀ အတွင်းသို့ တစ်ဧကလျှင် ငါးမျိုးအကောင်ရေ ၅၀၀ နှုန်းဖြင့် ယိုးဒယားငါးခုံးမ (Tapian) ငါးမျိုးအကောင်ရေ ၅၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းကြောင့် သဘာဝရေပြင်အတွင်း လျော့နည်းသွားသော ငါးမျိုးများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဒေသခံပြည်သူများ၏ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူခြင်းဖြင့် အသား၊ ငါးများ ဖူလုံစေမည်ဖြစ်ပြီး ငါးသယံဇာတများလည်း တိုးပွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

တိုတိုထွာထွာဖတ်စရာ

သထုံ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

သထုံ

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု၌ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဩဂုတ် ၃၀ ရက် နံနက်က သင်းထော်ကျေးရွာရှိ အတုလရံသီစေတီတော်ဓမ္မာရုံ၌ အသိပညာပေး ဟောပြောဆွေးနွေးသည်။

သထုံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြမြကြိုင်က လူကုန်ကူးခြင်းခံရသည့် အကြောင်းအရင်းများ၊ ဒေသတွင်း လူကုန်ကူးမှုဖြစ်စဉ်များနှင့် လူထုအနေဖြင့် ပူးပေါင်း၍ ဂရုပြုကာကွယ်နိုင်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး ရဲအုပ်မြင့်ခိုင်က မူးယစ်ဆေး၏ဆိုးကျိုးများနှင့် ကာကွယ်ရေးလုပ်ငန်းများကို ဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

နတ်တလင်း၌ စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

နတ်တလင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာ ဟိတကာရီသာရေးနာရေးကူညီမှုအသင်း၏ အခမဲ့ဆေးခန်း၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၈) ဆင်းပွဲအခမ်းအနားကျင်းပသည်။

သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်းသိရသည်။ **ဝ၇၁**

မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှု ပညာပေးဟောပြော

ပလောက်

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း KG ခန်းမ၌ ကျင်းပသည်။

ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေက အဖွင့်အမှာစကားပြောကြားပြီး ကလျာဏမိတ္တပရဟိတ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်သူရလင်းက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနည်းလမ်းများ၊ ပလောက်မြို့ ဟိတကာရီပရဟိတအဖွဲ့မှ ဥက္ကဋ္ဌ ဦးဇာနည်လင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ပလောက်မြို့နယ်မြေရဲစခန်းမှ တပ်ကြပ်ကြီး ဦးတင်ဦးက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးနှင့် သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ပလောက် (ပြန်/ဆက်)

ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး

စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုဗဟိုပြုဌာန၌ ဩဂုတ် ၃၀ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူကလေးများအား တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ဆရာဝန်တင်ရွှေ၏ စာပေကျေးဇူး

စာမျက်နှာ ၁၅ မှ

အချုပ်ဆိုရသော် စာပေဆုတို့မည်သည် အထက်ဖော်ပြပါအတိုင်း အတ္တပြုရ နှစ်ဝသော အကျိုးတို့ကို ဖြစ်ထွန်းစေသည်ဖြစ်ရာ လူ့အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးအတွက် လွန်စွာလိုအပ်လှကြောင်း သိသာထင်ရှားသည်။

ဤတွင် ဆရာဝန်တင်ရွှေ၏ ပုဂ္ဂလဝိသေသ ထူးခြားသည့် အချက်တို့ကို တင်ပြလိုပါသည်။ ဦးတင်ရွှေ (၁၉၃၆-၂၀၀၀) သည် ၁၉၆၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ MBBS (ဆေးပညာ) ဘွဲ့ကိုရခဲ့သည်။ ထို့ကြောင့် သူ့ကို ဆေးပညာ ဒေါက်တာ (Dr)ဟု ခေါ်နိုင်သည်။ သို့သော် သူသည် သူ့ကိုယ်သူ ဒေါက်တာတင်ရွှေဟု မခေါ်ဆရာဝန်တင်ရွှေဟုသာခေါ်ခဲ့သည်။ ထို့နောက် ၁၉၇၂ ခုနှစ်တွင် သူသည် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ Ph.D (ပါရဂူ)ဘွဲ့ ရခဲ့သည်။ ထို့ကြောင့်သူ့ကို ပါရဂူ ဒေါက်တာတင်ရွှေဟု ခေါ်၍လည်းရသည်။ သို့သော် ထိုဘွဲ့ကိုလည်း သူအရေးမထား၊ သူ့ကိုယ်သူ ဆရာဝန်တင်ရွှေဟုသာ ခေါ်စေခဲ့သည်။

သူသည် လူအများ၏ ကျန်းမာရေးကို အသားပေးစောင့်ရှောက်လိုသော ဆေးကုသသည့် ဆရာဝန်ဘဝကိုသာ မြတ်နိုးသည်။ ထို့ကြောင့်အများသူငါ ဆရာဝန်တွေတပ်လေ့ရှိသော ဒေါက်တာဘွဲ့ကိုလည်း သူမတပ်။ ပါရဂူဘွဲ့ (Ph.D) တည်းဟူသော ဒေါက်တာ အခေါ်အဝေါ်ကိုလည်း သူမခံမင်။ သူအမြတ်နိုးဆုံးဖြစ်သော အသက်မွေးဝမ်းကျောင်းပညာရှင်ဖြစ်သည့် ဆရာဝန်ဘွဲ့ကိုသာ နှစ်သက်သဘောကျ၍ ဆရာဝန်တင်ရွှေဟုသာ အမည်ခံခဲ့ပေသည်။

ဆရာဝန်ဘဝကို မြတ်နိုး၍ ဆေးပညာကို ဖက်တွယ်ခဲ့သော ဆရာဝန်တင်ရွှေသည် စာပေဖြင့်လည်း လူထုကို အလင်းရောင်ပေးခဲ့သူဖြစ်သည်။ ၁၉၆၃ ခုနှစ်က ဆရာဝန်တင်ရွှေသည် ကျန်းမာရေးဆောင်းပါးများစာအုပ်ဖြင့် အနုပညာစာပေဆိုင်ရာ စာပဒေသာ ပထမဆုကို ရရှိခဲ့သည်။ ထိုစဉ်က ဆုပေးရေးအဖွဲ့၏ မှတ်ချက်မှာ "ခက်ခဲနက်နဲ၍ သာမန်အားဖြင့် စိတ်ဝင်စားဖွယ်မရှိနိုင်သော ကျန်းမာရေးဆိုင်ရာ အချက်အလက်များဖြင့် စာဖတ်သူတို့၏ စိတ်ကို ဆွဲဆောင်နိုင်ရန် ဝတ္ထုသဏ္ဍာန် စကားတန်ဆာဆင်၍ ဖတ်ချင့်စဖွယ် ရေးသားထားသည်" ဟူ၍ ဖြစ်ပါသည်။

စာပေဆု အမွေကို ထားရစ်ခဲ့သော ဆရာဝန်တင်ရွှေသည် စာပေလောကအတွက်လည်း အသုံးဝင်သည့် စာပေအမြောက်အမြားကို ချန်ထားရစ်ပါသည်။ "ယောနယ်၌ ပြုစားခံရခြင်း" ဟူသော သူ၏စာအုပ်မှာ လူဖတ်အများဆုံး စာအုပ်တစ်အုပ်ဖြစ်ခဲ့ပါသည်။ ထို့အပြင် "ကျား၊ မ ၄၀ ကျော်လျှင်" ဟူသော စာအုပ်၊ ဆီးချိုရောဂါနှင့်ပတ်သက်သော လက်တွေ့အသုံးချဆေးပညာ ဗဟုသုတပေးစာအုပ်များမှာလည်း လူထုအတွက် အထူးအကျိုးရှိလှသော စာပေများပင် ဖြစ်ပါသည်။

အထူးသဖြင့် သူ့အသက် ၅၄ နှစ်ကျော်မှ ထုတ်ဝေသော "မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း" အတွဲ(၁) မှ အတွဲပေါင်းများစွာတို့သည် သူ၏ ဘာသာသာသနာကို စာပေဖြင့်ပူဇော်သော စာအုပ်များဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ် ဩဂုတ်လက ပထမအကြိမ် တန်ဖိုး ၄၀ကျပ်ဖြင့် ထုတ်ဝေသော "မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း (ပထမတွဲ)" တွင် သူ၏ စာပေအပေါ်ထားရှိသော စေတနာမှာ ရဲဝံ့ပြတ်သား လှကြောင်းသိသာပါသည်။ ယင်းစာအုပ်၏ အရှေ့ပိုင်းစာမျက်နှာတွင် "ဤဗုဒ္ဓဘာသာကျမ်းစာတို့ကို အရင်းအနှီးစိုက်ထုတ်ကာ အကောင်းဆုံးစက္ကူဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပုံနှိပ်ထားပါသည်။ စာရှုသူတို့ဝယ်ယူပြီး ကျေနပ်မှုမတွေ့ပါက တင်ရွှေစာပေနှင့်ဆက်သွယ်ပါ၊ ငွေအပြည့်ပြန်အမ်းပါမည်ဟု ကတိပြုပါသည်" ဟု လည်းကောင်း၊ စာရေးသူ ပြုစုရေးသားပြီးသော စာအုပ်များမှ စာမူတို့ကို စီးပွားရေးအရ မဟုတ်ပါလျှင် စာရှုသူတို့ သဘောရှိ ကူးယူအသုံးပြုနိုင်ပါသည်။ ကူးယူသုံးစွဲသော စာအုပ်အမည်ကို ဖော်ပြပေးပါက ကျေးဇူးတင်ပါမည်ဟုလည်းကောင်း ဖော်ပြထားပေရာ သူ၏ ဘာသာသာသနာနှင့် စာပေအပေါ်ထားရှိသော စေတနာမှာ ထင်ရှားသိသာလှပါသည်။ တော်ရုံတန်ရုံ သတ္တိဖြင့် သူ့လို ကြွေးကြော်နိုင်မည်မထင်ပါ။

ဆရာဝန်တင်ရွှေ၏ အဓိကကျသော ဆန္ဒ ၃ခုနှင့် စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၁၊ စာ ၁၆၉ တွင် ဤသို့ဖော်ပြထားပါသည်။

အသက်ရှိစဉ်က အာသီသ (၃)ခုမှာ-(၁) အသက် မသေမီ မိမိလေ့လာတတ်မြောက်ထားသော ပညာကို မြန်မာစာပေဖြင့် ဖြန့်ဖြူးခဲ့ရန် (၂) မိမိရေးသားခဲ့သော စာအုပ်စာတမ်းများအားလုံးကို စီးပွားရေးအတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူအသုံးပြုခွင့်ပြုရန် (၃) ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရေးအတွက် စွမ်းအားရှိသမျှ ကူညီပံ့ပိုးရန်တို့ဖြစ်ပါသည်။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၈) ရက်

World First Aid Day

8th, September, 2018

"First Response to Road Crashes"

" လမ်းပေါ်မတော်တဆဖြစ်မှုများ၊ ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေး"

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ၂၀၁၈ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အဆိုပါနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်မှာ "First Response to Road Crashes" "လမ်းပေါ်မတော်တဆဖြစ်မှုများ၊ ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုံ့ပြန် ဆောင်ရွက်ပေး"ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တောင်ဒဂုံမြို့နယ် သတင်းစာဆရာအသင်း အမှုဆောင်သစ် တာဝန်ပေးအပ်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် သတင်းစာဆရာအသင်းစုံညီအစည်းအဝေးနှင့်အမှုဆောင်သစ် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အမှတ် ၂၄ ရပ်ကွက် မြိတ်လမ်းမကြီးရှိ ရွှေမင်းသမီးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနား သဘာပတိအဖြစ် ဦးအောင်ကြည် [ဥက္ကဋ္ဌ(ငြိမ်း) မြို့နယ်ကော်မရှင်]၊ ဦးမြင့်နိုင် (ဥက္ကဋ္ဌမြို့နယ်သာသနာနုဂ္ဂဟအသင်း)၊ ဦးမောင်မောင်ခင် [ဒု/ညွှန်ကြားရေးမှူး(ငြိမ်း)ထွေ/အုပ်]တို့က ဆောင်ရွက်ကြသည်။

မြို့နယ်သတင်းစာဆရာ အလုပ်အမှုဆောင်အဖွဲ့သစ်အဖြစ် ဥက္ကဋ္ဌ ဦးမြင့်အောင်(ဇေယျာအောင်)၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်(ဝင်းထက်ဥက္ကာ)၊ အတွင်းရေးမှူး ဦးမြင့်အောင်(၂) (လွှတ်တော်ရှေ့နေ မောင်ကောင်းဖေ)၊ ပြန်ကြားရေးမှူး ဦးအောင်သိန်းစိန်(သိန်းစိန်)၊ စည်းရုံးရေးမှူး ဦးလှမြင့်(သန်းညွှန့်/ခတ်ပုံ)တို့အား တာဝန်ပေးအပ်ခဲ့သည်။

ရွှေတိုင်(ဘိုတောက်)

ပဲခူးမြို့နယ်တွင် လူထုအခြေပြု အခမဲ့ဆေးကုသ

ပဲခူး ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တော်သာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးရွာလူထုအား ကျန်းမာရေးအသိပညာများ တိုးပွားလာစေရန် ကျန်းမာရေးဟောပြောပွဲနှင့် လူထုအခြေပြု အခမဲ့ဆေးကုခြင်းများကို ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဩဂုတ် ၃၁

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖျာပုံမြို့၌ ကျင်းပမည်

ဖျာပုံ ဩဂုတ် ၃၁

နိုင်ငံတော်အတွက် မျိုးဆက်သစ် ဘောလုံးအားကစားသမားများပေါ်ထွက်လာစေရေး ရည်ရွယ်လျက် ဖျာပုံခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ်(ဖျာပုံ)နှင့် ပွဲတင်သံပရဟိတဘောလုံးအသင်းတို့ ပူးပေါင်းကာ အသက် ၂၅ နှစ်အောက် ခရိုင်အားကစားနှင့်ကာယပညာကော်မတီဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်တွင် မြို့နယ်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက်တွင် စတင်၍ တစ်လကြာ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲမှ ရရှိသော အကျိုးအမြတ်အားလုံးကို ဖျာပုံမြို့ရှိ ပွဲတင်သံပရဟိတဘောလုံးအသင်းနှင့် ပူးပေါင်း၍ မြို့နယ်အားကစားခန်းမအတွက် လိုအပ်သည်များပြင်ဆင်လှူဒါန်းပေးခြင်း၊ ပညာရေးဆိုင်ရာ ထောက်ပံ့မှုများပြုလုပ်ခြင်း၊ စာသင်ကျောင်းများအတွက် အားကစားပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးခြင်း၊ အားကစားသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးခြင်း စသောပရဟိတလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ပြိုင်ပွဲသို့ အလွှာစုံမှ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ် ဘောလုံးအားကစားသမား ဦးရေ ၂၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

နိုင်ငံတကာတွင် ရောင်းအကောင်းဆုံးစာရင်းဝင်စာအုပ်

စီးပွားရေး စီမံခန့်ခွဲမှုပညာ

စည်းမျဉ်း ၁၀၀

ကြည်ရွှန်း

The Rules of Management by Richard Templar

WISDOM HOUSE စာအုပ်တိုက်၊ ☎ ၀၁ ၅၅၅ ဝ၄၆၊ ၀၉ ၅၁၅ ၅၇၃၃၊ ၀၉ ၄၃၀ ၄၁၁ ၅၇

ကုန်သွယ်လယ်ယာဝန်ထမ်းလုပ်သက် နှစ် ၃၀ ကျော် အတွေ့အကြုံများကို အခြေခံပြီး လက်ရှိ ပဲနှင့်ဆန်လောက အခြေအနေများကို သုံးသပ်ရေးသားထားသည့်စာအုပ်

ပဲလောကမှ ပဲတို့ဇာတ်မာယာ

နှင့်

ဆန်စပါးကုန်သွယ်မှုဆိုင်ရာဆောင်းပါးများ

တိုးအောင်မြင့်

WISDOM HOUSE စာအုပ်တိုက်၊ ☎ ၀၁ ၅၅၅ ဝ၄၆၊ ၀၉ ၅၁၅ ၅၇၃၃၊ ၀၉ ၄၃၀ ၄၁၁ ၅၇

Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)

Auto ELECTRICAL & ELECTRONIC PRODUCTS



ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
၁။ မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှ စောင့်ဆိုင်း၍ ရေတင်ရန် မလိုအပ်ခြင်း။
၂။ ရေလျော့လျှင် ကွန်ပရက်ဆာအား အလိုအလျောက် မောင်းနှင်ပေးပြီး ရေပြည့်သည့်အခါ အလိုအလျောက် ရပ်တန့်ပေးခြင်း။
၃။ လျှပ်စစ်မီးအား ၁၆၀ V နှင့် ၂၄၀ V အကြားရှိမှသာ ကွန်ပရက်ဆာအား မောင်းနှင်ခြင်း။
၄။ လေဘားအား အလိုအလျောက်အဖွင့်/အပိတ်ပြုလုပ်ပေးသော စနစ်ပါရှိခြင်း။
၅။ အရောက်ပြီးအမျိုးမျိုးနှင့် အခြေအနေပြ အသံစနစ် အမျိုးမျိုးတို့ပါရှိခြင်း။

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)

ရေအတွက်ဆို
Auto ပိုတာယ်။

အာမခံ (တစ်နှစ်)

အမှတ်(၂၇၄)၊ ဆိပ်ကမ်းသာလမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၇၈၁၃၄၆၊ ၀၁ ၂၅၀၉၃၃၊ ၀၁ ၈၁၃၉၂၉၂၂
ရဲထွန်းကို(နေပြည်တော်)
၀၉၄ ၂၀၇၄၅၈၅၇၊ ၀၉၄ ၂၀၇၁၅၀၇၅
web : autoproductmm.com ; autoelectronicproducts.com

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY

For March 2019 Exam

LCCI(UK) Level I,II & III

လှည်းတန်းကျောင်းနှင့် အောင်မြေသာစည်ကျောင်းတို့တွင်ခုံနံပါတ်ကြိုတင်ယူပြီး ကျောင်းအပ်နိုင်ပါပြီ။

လှည်းတန်းကျောင်း - အမှတ် - (၁၈၃အေ ~ ၆ဘီ)၊ သမြေညို(၂)တိုက်၊ ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၁၃၇၊ ၅၁၂၉၀၀၊ ၅၁၄၁၀ ၂၊ ၀၉ ၄၄ ၂၉၉၆၆၅၊ ၀၉ ၇၁၁၀၈၄၁၉၊ ၀၉ ၅၁၇၀၁၀၅

အောင်မြေသာစည်ကျောင်း - အမှတ် (၁၀)၊ အောင်မြေသာစည်လမ်း၊ ဆင်ရေတွင်းမှတ်တိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၁၈၈၈၄၊ ၀၉ ၄၅၀၀ ၂၂၆၄၊ ၀၉ ၉၆၆၄၄၇၈၄၇ facebook Nay Lin Aung Finance & Accountancy Academy

ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 7F/3404 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၃)ရပ်ကွက်၊ သပြေကန် (၄)လမ်း၊ မြေကွက်အမှတ် (၉၆)၊ အကျယ်အဝန်း (၄၀ x ၆၀)ရှိ [illegible] အား လက်ရှိထားပိုင်ဆိုင်သူ [illegible] မှ [illegible] အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးဇော်ဝင်းလှိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ် - [illegible])
အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ [illegible]

"စိုင်းခွန်နောင်" ကုမ္ပဏီ
အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်း
ဝယ်/ငှားသင့်သောနေရာကောင်းများ (ပွဲစားမလို)
01-233 1172~4, 09 4430 29696, 09 4430 56651, 09 899 7000 80, 09 899 7000 90

ရွှေတောင်ကြားလမ်း၊ ဘိုးဘွား	(50×80)	2RC	11700L
(7)မိုင်၊ကုန်းမြင့်ရိပ်သာ၊ ဘိုးဘွား	(8800sqft)	မြေ	12000L
စမ်းချောင်းလမ်းသွယ်၊ ဂရန်	(75×55)	2RC	12000L
(8)မိုင်၊ J- 8 အနီး၊ ဂရန်	(55×60)	3RC	7500L
သဃန်း၊ VIP(I)၊L -ကွက်၊ဂရန်	(80×60)	2RC	7500L
ရကာ၊ကျောက်ကုန်း၊ ဂရန်	(30×100)	မြေ	7500L
တ/ဥ၊ဝေဇယန္တာလမ်းအနီး၊ ဂရန်	(80×60)	မြေ	5200L
မ/ဥ၊သုဓမ္မာလမ်းမ၊ ဂရန်	(20×82)	မြေ	3700L
ဗဟန်း၊ရွှေတောင်ကြား(2)	(100×100)	1RC	$1500
အောင်ဇေယျလမ်းမ	(70×200)	မြေ	150L
ပါရမီလမ်းမ၊ လှုပ်ငန်းကောင်း	(80×100)	2RC	60L
ရကာ၊မိုးကောင်းလမ်းမ	(25×90)	2RC	35L
သံသုမာလမ်းမ၊ L -ကွက်	(40×60)	1RC	25L
တ/ဥ၊ရတနာလမ်းမ	(40×60)	မြေ	18L
မ/ဒဂုံ၊ရွှေပင်လုံအိမ်ရာ	(100×100)	2RC	15L

ဤကြော်ငြာတွင်မပါရှိသော်လည်း လူကြီးမင်းတို့ ဝယ်ယူ/ငှားရမ်းလိုသော နေရာများအား ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း
အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတာကိုရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

စက်တင်ဘာလ(၃/၅/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

တရုတ် | ENGLISH Conversation Practice

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang

ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636, 09 420230133

ဦးနှင်းဦး(ထားဝယ်) ထိပ်တန်း
အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း

Yangon White Light
အိမ်ခြံမြေကုမ္ပဏီ

ရန်ကုန်မြို့တွင်းရှိ အချိန်ကြန့်ကြာနေပြီး ငှားမထွက်သော တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်း အိမ်ရှင်များ အမြန်ဆက်သွယ်ကြပါ။ အိမ်တွင်းအလုပ်ခြင်းဆင့် (အကြိုးပေး) ဝန်ဆောင်မှု ပေးနေပါသဖြင့် လူကြီးမင်းတို့ကိုယ်တိုင် အုံသြဖွယ် အမြန်ငှားထွက်မည့် ဝမ်းသာမှုကို ယူလိုက်ပါ။

09 252703331, 09 977772918

အရပ်ရှည်ဖြီး ဉာဏ်ရည်ထက်ဖို့
Mega Teen
သောက်ကြစို့။

အသက်(၉)နှစ်မှ(၂၄)နှစ်အတွင်း ကျား/မ မရွေး တစ်နေ့(၁)လုံးမှ(၃)လုံးအထိ သောက်သုံးနိုင်ပါသည်။

ဆယ်ကျော်သက် အားဆေး **Mega Teen**

TNC — GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါ TNC Showroom များတွင် ရရှိနိုင်ပါပြီ။

- Order များမှာယူလိုလျှင် ၀၉-၄၅၉၉ ၀၉၉၃ ၀၀၄ သို့ တိုက်ရိုက်ဖုန်းဆက်မှာယူနိုင်ပါသည်။ အမြို့မြို့အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

AUTRON နားကြားကိရိယာ

- AUTRON မှ နားအကြားနှင့် "အသံ" စမ်းသပ်ပေး၍ လက်ရှိအသုံးပြုနေသူများ၏ နားကြားကိရိယာများကို ပြန်လည်စစ်ဆေးပေးခြင်း။
- နောက်ဆုံးပေါ် ကွန်ပျူတာပရိုဂရမ်သုံး နားအတွင်းထည့်နှင့် နားနောက်ချိတ်နားကြားကိရိယာများ ချိတ်ဆက်ပေးခြင်း။
- ဝယ်ယူမည့်သူများအတွက် ...

Promotion Date: 27.8.18 to 8.9.18

SHOW ROOM အသစ်ဖွင့်လှစ်ခြင်း

အမှတ်-(၁၇၀)၊ ပင်လုံလမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၅၁၇၃၀၀၀၂၊ ၀၉-၇၈၃၉၇၈၈၃

အိပ်ယာခင်း၊ စောင်၊ ခေါင်းအုံး၊ ဖက်လုံး၊ မွေ့ယာ

CITY MALL — August 27 to September 1, 2 2018

Rose Garden Hotel — September 1, 2 2018

GOLDEN EDEN SLEEP SOLUTIONS
Imported from Singapore
www.goldenedensleepsolutions.sg

Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza.
Ph: 01 203671, 205756
Kaday Myaing Co.,Ltd
Authorized Sole Distributor in Myanmar

"ရွှေညီ"
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

GW 0973226006, 0973133528, 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

ရွှေမဟာ
09-5106146
09-775106146

ဖခင်အမည်မှန်

အထက၊ ဆကာကြီး၊ ဒသမတန်း၊ အတွဲ(၁) (B)အခန်းနေ မနှင်းလဲ့ဦး၏ဖခင်အမည်မှာ ဦးဇင်မင်းဌေး[၁၄/ ခနဖ(နိုင်)၁၁၁၃၇၇] ဖြစ်ပါကြောင်း။

ဦးဇင်မင်းဌေး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း (အောင်မြင်မြို့) အထက၊ ဒသမတန်းမှ မောင်ညဏ်မင်းသာ၏ ဖခင်အမည်မှန် ဦးဝင်းမင်းထိုက် [၇/ကတခ(နိုင်)၁၁၆၆၆၅] ဖြစ်ကြောင်း။

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁) ဒသမတန်း(A)မှ မနွယ်နွယ်ဝင်း၊ စတုတ္ထတန်း(B)မှ မောင်သိန်းထိုက်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး [၇/ဖမန(နိုင်)၁၀၂၀၁၆] ဖြစ်ပါသည်။

ဦးမောင်စိုး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင်မြို့၊ အထက၊ ဒသမတန်းမှ မောင်နေမျိုးအောင်နှင့် နဝမတန်းမှ မောင်နေမျိုးထွန်းတို့၏ ဖခင်အမည်မှန်မှာ မောင်ဒါယာရမ်း[၇/ဖမန(နိုင်)၀၉၃၈၅၆] ဖြစ်ပါကြောင်း။

ကျိုးပေါင်းရောဂါဖြစ်နေရင်……

"အေးသစ္စာ" ဆေးခန်းကို သတိရပါ။

စိတ်အပ်မထိုး၊ မနင်းမနှိပ်၊ မနာမကျင် တိုင်းရင်းဆေးစစ်စစ်ဖြင့် ကုသည်။

၁။ အမှတ်(၁၁၀၂)၊ ရွှေခင်းသာလမ်း၊ (၆)ရပ်ကွက်၊ ကြယ်ပွင့်ဈေး အနီး၊ သာကေတမြို့နယ်၊ ရန်ကုန်။

၂။ အမှတ်(၈)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းထိပ်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။

ဖုန်းခေါ်ရန် – Ph:09 798 118 528, 09 730 15215.

လပြည့် ၊ လကွယ်ပိတ်ဆေးခန်းပိတ်သည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-B)၊ မြေကွက်အမှတ်(၉၆)၊ မြေကွက်တည်နေရာအမှတ်(၁၂)၊ ၃လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဒေါ်စိန်လှ[၁၂/မဂတ(နိုင်)၀၅၂၀၁၉]) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်လှ[၁၂/မဂတ(နိုင်)၀၅၂၀၁၉]သည် ၈-၄-၂၀၁၇ ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအုံးလှိုင်(CG-၀၀၇၈၆၈)သည် ၂-၈-၁၉၉၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်စိန်လှ၏ ကိတ္တိမမွေးစားသမီး ဒေါ်နှင်းအိအိခိုင်[၁၂/မဂတ(နိုင်)၀၇၄၀၁၁]မှ ဦးအုံးလှိုင်သည် ၂-၈-၁၉၉၇ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်စိန်လှမှ ၎င်း၏ခင်ပွန်း အမည်ပေါက်ဖြစ်သော အဆိုပါ မြေကွက်အား ပိုင်ဆိုင်စာချုပ်အမှတ်-၆၃၉၁/၂၀၁၄(၂-၁၀-၂၀၁၄) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးအုံးလှိုင်၊ ဒေါ်စိန်လှတို့တွင် သားသမီး မထွန်းကားခဲ့၍ ဒေါ်စိန်လှမှ ၎င်းအား စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၁၉/၂၀၁၄ ဖြင့် ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ကြောင်း၊ ၎င်းသည် ဦးအုံးလှိုင်၊ ဒေါ်စိန်လှတို့၏ တစ်ဦးတည်းသော အမွေစားအမွေခံ ကိတ္တိမမွေးစားသမီးဖြစ်ကြောင်း၊ ၎င်းအပြင် အခြားအမွေစားကိတ္တိမသား/သမီးလည်းမရှိကြောင်း၊ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်မှာ ဒေါ်စိန်လှ၏ တစ်ဦးတည်းသော ကိတ္တိမသမီးဖြစ်သူ ၎င်းတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၂၂၈/၁၈ (၆-၂-၂၀၁၈)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ခန်းတွဲ (၆)ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူ ဒေါ်နှင်းအိအိခိုင်နှင့် လျှောက်ထားသူထံမှ အငှားများ၊ အပျောက်ခန်းများ နေထိုင်ပါသည်။ လျှောက်ထားသူမှ အငှားနှင့် အပျောက်ခန်းများနှင့်ပတ်သက်၍ ဝန်ခံကတိတင်ပြပြီး ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင်မြို့၊ အထက၊ ဒသမတန်းမှ မောင်စည်သူအောင်၏ ဖခင် ဦးသန်းစိုး (ခ) ဦးသန်းလွင်ဦး[၇/ဖမန(နိုင်)၀၂၂၁၈၉] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းစိုး(ခ)ဦးသန်းလွင်ဦး

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင်မြို့၊ အထက ဒသမတန်းမှ မနှင်းအိဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်ချိုကြည်[၇/ကတခ(နိုင်)၀၆၅၂၀၈]ဖြစ်ကြောင်း ။

ဒေါ်ချိုကြည်

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် တောကျွဲအင်း၊ (အောင်မြင်မြို့) အထက ဒသမတန်းမှ မဥမ္မာကြည်၏ မိခင်အမည်မှန်မှာ ဒေါ်ညွန့်မေ[၁၃/ဖခန(နိုင်)၀၂၂၄၃၁] ဖြစ်ကြောင်း။

ဒေါ်ညွန့်မေ

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင်မြို့ အထက ဒသမတန်းမှ မောင်ကျော်ဇင်ဝင်း၏ ဖခင် ဦးဇော်ဝင်း(ခ)ဦးဇော်မျိုး [၇/ဖမန(နိုင်)၂၀၂၁၇၃]မှာ တစ်ဦးတည်းဖြစ်ကြောင်း။

ဦးဇော်ဝင်း(ခ) ဦးဇော်မျိုး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိုင်၁၊ မြေကွက်အမှတ်-II၇၈၊ မြေကွက်တည်နေရာအမှတ်-၄၅၊ (၅၂)လမ်း၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါ်စန်းရီ [၁၂/ဗတထ(နိုင်)၀၂၇၂၅၂]၊ ဦးစန်းတင့်ဦး[၁၂/ဗတထ(နိုင်)၀၁၈၁၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူ ဒေါ်စန်းရီ[၁၂/ဗတထ(နိုင်)၀၂၇၂၅၂]သည် ၂၄-၆-၂၀၁၆ ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစိန်ထွန်း[၁၂/ဗတထ(နိုင်)၀၂၇၂၄၉]သည် ၁၇-၁၀-၂၀၁၃ ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် ၎င်းတို့၏အစုအားသားသမီးများဖြစ်သော ဒေါ်လှလှစိန်[၁၂/ဗတထ(နိုင်)၀၂၉၈၀၉]၊ ဒေါ်မြင့်မြင့်စိန် [၁၂/ဗတထ(နိုင်)၀၂၇၃၇၇]၊ ဒေါ်ဌေးဌေးစိန်[၁၂/ ဗတထ(နိုင်)၀၂၇ ၃၀၄]၊ ဦးစန်းမြင့်ထွေး [၁၂/ဗတထ(နိုင်)၀၂၇၂၈၂]တို့မှ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစန်းတင့်ဦး[၁၂/ဗတထ(နိုင်)၀၁၈၁၄၉]နှင့်အတူ ပူးတွဲ၍ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်းများအဖြစ် မိမိတို့ မောင်နှမ(၄)ဦးကိုသာ မွေးဖွားခဲ့ကြောင်း ကွယ်လွန်သူမိဘများသည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြသော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်းမရှိပါကြောင်း၊ ကွယ်လွန်သူ မိခင်ဒေါ်စန်းရီ၏ပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူသားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ(၄)ဦးကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကတိသစ္စာပြုလွှာအမှတ်စဉ် ၃/၂၄၅၀ (၂၈-၃-၂၀၁၈)၊ ထောက်ခံကတိသစ္စာပြုလွှာ(၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ(၁)စောင်၊ ဒေါ်စန်းရီနှင့် ဦးစိန်ထွန်းတို့၏ သေစာရင်းများ၊ ဂရန်ပျောက်ဆုံးကြောင်း အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ နှစ်(၆၀)ဂရန်မူရင်းမှာ မီးလောင်ပျက်စီးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါ နှစ်(၆၀)ဂရန်မူရင်းအား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လုံးဝမရှိပါကြောင်းနှင့် တာဝန်ယူကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်ကတိသစ္စာပြုလွှာ အမှတ်စဉ်- ၃/၂၄၄၉(၂၈-၃-၂၀၁၈)၊ ဂရန်မိတ္တူတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင်(၄)ခန်းတွဲ (၈)ထပ်တိုက်ရှိပြီး မြေညီထပ်(၁)ခန်း ဒေါ်မြင့်မြင့်စိန်နေထိုင်ပြီး၊ (၅)လွှာ(၁)ခန်း ဦးစန်းတင့်ဦးနေထိုင်ပြီး ကျန်အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိအား လူနေစာရင်းနှင့်တကွ ကိုယ်တိုင်လာရောက်တင်ပြပြီး ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှန်

အထက(၁)ဒဂုံ၊ စတုတ္ထတန်း(A)တွင် ပညာသင်ကြားနေသော အဖဦးစိုးမင်း၏ သား မောင်ဇေယျာလင်း၏ မွေးသက္ကရာဇ် အမှန်မှာ (၃-၉-၂၀၀၈) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁)၊ ဒသမတန်း(H)မှ မချိုမာမြင့်၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ဦး [၇/ဖမန(နိုင်)၁၁၇၄၅၆] ဖြစ်ပါသည်။

ဦးဇော်လွင်ဦး

ဖခင်အမည်မှန်

အထက(၁) ဒဂုံမြို့သစ်မြောက်ပိုင်း၊ အဌမတန်း(E)မှ မယဉ်မျိုးအိ၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းထိုက်စံ[၉/ မလန(နိုင်)၁၁၈၁၅၃] ဖြစ်ပါသည်။

ဦးအောင်သိန်းထိုက်စံ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင်မြို့၊ အထက၊ ဒသမတန်းမှ မောင်ခွန်သန့်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင်[၇/ကတခ(နိုင်)၀၉၆၅၂၁] ဖြစ်ကြောင်း။

မှတ်ပုံတင်ပိုးသတ်ဆေး လွှဲပြောင်းဖြန့်ဖြူးခြင်း

Bayer AG မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးများကို မူလဖြန့်ချိသူ Bayer Thai Co., Ltd. (Myanmar Branch) မှ Marlarmyaing Co., Ltd. သို့ပြောင်းလဲ ဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

Trade Name	A.I	Reg. Type	Reg. No.
Sencor 70 WP	Metribuzin 700g/kg	Provisional	P2018-2346

Bayer Thai Co., Ltd. (Myanmar Branch). Phone-01-382710

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ရပ်ကွက်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်(19/A)၊ Basement ပါသော(၃)ခန်းတွဲ RC(၁၂)ထပ်တိုက်၏ 3-Floor၊ အခန်းအမှတ်(3.C)၊ ဧရိယာ(၁၄၅၅)စတုရန်းပေ၊ မြေပိုင်မြေပေါ်ရှိ Green Inya Condo တိုက်ခန်းနှင့် ၎င်း Green Inya Condo တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော ဦးနိုင်ဦးအောင်[၆/ထဝန(နိုင်)၀၉၇၇၂၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်ဝသုန်သက်[၁၂/ဒဂန(နိုင်)၀၃၀၄၀၈]၊ ဒေါ်ယမုန်သက်[၁၂/ဒဂန(နိုင်)၀၃၀၄၀၇]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ဝသုန်သက်၊ ဒေါ်ယမုန်သက်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ

ဦးဝင်းမင်းစိုး	**ဒေါ်သူဇာကျော်**
LL.B,WIPO(Switzerland)	**LL.B,D.B.L,D.I.L,WIPO(Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	**အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)**
Ph-01-246869,09-450023651	**Ph-09254508917**

ဒေါ်ဝေဖြိုးအောင်
LL.B အထက်တန်းရှေ့နေ(စဉ်-၄၄၀၀၃)
Ph-09-421157856
Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံ၊ အထက(၃)၊ ဒသမတန်း(ဇီဇဝါ)မှ ကျောင်းဝင်နံပါတ် ၄၉၆/၁၈၊ ဦးကိုးဝိုက်မန်၏ သား အမည်မှန်မှာ မောင်ခုတ်ရှင်းမွန်ခွါလ် [၁၃/မဆတ(နိုင်)၀၆၈၆၄၄] ဖြစ်ပါကြောင်း။ **မောင်ခုတ်ရှင်းမွန်ခွါလ်**

ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက (မကျည်းလဟာ)၊ ဒသမတန်း(A)မှ မမိုးသူဇာ၏ ဖခင်အမည်မှန်မှာ ဦးပေါက်စ [၁၄/ငသခ(နိုင်)၀၁၉၂၆၅] ဖြစ်ပါသည်။

ဦးပေါက်စ

ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက(ဇရပ်လှ)၊ ပဉ္စမတန်း(B)မှ မဖြိုးဖြိုးကျော်ဇင်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး[၁၄/ရကန(နိုင်)၀၉၅၉၇၃] ဖြစ်ပါသည်။

ဦးခင်မောင်ထွေး

ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက (မကျည်းလဟာ)၊ ဒသမတန်း(A)မှ မောင်ကောင်းချစ်တိုးနှင့် အမက (ကွင်းကြီးနောက်) တတိယတန်းမှ စောချစ်လှကာတို့၏ဖခင်အမည်မှန်မှာ ဦးသိန်းအေး[၁၄/ရကန(နိုင်)၀၅၂၉၀၀]ဖြစ်ပါသည်။

ဦးသိန်းအေး

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန (ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိ အရပ်ရပ်အခွင့်အရေးလိုင်စင် (၂၃)ခုအား သားသတ်လိုင်စင်များအား အညီအမျှခွဲဝေစနစ်ဖြင့်လည်းကောင်း၊ အပေါင်ဆိုင်လိုင်စင်များအတွက် သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ အခြားလိုင်စင်များအတွက် ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ (၄-၉-၂၀၁၈)၊ (၁၀-၉-၂၀၁၈)၊ (၁၃-၉-၂၀၁၈)၊ (၁၈-၉-၂၀၁၈)၊ (၂၁-၉-၂၀၁၈)ရက်များ၌ နံနက် ၁၀း၀၀ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ရောင်းချမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား မည်သူမဆို လျှောက်ထားနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၃-၃၄၀၁၂ သို့ မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
မြို့နယ်စည်ပင်သာယာရေးကော်မတီ
ဇီးကုန်းမြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀ (က+ခ) မြေကွက်အမှတ်-၁၅၃၊ လှည်းနေရပ်ကွက်အမှတ် (၁၆)၊ အိမ်အမှတ် (၉၃)၊ မာလာမြိုင် (၅) လမ်းဟုခေါ်တွင်သော မြေအမည်ပေါက် ဒေါ်ငွေငွေဝင်း (၁၃/သဝန (နိုင်) ၀၀၁၆၂၈) ပိုင်ဆိုင်သော (၂၅'×၅၀') ပေရှိ နှစ် (၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်တိုက်၏ မြေညီအခန်း (စတုတ္ထထပ်/၄-လွှာ) အခန်းအား ကန်ထရိုက်တာ ဦးမြင့်ဝင်း (၁၂/မဂတ (နိုင်) ၀၇၀၁၂၅) နှင့် ဦးအေးလှ (၁၂/လမန (နိုင်) ၀၁၂၀၅) တို့ နှစ်ဦးမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ ကတိပြုပြောဆိုသည်ကို ၎င်းတို့ (၂) ဦးထံမှ ကျွန်ုပ်၏အမှုသည်မှ ပြန်လည်လွှဲပြောင်းဝယ်ယူရန်သဘောတူညီကြပြီးဖြစ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းမာတင့် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၄)
အမှတ်-၇၇၊ မြနီကုန်း၊ ဈေးခုံလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉ ၂၅၄၀၄၅၃၈၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ မြယမုံ စမ်းရိပ်မြိုင်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၄၁)၏ ပါမစ်အမည်ပေါက် ဒေါ်မြမြစိန် [၁၂/ကမရ(နိုင်)၀၀၂၁၁၄] မှ မြေငှားစာချုပ် ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၁၆၈)၊ (အလျား×အနံ)ပေ(၄၀×၆၀)အကျယ်အဝန်း၊ မြေအမည်ပေါက် ဒေါ်ခင်ကြိုင်၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရောက်ပိုင်ဆိုင်ထားရှိသည့် ဦးမောင်မောင်ဦး [၁၂/ သဃက(နိုင်)၀၂၇၂၈၆] နှင့် ဒေါ်ခင်ဆွေဦး[၁၂/သဃက(နိုင်)၀၂၈၂၃၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအုန်းရွှေ[၁၂/သဃက(နိုင်)၁၁၄၀၂၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်

ဦးအုန်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဦး(စဉ်-၄၄၄၉၄) အထက်တန်းရှေ့နေ၊
အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ဖုန်း-၀၉-၉၆၁၆၀၆၀၆၁

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရှေ့တွမ်(ခ)ဦးရွှေထွန်း (သာယာဝတီ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၉/ပ)ထပ်၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်နေ ဒေါ်ကြင်ကီ၏ ခင်ပွန်း၊ Dr.စန်းလွင် - Dr.ခင်နွယ်ဦးတို့၏ ဖခင် သည် ၂၉-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၄-၈၂၊ ဆေးတက္ကသိုလ်(၂)
အတန်းဖော်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အေး (နတ်တလင်း)
အသက်(၉၀)

သူငယ်ချင်း အောင်သန်း၏ မိခင် ဖြစ်သူသည် ၂၉-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း၊ မိခင်ကြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စုံစမ်းရေးလက်ထောက်(၁၉၈၈)၊ လူမှုကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ညွန့်သိန်း(ငြိမ်း)
ကာကွယ်ရေးဦးစီးချုပ်(ရေ/ငြိမ်း)
ရေ-၁၀၈၇၊ စစ်တက္ကသိုလ် အပတ်စဉ်(၃)
အသက်(၇၉)နှစ်

Square Power Group Co.,Ltd.မှ နာယကကြီးဖြစ်သော Director ဦးမောင်မောင်အုန်း၏ ချစ်လှစွာသော ဖခင်ကြီးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ညွန့်သိန်းသည် ၂၆-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲ ရပါကြောင်း။

Square Power Group Co.,Ltd. မှ
ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း
ရဲအုပ်စိုးထွန်းလွင် (လ-၁၆၇၇၃၅)
အသက်(၄၅)နှစ်
ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ် ၄၆/၂၀၀၂

ပြင်ဦးလွင်ခရိုင်အကူ လုံခြုံရေးတပ်ခွဲမှ ရဲအုပ်စိုးထွန်းလွင်သည် ၃၁-၈-၂၀၁၈ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ် ၄၆/၂၀၀၂
သူငယ်ချင်းများ

"ရှာ၍ မရသော မိဘနှစ်ပါးသို့ အလွမ်း"
ဖခင်ကြီး ဦးရွှေအေး-လက်ထောက်မန်နေဂျာ(ငြိမ်း)
(၁. ၉. ၂၀၀၈-၁. ၉. ၂၀၁၈)-(၁၀) နှစ်ပြည့်
မိခင်ကြီး ဒေါ်စောတင်
(၁. ၈. ၂၀၁၇-၁. ၉. ၂၀၁၈)- (၁) နှစ်နှင့် (၁) လ

"အဖေ"လို့ မခေါ်ရတာ (၁၀) နှစ်၊ "အမေ"လို့ မခေါ်ရတာ (၁) နှစ်နှင့် (၁)လ ရှိခဲ့ပါပြီ။ ကျေးဇူးကြီးမားလှသော "ဖခင်ကြီးနှင့် မိခင်ကြီး"တို့အတွက် ရှိ၍ လှူခြင်းမဟုတ် သိ၍ လှူခြင်းမျိုးဖြင့် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် လှူဒါန်းမှုများ ပြုလုပ်ပေးနေပါတယ်။ ယနေ့ "အဖေနဲ့ အမေ"အတွက် လှူဒါန်းနေတာကိုလည်း မြင့်မြတ်ရာ ဘုံဘဝမှ ကြားသိမြင်နိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ်ပေးပါနော်။ နိဗ္ဗာန်ကိုလည်း အတူတကွ တက်လှမ်းနိုင်ပါစေ။ နိဗ္ဗာန်မရောက်မီ သံသရာတကွေ့မှာလည်း "ဒီအဖေ ဒီအမေနဲ့ သမီးတို့သားတို့" မိသားစုအဖြစ် ပြန်လည်ဆုံတွေ့ရပါစေ။ ပြုခဲ့သမျှ ကုသိုလ်. . . အမျှ. . . အမျှ. . . အမျှ. . . ပါ "အဖေနဲ့အမေ"

"အမြဲတမ်းလွမ်းဆွတ်
သတိရနေသော
သမီး/သား/မြေးတစ်စု"

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာထွန်းထွန်း (တောင်ကြီး)
အသက်(၈၆)နှစ်

EMBA 5th Batch တွင် တက်ရောက်ခဲ့သော ဦးစိုင်းခွန်ကျော်သူရထွန်း-ဒေါ်မေသက်ခိုင်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဒေါက်တာထွန်းထွန်းသည် ၂၈-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

EMBA 5th Batch မှ သူငယ်ချင်းများ

ဒေါ်ခင်ဆွေ (ကျောင်းဆရာမ-ငြိမ်း) (၇၄)နှစ်
အထက(၁)လသာ (စင်ထရယ်)
အထက(၁) မင်္ဂလာဒုံ၊ အထက(၆)ရွှေပေါက်ကံ

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နေ (ဦးမောင်ဆင်-ဒေါ်အုန်းသင်)တို့၏ သမီး၊ တိုက် (၅၉)၊ အခန်းအမှတ်(၃၀)၊ ကမ္ဘာအေးဘုရားလမ်းနေ (ဗိုလ်ကြီးဒေါ်စောနု)၏ ချစ်လှစွာသောညီမ၊ (ဦးစံသိန်း-ဒေါ်အေးမြ)၊ (ဦးထွန်းကြည်)-ဒေါ်သိန်းတင်၊(ဦးညွန့်)-ဒေါ်အေးကြင်၊ ဦးထွန်း-ဒေါ်သိန်းမြင့်၊ ဒေါ်တင်တင်၊ ဒေါ်မြကြည်၊ (ဦးတင်ကြိုင်)တို့၏ ညီမသည် ၃၁-၈-၂၀၁၈ ရက် နံနက် ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း (၇၂) နှစ်
စက်ပြင်၊ ဆည်မြောင်းဦးစီးဌာန (ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၆၀၆/ခ)၊ ကောလင်း(၅)လမ်းနေ (ဦးကံသိန်း-ဒေါ်ပု)တို့၏သားကြီး၊ ဒေါ်ညိုကြည်၏ခင်ပွန်း၊ ဒေါ်ခင်တင့်၊ ဦးစန်းလွင်၊ ဦးစိုးလွင်၊မစန်းတို့၏အစ်ကိုကြီး၊ ဦးသောင်းဌေး-ဒေါ်မြင့်မြင့်ရီ၊ ဦးမြင့်ထွန်း-ဒေါ်ညိုညိုဝင်း၊ ဦးသောင်းထွန်းဝင်း-ဒေါ်နွဲ့နွဲ့ကြည်၊ ဦးအောင်ထွန်းဝင်း-ဒေါ်ဝါဝါလင်း၊ ဦးသင်းအောင်-(ဒေါ်ခင်သန်းဝင်း)တို့၏မွေးသဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက် တို့၏အဘိုးသည် ၃၁-၈-၂၀၁၈ (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပြီး ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း)
(စာရေးဆရာ ခင်မောင်အေး-မန္တလေး)

၂၁-၈-၂၀၁၈ရက်နေ့တွင် ကွယ်လွန်သွားသော ခင်ပွန်းဖြစ်သူ နာမကျန်းဖြစ်စဉ် ဆေးရုံတက်ရောက်ကုသပေးခဲ့သည့် မင်္ဂလာဒုံတပ်မတော်ဆေးရုံ ကြီးခုတင်(၁၀၀၀)မှ ပါရဂူဗိုလ်မှူးကြီးများ၊ ဆရာဝန်အရာရှိများ၊ သူနာပြုအရာရှိများ၊ သန့်ရှင်းရေးဝန်ထမ်းများ၊ ဈာပနကိစ္စအတွက် အဘက်ဘက်မှ ငွေအား၊ လူအား၊ ပစ္စည်းအား အပြည့်အဝဖြင့် အကူအညီပေးခဲ့ကြသော ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအဖွဲ့၊ မြောင်းမြအသင်း၊ မြဝတီစာပေတိုက်၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်မှ လုပ်ဖော်ကိုင်ဖက် ပရဟိတများနှင့် တယ်လီဖုန်း Messenger မှ အားပေးနှစ်သိမ့်ဖေးမကူညီသူအားလုံးတို့ကို လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူ
ချစ်ဇနီး သူဇာတင်(တောင်ကြီး)

ဝမ်းနည်းကြေကွဲခြင်း
ဦးရွှေထွန်း
အသက်(၉၁)နှစ်

ပါမောက္ခဒေါက်တာခင်မောင်လွင်(ပါမောက္ခဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ ဖခင်ကြီးသည် ၂၉-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဒေါက်တာဝင်းဝင်းကျော်
ပါမောက္ခဌာနမှူး
နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန
ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှသိမ်း (သုံးခွမြို့)
ဒု-အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ရေနံ
အသက် (၈၁) နှစ်

သူငယ်ချင်း ဦးတင်ထွန်းမြင့် (Chief Engineer)-တွဲဖက် ပါမောက္ခ Dr.လှမြတ်မိုမိုတို့၏ဖခင် ဦးလှသိမ်း(သုံးခွမြို့) အသက် (၈၁) နှစ်သည် ၂၉-၈- ၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ/ဆေးတက္ကသိုလ်-၂ (၁၉၈၄-၁၉၉၀)

ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်တွင် (၂၈) နှစ်တိုင်တိုင် ပညာသင်ကြားပို့ချခဲ့ပြီး တပည့်များအပေါ် သံယောဇဉ်ကြီးမားလှသော ဆရာမကြီး ဒေါက်တာဒေါ်မြမြအေး (ကထိက-ငြိမ်း၊ ဇီဝကမ္မဗေဒဌာန) အသက်(၈၃)နှစ်သည် ၂၅-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါ၍ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်လှိုင် (သဲအင်းယောဂီ)
အသက်(၇၉)နှစ်

ဗိုလ်မှူးမြင့်နိုင်(ငြိမ်း)-ဒေါက်တာနီနီဦးတို့၏ မိခင် ဒေါ်တင်လှိုင်သည် ၂၉-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းအမှတ်စဉ်(၇၃)မှ သူငယ်ချင်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်မင်းနောင်
အသက်(၄၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ ယင်းမာပင် ငါးလုပ်ငန်းစခန်းမှ ဦးဇော်မင်းနောင် (ဦးစီးအရာရှိ) သည် ၂၉-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ၉း၁၅ နာရီတွင် ကွယ်လွန်ကြောင်းကြား သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်
အရာထမ်း/အမှုထမ်းများ
ငါးလုပ်ငန်းဦးစီးဌာန

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
ဦးကြည်(ခ)ဦးစွန်လင်း
အသက်(၉၄)နှစ်
ကျိုက်လတ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ဆင်ဝင်လမ်း၊ အမှတ်(၈)နေ (ဦးတိုက်စိန်-ဒေါ်ကျင်မြ)တို့၏သား၊ [ဒေါ်ကျင်ပို့(ခ)ဒေါ်ပိုးတီ] ၏ ခင်ပွန်း၊ ဦးခင်အောင်လွင်-ဒေါ်အုန်းကြည်(ခ)အလိန်း၊ ဦးမောင်မောင်အေး-ဒေါ်စန်းဝိုင်း(အထက-၄၊ အလုံ)တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်ဌေးဌေးဝင်း(ခ)အာကြီး၏ ဦးလေး၊ ဦးရန်လင်းဦး - ဒေါ်မြတ်သန္တာထွေး၊ ကိုကျော်လင်းဦး၊ ကိုသော်နိုင်ထွန်း-ဒေါက်တာအေးမြတ်မွန်၊ ဒေါက်တာမြတ်သူဟန်၊ ကိုအောင်ဟိန်းကိုတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးသည် ၃၁-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှမိုးစိန်
အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၃၂)နေ ဦးထွန်းအောင်၏ ဇနီး၊ ရခိုင်ပြည်နယ်၊ ပန်းမော်ကျေးရွာနေ ဦးမောင်စိန်သာ-ဒေါ်ဦးသိန်းမြ၊ လေးမြို့စားကျေးရွာနေ ဦးအောင်လင်း-ဒေါ်စောမြသာ၊ရခိုင်ပြည်နယ်၊ အိုးတန်းကျေးရွာနေ ဦးလှထွန်းစိန်-ဒေါ်မေဝိုင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးထွန်းရင်-ဒေါ်ဥမ္မာ၊ကချင်ပြည်နယ်၊ ဖားကန့်နေ ဦးကျော်ထွန်းသာ-ဒေါ်မစံချေ၊ မင်္ဂလာဒုံမြို့နယ်နေ ဦးအောင်ညွန့်ထွန်း-ဒေါ်သျှင်မေ၊ ဗဟန်းမြို့နယ်နေ ဒေါ်မတင်သိန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ဌေးဝင်းသိန်းတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၃၀-၈-၂၀၁၈ ရက် ညနေ ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ရက် မွန်းလွဲ၁နာရီတွင် မင်္ဂလာဒုံနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)
ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်တင်စိန်
အသက်(၈၀)
ရာ/၂၂၉၅ သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၉၆၄/ခ)နေ (ဦးဟုတ်စိန်)၏ ဇနီး၊ ဒေါ်ခင်ဝင်းဌေး (ရာ/၂၂၉၆)၊ ဒေါ်ခင်ချိုဌေး(ခ)ဒေါ်ချိုမွှေး(ရာ/၂၂၉၇)၊ ဒေါ်ချိုဝင်းမော်တို့၏ မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်တင်စိန်သည် ၅-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါက်တာလေးကျော်
အသက်(၆၈)နှစ်

(ဦးထွန်းအောင်ကျော်-ဒေါ်တင်တင်)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ တိုက်(၂၄)၊ အခန်း(၀၀၁)၊ ပိတောက်ရွှေဝါလမ်းနေ ဒေါ်သိန်းညွန့်(သမဦးစီးဌာန၊ ဂုဏ်ထူးဆောင်အသင်းဝင်)၏ ခင်ပွန်း၊ မောင်မြတ်ကျော်ဦး၊ မောင်အောင်သူတို့၏ ဖခင် ဦးလေးကျော်သည် ၂၉-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သမားတော်ကြီး ဦးသောင်းနိုင်
မွှာစရိယ(သုံးဘာသာဂုဏ်ထူး)၊ အဘိဝံသ
ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း၊ ဥက္ကဋ္ဌ
အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၄၅/က)နေ (ဦးကျော်-ဒေါ်သန့်)တို့၏သား၊ (ဦးစိန်ဝင်း-ဒေါ်ကြည်စိန်)တို့၏ သားသမက်၊ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဒေါ်နီလာဝင်း၊ (ဦးဆန်းနိုင်)-ဒေါ်ခင်သီဂီစိုး၊ ဦးမောင်မောင်မြင့်(မြို့နယ်တိုင်းရင်းဆေးမှူး၊ ကန်ကြီးဒေါင့်)-ဒေါ်ပပဝင်း(မြို့နယ်တိုင်းရင်းဆေးမှူး၊ပုသိမ်)၊ ဦးဇော်မင်းထွန်း-ဒေါ်ဆွေဆွေနိုင်၊ မောင်ဝေလမင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) ည ၈း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယကာကြီး
ဗိုလ်မှူးမျိုးလွင်အောင်(ငြိမ်း)
(လေ/၁၃၁၈)
အသက်(၈၃)နှစ်

ဟသ်ာတမြို့နေ (ဦးသာဒွန်းအောင်-ဒေါ်ဒေါ်အုန်း)တို့၏သား၊ (ဒေါ်တင်အေး)၏ မောင်၊ (ဦးဉာဏ်ထွန်းအောင်)-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၇)လမ်း (မြောက်)၊ အမှတ်(၂၉၀/A)နေ ဒေါ်ခင်စောလှိုင်၏ ခင်ပွန်း၊ ဒေါက်တာ ကျော်သူရအောင်၊ ဦးအောင်ကြည်ဝင်း-ဒေါ်သီရိအောင်တို့၏ဖခင်၊ ကိုကျော်နန္ဒအောင်၊ ကိုဟန်သူ-မရည်မွန်အောင်တို့၏ဘကြီး၊ မစုမြတ်ဝင်း၊ မောင်ကျော်သီဟ(TTC)တို့၏အဘိုးသည် ၃၁-၈-၂၀၁၈ (သောကြာနေ့) နံနက် ၀၀း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မဥ္ဇူစိန်လှ (ခ) Pansy Sein Hla
Executive Director, YKKO Group of Compaines., Ltd
အသက် (၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဟံသာဝတီ(၂၂)လမ်း၊ အမှတ်(၁၂၆၆)၊ အခန်း(၂၀၁)၊ Serene Condominium နေ (ဦးစိန်လှ-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးထွန်းမောင်)-ဒေါ်မြမြဝင်းတို့၏သမီးချွေးမ၊ ဦးမျိုးမင်း(Deputy Chief Engineer, ZEYA & ASSOCIATES CO.,LTD)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးပြည့်ဟိန်းကျော်၊ ကိုတောက်ထွန်းနိုင်-မဇင်ဇင်မြင့်တို့၏ချစ်လှစွာသော မိခင်၊ ဦးထင်အောင်-ဒေါ်တင်တင်လှိုင်၊ (ဦးကျော်စိန်)၊ (ဦးကျော်မြင့်)-ဒေါ်ဆွေမာစိန်လှ၊ ဦးထွန်းဇံအောင်-ဒေါ်နီလာစိန်လှ၊ (ဦးဆန်နီတိုး)-ဒေါ်မာလာစိန်လှ၊ ဒေါ်ရွှေဝါစိန်လှတို့၏ညီမ/အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၈ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မဥ္ဇူစိန်လှ (ခ) Pansy Sein Hla
Executive Director, YKKO Group of Co., Ltd
အသက် (၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဟံသာဝတီ(၂၂)လမ်း၊ အမှတ်(၁၂၆၆)၊ အခန်း(၂၀၁)၊ Serene Condominium နေ (ဦးစိန်လှ-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးထွန်းမောင်)-ဒေါ်မြမြဝင်းတို့၏သမီးချွေးမ၊ ဦးမျိုးမင်း(Deputy Chief Engineer, ZEYA & ASSOCIATES CO.,LTD)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးပြည့်ဟိန်းကျော်၊ ကိုတောက်ထွန်းနိုင်-မဇင်ဇင်မြင့်တို့၏ချစ်လှစွာသော မိခင်၊ (ဦးအောင်ကျော်ဆန်း)၊ ဦးစံသူ-ဒေါ်ချယ်ရီတင်၊ ဦးလှိုင်ဦး-ဒေါ်မျိုးမျိုးစိုးတို့၏ညီမ/အစ်မ၊ တူ/တူမ သုံးယောက်တို့၏ အဒေါ်သည် ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၈ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဟာဂျီမ ဆဖီယာဘီ(ခ)ဒေါ်မြသင်(ခ)Margaret Chit
အသက် (၈၉) နှစ်

၂၂-၈-၂၀၁၈ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားသော ဟာဂျီမဆဖီယာဘီ (ခ) ဒေါ်မြသင် (ခ) Margaret Chit အသက် (၈၉) နှစ် နာမကျန်းဖြစ်စဉ်တစ်လျှောက် စေတနာ၊ မေတ္တာနှင့် အပြည့်အဝကုသပေးပါသော ရွှေဂုံတိုင်အထူးကုဆေးရုံကြီးမှ နှလုံးရောဂါအထူးကု သမားတော်ကြီး ပါမောက္ခဒေါက်တာဦးဆန်းလွင်၊ ဆီးနှင့် ကျောက်ကပ် အထူးကုသမားတော်ကြီးပါမောက္ခဒေါက်တာဦးခင်မောင်ဌေး၊ ဦးနှောက်နှင့် အာရုံကြောအထူးကု သမားတော်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်မိမိချိုတို့အားလည်းကောင်း၊ ဆေးရုံအထပ်(၄)ရှိ ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ နာရေးတွင်လာရောက်မေးမြန်းကူညီနှစ်သိမ့်ပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ E-mail ပေးပို့ကြပါသော ဆွေမျိုး၊ မိတ်ဆွေများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု
ဒေါ်မီမီထွန်း-ပါမောက္ခ ဒေါက်တာမျိုးဝင်း၊
ဒေါ်နီနီထွန်း-ဦးထွန်းဝင်း (U.S.A)၊
ဒေါ်နွယ်နွယ်ထွန်း

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီညှိနှိုင်းအစည်းအဝေး တက်ရောက်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး(၃/၂၀၁၈)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ယနေ့ကျင်းပသည့် အစည်းအဝေးအပါအဝင် အစည်းအဝေး(၈)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မိုးတွင်းကာလရောက်တိုင်း ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်၊ ရေကြီးရေလျှံမှု ဘေးအန္တရာယ်များနှင့် ကမ်းပြိုကမ်းစားမှု ဘေးအန္တရာယ်များကို ကြုံတွေ့ရလေ့ရှိပြီး ဘေးဒုက္ခခံစားရသူများအနေဖြင့် စီးပွားရေး၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ မောင်တောဒေသသို့ သွားရောက်လေ့လာ

စစ်တွေ ဩဂုတ် ၃၁

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမားနှင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ နံနက် ၈ နာရီတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ငါးခူရပြန်လည်လက်ခံရေးစခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များ ပေးပို့မှုဆောင်ရွက်ခြင်းအား အသိပေးခြင်း

နေပြည်တော် ဩဂုတ် ၃၁

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းခံထားသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအသီးသီးသို့ အချိန်မီပေးပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ကြိုတင်ဆန္ဒမဲလက်မှတ်များကို တာဝန်ခံ၍ ထုတ်ပေးမည့်သူများက ၄-၉-၂၀၁၈ ရက်နေ့မှ စတင်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် လက်မှတ်ရေးထိုးခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တံဆိပ်တုံးရိုက်နှိပ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း/လက်ခံခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ် လောင်းများ၊ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လီဆူတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဝတ်စုံနှင့် ရိုးရာဂျပ်ခုတ်လွယ်အိတ်လုပ်ငန်း

စိုင်းဇော်လတ်(လင်းခေး)

လီဆူတိုင်းရင်းသားလူမျိုးတို့သည် မိမိတို့၏ ရိုးရာဝတ်စုံများနှင့် ဂျပ်ခုတ်လွယ်အိတ်တို့ကို လှပဆန်းသစ်စွာဖြင့် ၎င်းတို့ကိုယ်ပိုင်ချုပ်လုပ်ရက်လုပ်၍ ဝတ်စားဆင်ယင်အသုံးပြုလေ့ရှိကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

လီဆူရိုးရာလွယ်အိတ်

ချည်အနီရောင်နှင့် အဖြူရောင်တို့ကို အသုံးပြု၍ လီဆူအမျိုးသမီးတို့ကိုယ်တိုင် ဂျပ်ခုတ်ရက်လုပ်ကာ ရိုးရာလွယ်အိတ်များကို အသုံးပြုလေ့ရှိကြသည်။

၎င်းလွယ်အိတ်ရက်လုပ်ရန် ချည်ကို သီးသန့်ဝယ်ယူကြရသည်။ လွယ်အိတ်ကိုယ်ထည်အလုံး၌ ချည်အနီနှင့်အဖြူရောင်ကိုသာ ရောစပ်ထားသော်လည်း ပခုံးလွယ်ကြိုးတွင်မူ အပြာရောင်၊ ခရမ်းရောင်နှင့် အစိမ်းရောင် ချည်မျှင်တို့ဖြင့် ရောစပ်ရက်လုပ်အသုံးပြုကြသည်။

နှစ်ရက်အကြာ ဂျပ်ခုတ်နိုင်လျှင် လွယ်အိတ် သုံးလုံးပြီးစီးသည်။ တစ်လုံးလျှင် တန်ဖိုးငွေကျပ် သုံးသောင်းမှ သုံးသောင်းခွဲဝန်းကျင်ဖြစ်သည်။ အပ်ချည်အနီ၊ အဖြူအလုံးတစ်လုံးဖြင့် လွယ်အိတ် တစ်လုံးရက်လုပ်ဂျပ်စင်တင်နိုင်သည်။ ဂျပ်ခုတ်အနေအထားမှာ အရောင်စပ်ချည်အလိုက်သူ့နေရာနှင့်သူ စီထည့်ပြီး ဝါးလုံးတန်းတင်၍ စတင်ရက်လုပ်နိုင်သည်။ ဂျပ်မခုတ်မီ ချည်စင်တင်ရန်မြေကြီးငုတ်ရိုက် ချည်ကြိုးအရောင်အလိုက်အားချည်ငင်ပြင်ဆင်ယူရသည်။

ယင်းနောက်ဂျပ်စင်ပေါ်တင် ရက်လုပ်ခြင်းဖြင့် လှပသောလီဆူတိုင်းရင်းသားလူမျိုးရိုးရာလွယ်အိတ် တစ်လုံးအဖြစ် အသုံးပြုနိုင်ကြောင်း မိုင်းပန်မြို့နယ် ကိုးမိုင်လီဆူကျေးရွာရှိ ဂျပ်ခုတ်လွယ်အိတ်လုပ်ငန်းတစ်ခုမှ လေ့လာခဲ့ရသည်။

လီဆူးလူမျိုးတို့၏ ရိုးရာဝတ်စုံများ

လီဆူလူမျိုးစုတို့သည် ၎င်းတို့ရိုးရာအဝတ်အစား၊ အခြားအထည်အသုံးအဆောင်ပစ္စည်းများကိုလည်း မိမိတို့ကိုယ်တိုင်ချုပ်လုပ်ဝတ်ဆင်အသုံးပြုကြကြောင်း ဆက်လက်တင်ပြလိုပါသည်။

လီဆူလူမျိုးစုတို့သည် ၎င်းတို့လူမျိုးအချင်းချင်း ရှေးရိုးရာအမွေအနှစ်ဓလေ့

အထူးကဏ္ဍ [ခ] သို့ »»

ကမ္ဘောဇဗွာနေ မောရှမ်းပြည် နေရာအနှံ့သွားကြမယ်

ပြဒါးလင်းဂူ အမှတ်(၂) ဂူပေါက်ဝကို တွေ့ရစဉ်။

ခရီးသွားမှတ်စု - စိုးစိုးနိုင် (ကြေးမုံ)

ယခင်အပတ်မှအဆက် »»

ပြဒါးလင်းဂူအမှတ်(၂)မှ ငါးမိနစ်ခန့် ခြေကျင်ခရီးဆက်ရင် ပြဒါးလင်းဂူအမှတ်(၁) သို့ရောက်ပါတယ်။ ဂူအတွင်းမှာ ကျောက်လက်နက်တွေ၊ တောရိုင်းတိရစ္ဆာန် အရိုးစုတွေ၊ ကျောက်ခေတ်လူသား ကျောက်ဖြစ်ရုပ်ကြွင်း အရိုးတွေ၊ ရေနေသတ္တဝါအခွံတွေ၊ ရွှံ့စေးမြေထည်တွေအပြင် ဂူမျက်နှာကြက်ပေါ်မှာရေးဆွဲခဲ့တဲ့ နံရံဆေးရေးတွေက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ခန့်က လူ့ယဉ်ကျေးမှုတစ်ခုကို ပြန်လည်ဖော်ထုတ်ပေးခဲ့ပါတယ်။ တစ်ဒါဇင်ခန့်ရှိတဲ့ နံရံဆေးရေးပန်းချီတွေမှာ လက်ဝါးပုံ၊ နေ၊ ငါး၊ သမင်၊ ပြောင်၊ နွားအုပ်ပုံ၊ ဆင်ရဲ့နောက်ပိုင်းပုံ၊ လူအရိုးခေါင်းပုံစတဲ့ ပုံတွေကို အနီရောင်တွေနဲ့ရေးဆွဲခဲ့ကြပါတယ်။ ပြဒါးလင်းဂူအတွင်း ရေးဆွဲထားတဲ့ ပန်းချီလက်ရာတွေဟာ ပြင်သစ်နိုင်ငံမှ ကျောက်ခေတ်လူသားတို့နေထိုင်ရာ ကမ္ဘာကျော် Lascaux ဂူနဲ့ Avignon ဂူ၊ စပိန် နိုင်ငံမှ Consquer ဂူအတွင်းမှာရှိတဲ့ အနုပညာလက်ရာတွေနဲ့ တူညီနေတယ်လို့ သိရပါတယ်။

ကျိုး-ရွာငံလမ်းရဲ့ နံဘေးမှာတည်ရှိတဲ့ မိန်းမရဲတောင်ဟာ ရှုခင်းတွေကြောင့် ကျော်ကြားပါတယ်။ မိန်းမရဲတောင်မှ ငါးမိုင်လောက်ဆက်သွားရင် ညောင်ပင်ခွရွာထိပ်မှာ တောကျယ်ရွာ မြသပိတ်ရေပြာအိုင်ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်ကနေ မြေသားလမ်းခွဲအတိုင်း မိုင်ဝက်ခန့်သွားရင် ထူးထူးခြားခြား မှိုင်းပြာညို့စိမ်းနေတဲ့ ရေပြာအိုင်ကို တွေ့နိုင်ပါတယ်။ နောင်ဘုရားပွင့်ရင်လှူဒါန်းဖို့ မြသပိတ်ကို သစ်ပင်ခြေရင်းမှာ မြှုပ်ထားတာကြောင့် ရောင်ပြန်ဟပ်ပြီး ရေတွေပြာနေတာလို့ ဒေသခံတွေက ယုံကြည်ကြပါတယ်။ ရေရဲ့ အရည်အသွေး ကြည်လင်သန့်ရှင်းတာကြောင့် ကန်အတွင်းမှာ နစ်မြုပ်နေတဲ့ သစ်ကိုင်းတွေ၊ ကျောက်တုံးတွေ၊ ကူးခတ်နေတဲ့ တစ်ပေလောက်ရှည်တဲ့ငါးကြီးတွေကို အတိုင်းသားတွေ့မြင်ရပါတယ်။ ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်ရဲ့ သဘာဝအလှနဲ့ ခရီးသွားတွေကို ဆွဲဆောင်နေပါတယ်။ ရေပြာအိုင်ကနေ တောကျယ်ရေတံခွန်သို့ ကားနဲ့ ၁၀ မိနစ်ခန့် သွားရပါတယ်။ အလယ်ချောင်ရေတံခွန်ကတော့ ပျော်ပွဲစားထွက်ဖို့ နေရာကောင်းတစ်ခုပါပဲ။ အလယ်ချောင်ရေတံခွန်ကို ကျောက္ကူလေး ကျေးရွာအနီး ပင်းတယ-ရွာငံ ဖြတ်လမ်းပိုင်းမှ တစ်မိုင်ခန့်သွားရပြီး ကားရပ်နားတဲ့ တောင်ခြေမှ အလယ်ချောင်ရေတံခွန်ကို နာရီဝက် လောက်ကြာအောင်

အထူးကဏ္ဍ [ခ] သို့ »»

ကမ္ဘောဇဌာနေမှ »»

လမ်းလျှောက်ရပါမယ်။ အဲဒီရေတံခွန်မှာ အထပ်များစွာရှိပြီး နွေရာသီကာလမှာ ပြည်တွင်းပြည်ပ ခရီးသည်တွေ စည်ကားနေပါတယ်။

ပင်းတယမြို့ဟာ အောင်ပန်းကနေ ၂၄ မိုင်ဝေးပါတယ်။ ပင်းတယမြို့မှ အနောက်တောင်ဘက် တစ်မိုင်လောက်အကွာမှာ စောင်တန်းအသွယ်သွယ် ရွှေရောင်တဝင်းဝင်းနဲ့ ရွှေဥမင်လိုဏ်ဂူနဲ့ ဘုရားစေတီတွေဖူးတွေ့နိုင်ပါတယ်။ မြို့အဝင်မှာ ပုန်းတလုတ်(ဘုတ်တလုတ်) ရေကန်ရှိပါတယ်။ ရေကန်အတိုင်း ပတ်သွားရင်တော့ ပင်းတယ ရွှေဥမင်လိုဏ်ဂူအတက်လမ်းကိုရောက်ပါတယ်။ တောင်ပေါ်သို့ ကားနဲ့တက်နိုင်သလို ဓာတ်လှေကားနဲ့လည်း တက်နိုင်ပါတယ်။ ဓာတ်လှေကားမရောက်ခင် အဝင်ဝနေရာမှာ ပင်းတယမြို့သမိုင်းနဲ့ ဆက်စပ်နေတဲ့ ကုမ္ဘာဘယမင်းသားနဲ့ ပင့်ကူရုပ်တုကြီးကို တွေ့မြင်ရပါတယ်။ အချို့ကတော့ သုဓနုမင်းသားရုပ်တုလို့ ဆိုပါတယ်။ ရွှေဥမင်ဂူကို လွန်ခဲ့တဲ့ နှစ်သန်း ၂၀၀ ခန့်က စတင်ပေါ်ပေါက်ခဲ့တယ်လို့ ဘူမိဗေဒပညာရှင်တွေက ဆိုပါတယ်။ ပင်းတယမှာ လိုဏ်ဂူသုံးလုံးရှိပြီး တောင်ဘက်ဂူ၊ အလယ်ဂူနဲ့ မြောက်ဘက်ဂူလို့ ခေါ်ကြပါတယ်။ ရွှေဥမင်ကတော့ တောင်ဘက်လိုဏ်ဂူဖြစ်ပြီး ပင်လယ်

ပင်းတယရွှေဥမင်လိုဏ်ဂူအဝင်လမ်းကို တွေ့ရစဉ်။

ရေမျက်နှာပြင်ထက် ပေ ၄၉၇၀ အမြင့်မှာရှိပါတယ်။ လိုဏ်ဂူအတွင်း ခေတ်အဆက်ဆက်က လက်ရာပုံစံအမျိုးမျိုးရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးမြော်နိုင်ပါတယ်။ လိုဏ်ဂူအဝင်ဝရှိ ရွှေလုံးတော်ပြည့်ချထားတဲ့ ရွှေဥမင်စေတီတော်ဟာ ညဏ်တော် ၇၅ ပေရှိပြီး စေတီတစ်ဆူလုံး လိုဏ်ဂူအတွင်းတည်ရှိနေပုံမှာ ထူးခြားလှပါတယ်။ စေတီတော်ကို ဖူးမြော်ပြီးပါက ဝင်္ကပါလမ်းအတိုင်း ဆက်လက်ဝင်ရောက်ကာ အတွင်းဘက်ရှိ ရုပ်ပွားတော်တွေကို ဖူးမြော်နိုင်ပါသေးတယ်။ လိုဏ်ဂူဝမှာ ၁၈၄၂ ခုနှစ် သာယာဝတီမင်းလက်ထက်က သွန်းလုပ်ချိတ်ဆွဲထားတဲ့ ခေါင်းလောင်းကြီးလည်း ရှိပါတယ်။ ရွှေဥမင်ဂူအပြင်မှကြည့်ရင် စောင်းတန်းအသွယ်သွယ်၊ ပုန်းတလုတ်ရေကန်ကြီးနဲ့ ပင်းတယမြို့ကို အပေါ်စီးမှ လှပစွာ တွေ့မြင်ရပါတယ်။ စောင်းတန်းတွေမှာ သံစောင်းတန်းတွေဖြစ်ပြီး မန္တလေးတောင် သံစောင်းတန်းနဲ့ ပုံစံတူပါတယ်။ ရွှေဥမင်လိုဏ်ဂူတော်ဟာ ပေ ၄၉၀ ရှည်တဲ့ သဘာဝထုံးကျောက်လိုဏ်ဂူဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်နဲ့ စေတီပေါင်း ၈၀၉၄ ဆူရှိတယ်လို့ သိရတယ်။ ဂူအတွင်း ရွှေဥမင်စေတီ၊ တရားကျင့်ဂူ၊ ဝင်္ကပါလမ်း၊ တံခွန်တိုင်သမ္ဗုဒ္ဓေဘုရား၊ ချွေးထွက်ကိုယ်စားတော်၊ ဆုတောင်းပြည့်ဘုရား၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင်၊ မံဘုရားကြီး၊ ကျောက်စည်ကျောက်မောင်း၊ ကျောက်စက်တိုင်၊ ဇော်ဂျီဆေးကြိတ်နေရာ၊ နတ်သမီး ရက်ကန်းစင်၊ နတ်သမီးရေကန် စတဲ့နေရာတွေကတော့ ထင်ရှားပါတယ်။

ရွှေဥမင်လိုဏ်ဂူမှအပြန်မှာ နိုင်ငံခြားသားခရီးသွားတချို့က ရှမ်းမှိုင်းခံစက္ကူလုပ်ငန်းနဲ့ ရိုးရာစက္ကူထီးလုပ်ငန်းတွေကို လေ့လာဖို့ ၄က်ပျောတောရွာကို သွားရှာကြပါတယ်။ ပြည်တွင်းခရီးသည်တွေကတော့ ပင်းတယမြို့ကနေ သုံးမိုင်လောက်ဆက်သွားရတဲ့ ကုံလုံကျောင်းတိုက်ကို သွားလေ့ရှိကြပါတယ်။ ကုံလုံကျောင်းတိုက်မှာ စဥ့်ရည်သုတ်လိမ်းထားတဲ့ ကုံလုံဆရာတော်ကြီးရဲ့ ရုပ်ကလာပ်နဲ့ ဆရာတော်ရဲ့ ဖယောင်းရုပ်တုတို့ကို ဖူးမြော်လေ့လာနိုင်ပါတယ်။

ပင်းတယမြို့ကနေ ဟဲဟိုးမြို့ကို ခရီးဆက်နိုင်ပါတယ်။ ဟဲဟိုးမြို့ကို အောင်ပန်းမှဆိုရင် ၁၅ မိုင်လောက် ဝေးပါတယ်။ အင်းလေးဒေသသို့သွားရင် ပြည်တွင်း ပြည်ပခရီးသည်တွေ စိတ်ဝင်တစား ရပ်နားလေ့လာကြတဲ့ ဘဝသံသရာတံတားလည်း ရှိပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

အထူးကဏ္ဍ [က] မှ »»

ထုံးတမ်းစဉ်လာများအား ထိန်းသိမ်းခြင်းနှင့် စားသောက်နေထိုင်ကြသော သဘာဝအနေအထားများ၊ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုများကား တူညီကြသည်ဟု ၎င်းတို့က ဆိုသည်။

သို့သော် နေထိုင်ရာဒေသန္တရအလိုက် ရိုးရာဝတ်စုံများ ချုပ်လုပ်ဝတ်ဆင်ကြပုံများ၊ ပုံစံအမျိုးမျိုး၊ အရောင်အမျိုးအစားများ အနည်းငယ်စီမတူ တစ်မူကွဲပြားခြားနားကြကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် ဒေသန္တရအလိုက် လီဆူအမျိုးသား၊ အမျိုးသမီးတို့၏ အဝတ်အစားတို့သည်လည်း ဒီဇိုင်းအမျိုးမျိုးဆန်းသစ် တီထွင်ချုပ်လုပ်ဝတ်ဆင်လာခဲ့ကြသည်။ မြန်မာပြည်မြောက်ဘက်ခြမ်း ကချင်ပြည်နယ်အတွင်းရှိ လီဆူလူမျိုး၊ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးကုတ်ဒေသ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ၊ တာချီလိတ်ဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ မိုင်းရှူး၊ နမ့်စန်(ဟိုက်ဖတ်)ဒေသ၊ မိုင်းပန်ဒေသများနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသအသီးသီးတို့၌ ရှိကြသော လီဆူရိုးရာဝတ်စုံများ၏ အရောင်အဆင်း အနည်းငယ်စီ ကွဲပြားသွားခဲ့ကြလေသည်။

မည်သို့ပင်ဆိုစေကာမူ လီဆူတို့ရိုးရာ

ဝတ်စားဆင်ယင်မှုပြုကြရာတွင် လီဆူအမျိုးသား၊ အမျိုးသမီးများ၏ အင်္ကျီ၊

> **ရောင်စုံ သုံးမျိုးဆက်ရင်ဖုံးအင်္ကျီ၊ ခြေစွပ်၊ ခေါင်းပေါင်း၊ ခါးပတ်တို့ကို ချုပ်လုပ်ဝတ်ဆင်ကြသည်။ အမျိုးသားဝတ်စုံအင်္ကျီ၊ ဘောင်းဘီရှည်နှင့် အမျိုးသမီးထဘီ၊ ခေါင်းပေါင်းတို့ကို ချုပ်လုပ်ရသည်မှာ လွယ်ကူသော်လည်း လီဆူအမျိုးသမီးများ၏ ရင်ဖုံး၊ ခြေစွပ်တို့အား လက်ချုပ်ဒီဇိုင်းဖော် ပြုလုပ်ကြသည့်အခါ လှပဆန်းသစ်သော ဒီဇိုင်းများအား လက်ချုပ်ပညာဖြင့်သာ အဓိကတီထွင်ပုံဖော် ပြုလုပ်ကြသည်။**

ဘောင်းဘီ၊ ထဘီများအား ပိတ်စဝယ်ယူချုပ်လုပ်ဝတ်တတ်ကြသည့်အပြင် အသုံးအဆောင်အမျိုးမျိုးဖြစ်သည့် ဦးထုပ်၊ ပိုက်ဆံအိတ်နှင့် လွယ်အိတ်များ စသည်တို့ကို ရိုးရာဂျပ်ခုတ်စနစ်ဖြင့် ၎င်းတို့ကိုယ်တိုင် ရက်လုပ်ကြကာ ဝတ်စားဆင်ယင်တန်ဆာဆင်လေ့ရှိကြသည်။ လီဆူအမျိုးသားများအတွက် အစင်းကွက်ပါအင်္ကျီ အနက်ရောင်၊ အပြာရောင်၊ အနီအရောင်စပ်၊ အစိမ်းအရောင်စပ်၊ အစိမ်း၊ အပြာရောင်ဘောင်းဘီနှင့် ခါးပတ်အရောင်အမျိုးမျိုးတို့ကို ချုပ်ဝတ်လေ့ရှိကြကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

လီဆူအမျိုးသမီးတို့ဝတ်စုံ

ရောင်စုံ သုံးမျိုးဆက်ရင်ဖုံးအင်္ကျီ၊ ခြေစွပ်၊ ခေါင်းပေါင်း၊ ခါးပတ်တို့ကိုချုပ်လုပ်ဝတ်ဆင်ကြသည်။ အမျိုးသားဝတ်စုံအင်္ကျီ၊ ဘောင်းဘီရှည်နှင့် အမျိုးသမီးထဘီ၊ ခေါင်းပေါင်းတို့ကို ချုပ်လုပ်ရသည်မှာလွယ်ကူသော်လည်း လီဆူအမျိုးသမီးများ၏ ရင်ဖုံး၊ ခြေစွပ်တို့ အား လက်ချုပ်ဒီဇိုင်းဖော် ပြုလုပ်ကြသည့် အခါ လှပဆန်းသစ်သောဒီဇိုင်းများအား လက်ချုပ်ပညာဖြင့်သာ အဓိကတီထွင်ပုံဖော် ပြုလုပ်ကြသည်။ သူတို့ရိုးရာ သူတို့အကြိုက် ပိတ်သား ချည်သားများနှင့် ငွေထည်ဒန်ထည် ပစ္စည်းများအပြင် ပုလဲ၊ ပုတီးတို့ကဲ့သို့ အလှအပတန်ဆာတင်ရသော လီဆူတို့အသုံးအဆောင်အထည်များတွင် အမည်စုံအောင် အစီအရီထည့်သွင်း ချုပ်လုပ်ရသည်မှာ ခက်ခဲလက်ဝင်စွာ ပုံဖော်ကြရသည်ကို တွေ့ရှိရသည်။

အင်္ကျီပိတ်သား အရောင်အဆင်းနှင့် လိုက်ဖက်ညီသော ဖြူ၊ နီ၊ ပြာ၊ စိမ်းရောင်စုံ ပိတ်သား၊ ချည်သားများ တစ်မျိုးနှင့် တစ်မျိုး မတူ တစ်မူထူးခြား၍ သစ်ဆန်းလှပစွာ ဝေဝေဆာဆာ လက်ချုပ်တီထွင် ချုပ်လုပ်ဝတ်ဆင်ကြသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

လီဆူအမျိုးသားများဝတ်စုံအတွက် အင်္ကျီရှေ့အနားတပ်ဆင် ချုပ်လုပ်ရာတွင်လည်း လက်မှုပညာမြောက်လှကြောင်း လေ့လာတွေ့ရှိရပေသည်။ အများအားဖြင့် အနက်ရောင်၊ အနီရောင်၊ ပန်းရောင်နှင့် အပြာရင့်ရောင် ပိတ်စများကို လီဆူတို့ ပိုမိုကြိုက်နှစ်သက် ကြသည်။

လီဆူတို့၏ ရိုးရာဝတ်စုံများ၏တန်ဖိုးများသည် အမျိုးသား၊ အမျိုးသမီးတို့၏ ရိုးရာဝတ်စုံတစ်စုံလျှင် ငွေကျပ် တစ်သိန်းခွဲမှ ငွေကျပ် သုံးသိန်းအထက်ရှိကြောင်း၊ အမျိုးသားအင်္ကျီ၊ ဘောင်းဘီတန်ဖိုးတစ်ထည်နှုန်း ကျပ် ၈၀၀၀မှ ကျပ် ၁၀၀၀၀မှာ အနိမ့်ဆုံးဈေးဖြစ်ကြောင်း လီဆူရိုးရာဝတ်စုံ ချုပ်လုပ်သူများက ပြောသည်။ လီဆူအမျိုးသား၊ အမျိုးသမီးဝတ်ခြေစွပ်တစ်စုံလျှင် ကျပ် ၁၅၀၀၀၊ ဦးထုပ်(ရိုးရိုး)တစ်လုံး ငွေကျပ် ၂၀၀၀၀၊ အမျိုးသမီးလည်ဆွဲတစ်ကုံး ၅၀၀၀၀၊ ခါးပတ်တစ်ခု ၅၀၀၀၀၊ အမျိုးသမီးတို့၏ အပေါ်ရုံအင်္ကျီ ငွေကျပ် တစ်သိန်းခွဲမှ ငွေကျပ် သုံးသိန်းနှင့် လီဆူအမျိုးသားတို့၏ ရိုးရာခါးပတ်တန်ဖိုးမှာ ငွေကျပ် ၂၅၀၀၀ အထိ တန်ဖိုးရှိပါကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကိုးမိုင်ကျေးရွာတွင် နေထိုင်လျက်ရှိကြသော လီဆူတိုင်းရင်းသားလူမျိုးစုတို့၏ လီဆူရိုးရာအဝတ်အထည်အသုံးအဆောင်များချုပ်လုပ်ငန်းခွင်သို့ စာရေးသူရောက်ရှိခဲ့စဉ်က လေ့လာမှတ်သားရခဲ့သည်များမှ တစေ့တစောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❑

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ဃ] မှ »»

ပတ်ဝန်းကျင်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စမ်မြို့ပတ်ဝန်းကျင်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးမြို့ပတ်ဝန်းကျင်၌ လည်းကောင်း အခြေချဝင်ရောက်နေထိုင်လာကြသည်။

လားဟူတိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု

လားဟူတိုင်းရင်းသားလူမျိုးတို့၏ နတ်ကိုးကွယ်မှုဓလေ့တွင် ပျားဖယောင်းကို ဖယောင်းတိုင်ပြုလုပ်၍ မီးထွန်းညှိပူဇော်ပြီး လိုရာဆုတောင်းလေ့ရှိကြသည်။ ပျားဖယောင်းတိုင်ပြုလုပ်ပူဇော်ရခြင်းမှာ ပျားဖယောင်းတွင်ပါဝင်သော ပန်းပေါင်းတစ်ထောင်၏ ဝတ်မှုန်တို့မှာမွန်မြတ်ပြီး သန့်ရှင်းမွှေးကြိုင်သောကြောင့် နတ်ဘုရားအား ပူဇော်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ပျားအုံတွင် ပျားဘုရင်မတစ်ကောင်၏ အုပ်ချုပ်မှုအောက်မှ လုပ်သားပေါင်းများစွာတို့၏ စည်းလုံးညီညွတ်မှုရှိသည့်နည်းတူ တိုဘိုဟုခေါ်သော နတ်ဆရာအောက်တွင် စည်းလုံးညီညွတ်စွာရှိသည်ကိုလည်း ခံယူကြသည်။

လားဟူတိုင်းရင်းသားတို့သည် ရိုးရာနတ်ကိုယုံကြည်ကိုးကွယ်ပြီး တော၊ တောင်၊ ရေ၊ မြေ၊ မြစ်ချောင်း၊ အင်းအိုင်၊ မြို့ရွာနယ်မြေ၊ အိုးအိမ်စသည်တို့၌ နတ်များရှိသည်ဟု ယုံကြည်ကြသည်။ ရိုးရာနတ်ဆိုသည်မှာ မိခင်၊ ဖခင်၊ ဘိုးဘွားများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့၏ အိမ်တိုင်းတွင် ရိုးရာနှင့်ဆိုင်သော နတ်စင်များရှိပေသည်။ လားဟူလူမျိုးတို့သည် အိမ်ဦးနတ်စင်တွင် သစ်ခေါက်အမှုန့်ကြိတ်၍ ပျားဖယောင်းနှင့်ရောစပ်ပြီး မီးထွန်းညှိပူဇော်ကြသည်။ တောင်ယာခုတ်ချိန်မှ စပါးရိတ်သိမ်းချိန်အထိ စိုက်ပျိုးရေးရာသီတစ်လျှောက်လုံးတွင် မမေ့မလျော့ပူဇော်ပသကြရသည်။ တောင်ယာသီးနှံ အထွက်ကောင်းစေရန်၊ သားသမီးများထွန်းကားစေရန်၊ ပစ္စည်းဥစ္စာများ တိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ နတ်ပူဇော်ပွဲများကိုလည်း ကျင်းပကြသည်။ ပျားဖယောင်းတိုင်လေးတိုင်၏ အဓိပ္ပာယ်မှာ အရပ်လေးမျက်နှာကို ကိုယ်စားပြုသည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။

လားဟူလူမျိုးတို့သည် ရွာထိပ် မြင့်သောနေရာတစ်နေရာတွင် ရွာသူရွာသားအားလုံးစုပေါင်းပြီး နတ်စင်ကိုပြုလုပ်၍ ထမင်း၊ ဟင်းများဖြင့် သွားရောက်ပူဇော်ကန်တော့ကြသော ဓလေ့ရှိသည်။ လူတစ်ယောက်၏ ကျန်းမာရေးသည် နတ်တို့နှင့်သက်ဆိုင်သည်ဟု ယုံကြည်ကြသည်။ လူတစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်လာချိန်တွင် နတ်ဟောဆရာထံမေးမြန်း၍ နတ်တို့အား ပူဇော်ပသကြရသည်။ အိမ်တွင် တစ်ဦးတစ်ယောက်သည် ခားခုတ်မှုနှင့် ဖျားနာကိုက်ခဲမှုရှိခဲ့လျှင် ပျားဖယောင်းကို ဖယောင်းတိုင်မီးထွန်းသည့်ဓလေ့ပြုလုပ်သည်။ နတ်ကိုးကွယ်ယုံကြည်မှုဓလေ့အရ ရွာရှိအိမ်တွင်ဖျားနာသူကို ဆေးကုသခွင့်မရှိဟုယူဆကြသည်။ အိမ်တွင်လည်း တစ်ဦးတစ်ယောက်သည် မကောင်းသော အိပ်မက်ဆိုးများမက်လျှင် ဝက်ဖော်၍ ဝက်ခေါင်းကို ရွာထိပ်ရှိနတ်စင်တွင် ပူဇော်ပသပြီး ယတြာချေလေ့ရှိသည်။

အိမ်တွင် တစ်ဦးတစ်ယောက်ခရီးထွက်ခွာလျှင် ပျားဖယောင်းကို မီးညှိ၍ လိုရာဆုတောင်းရသည်။ မီးထွန်းညှိပြီး လိုရာဆုတောင်းချိန်၌လည်း မီးခိုးကိုကြည့်ပြီး အဆုံးအဖြတ်ရယူရသည်။ မီးခိုးသည် ခရီးထွက်ခွာမည့်သူဘက်သို့ ပြန်လှည့်လာလျှင် မဖြောင့်ဖြူးသော ခရီးစဉ်ဖြစ်မည်ဟု ယူဆရပါသည်။ မီးခိုးသည် ဖြောင့်ဖြောင့်တန်းတန်း ထွက်လာလျှင် ခရီးလမ်းဖြောင့်ဖြူးကောင်းမွန်မည်ဟု ပြန်လည်ယူဆကြသည်။ မီးခိုးပြာသည် ဖြောင့်တန်းစွာထွက်ပေါ်လာလျှင် အိမ်ရှိအဖေနှင့်အမေကို ရှိခိုးကန်တော့ပြီးမှ ခရီးထွက်လေ့ရှိပါသည်။

လားဟူတိုင်းရင်းသားတို့သည် နေ့စဉ်လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းမှအစ လူမှုဆက်ဆံရေးနှင့်ဆိုင်သည့် အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းစသည်ဖြင့် လူတစ်ဦးတစ်ယောက်၏ ကောင်းကျိုးဆိုးကျိုးမှန်သမျှကို နတ်ကပင် ဖန်တီးကြသည်ဟု ယုံကြည်ကြသည်။ လားဟူတိုင်းရင်းသားတို့သည် မည်သည့်အရေးကိစ္စတွင်မဆို ရွာဦးတွင် တည်ထားသော နတ်ကွန်း၌ ပူဇော်ပသပြီး လိုရာဆုတောင်းကြသည်။

အမည်မှည့်ခေါ်ပုံစနစ်

လားဟူတိုင်းရင်းသားတို့သည် အမည်ကင်ပွန်းတပ်မင်္ဂလာကျင်းပခြင်းကို ကလေးမွေးဖွားပြီး ၁၂ ရက်ကြာတွင် ပြုလုပ်လေ့ရှိသည်။ အမည်မှည့်ပုံမှာ အခြားတိုင်းရင်းသားများကဲ့သို့ နေ့ကောင်းနေ့မြတ်ရွေးချယ်ပြီးမှ အမည်မှည့်ကြသည်။ ယခင်က အမည်ပေးရာတွင် နတ်ဆရာများကိုပင့်ပြီး ကလေးကိုပြသပြီး နတ်ဆရာများက ကလေးမွေးဖွားသောနေ့ကို ကြည့်ကာ အမည်မှည့်လေ့ရှိကြသည်။ ယခုအချိန်တွင် လားဟူတိုင်းရင်းသားတို့သည် နတ်ကိုးကွယ်မှုဓလေ့ နည်းပါးလာမှုကြောင့် ဘာသာရေးပုဂ္ဂိုလ်များ၊ ဓမ္မကျမ်းစာဆရာတော်များက အမည်မှည့်ပေးလေ့ရှိကြသည်။ ကလေးအမည်မှည့်ပေးသောအခါ လားဟူတိုင်းရင်းသားတို့၏ ရိုးရာပြက္ခဒိန်အတွင်း ပါရှိသော တိရစ္ဆာန်အကောင်များကို ကြည့်ပြီး ကလေးအမည်ရှေ့တွင် ထိုသတ္တဝါ၏ နာမည်ကို တွဲဖက်မှည့်လေ့ရှိသည်။ သို့သော် အမည်မှည့်ပေးသော ကလေးငယ်သည် မကြာခဏ နာမကျန်းဖြစ်ခြင်း၊ စီးပွားရေးမကောင်းခြင်း၊ ကလေးငယ်၏ အမည်မကောင်းကြောင်းများကို ယူဆမိပါက နတ်ဆရာများ၊ ဓမ္မဆရာတော်များကို တစ်ကြိမ်ပြန်ပြောပြီး နာမည်ပြောင်းကြသည်။ ကလေး၏ အမည်မှည့်ခြင်းအခမ်းအနားကို ကြွရောက်လာသော လူကြီးမိဘများ ဧည့်ပရိသတ်များကို ထမင်းနှင့်ဟင်း ပြန်လည်ကျွေးမွေးဧည့်ခံကြသည်။ ထူးခြားသည်မှာ လားဟူတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများကဲ့သို့ သားသမီးများ၏ နာမည်ရှေ့တွင် ကြီးစဉ်ငယ်လိုက်သဘောဖြင့် အမည်တပ်ခေါ်ခြင်းမရှိပေ။ ထို့အပြင် အမျိုးမျိုးနာမည်ကိုယူပြီး အမည်ရှေ့တွင်တပ်ပြီး မှည့်ခေါ်ခြင်းများ၊ အဆင့်အတန်းခွဲခြားပြီး မှည့်ခေါ်ခြင်း စသောဓလေ့များ မရှိပေ။ တစ်ခါတစ်ရံ သားကြီး၏အမည်ကို “ကျာလဲ”၊ သမီးအငယ်ဆုံး၏ အမည်ကို “နာလဲ” ဟူ၍လည်း မှည့်ခေါ်ကြသည်။ ယခုအခါ သားသမီးများ၏ အမည်ကို ရိုးရာနာမည်များမဟုတ်တော့ဘဲ လှပအောင်၊ အကျိုးပြုအောင်ဟူ၍ နာမည်များကို မိမိစိတ်ကြိုက် အမျိုးမျိုးမှည့်ပေးလေ့ရှိကြောင်း သိရသည်။

အနုပညာနှင့် တူရိယာများ

လားဟူတိုင်းရင်းသားတို့သည် ရိုးရာဘူးသီးခြောက်ပလွေပြုလုပ်ရာတွင် အသုံးပြုသည့်ဝါးကို အပေါက်သုံးပေါက်(သို့)ငါးပေါက်ပြုလုပ်၍ ရရှိလာသော ဘူးပလွေကိုယူ၍ သမီးရည်းစားစကားဝှက်ပြောရာတွင် အသုံးပြုလေ့ရှိသည်။

လားဟူတိုင်းရင်းသားတို့၏ နှစ်သစ်ကူးအက(သို့) မြေဝိုင်းအကကို နှစ်သစ်ကူးပွဲတွင် ကကြလေ့ရှိသည်။ မြေဝိုင်းအက ကရာတွင် လားဟူတိုင်းရင်းသားများသည် တောင်ယာလုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်စားသောက်ကြသဖြင့် တောင်ယာလုပ်ကိုင်စားသောက်ခြင်းကို ကကွက်ဖော်၍ ကပြခြင်းဖြစ်ပါသည်။ လားဟူတိုင်းရင်းသားတို့သည် အကများ ကကြရာတွင် ကကွက်မျိုးစုံဖြင့် ပုံဖော်ကပြလေ့ရှိသည်။

အမျိုးသားများ၏နောက်တွင် အမျိုးသမီးများလက်တွဲ၍ ဟန်ချက်ညီညီ ဝိုင်းဝန်းကကြခြင်း အမျိုးသားများ တောင်ယာလုပ်ကိုင်သည့်အခါတွင် ဝိုင်းဝန်းကူညီပေးသည့် သဘောကို ပုံဖော်ခြင်းဖြစ်သည်။ ယခင်က အထက်ပါအကများကို သက်ကြီးရွယ်အိုများ ကလေ့ရှိကြသော်လည်း ယခုအခါတွင် လူကြီး၊ လူငယ်မရွေးစုပေါင်း၍ ဝိုင်းဝန်းကကြသည်။ တစ်ခါတစ်ရံတွင် လူငယ်များမှာ သီးသန့်ကခုန်ကြခြင်းလည်းရှိသည်။

လားဟူရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု

လားဟူတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုမှာ အမျိုးသားရိုးရာခေါင်းပေါင်းသည် အပွင့်မပါ ရိုးရိုးပုံစံဖြင့် ပြုလုပ်ပြီး ယခုအခါတွင် ခေါင်းပေါင်းမှာ ဘော်ကြယ်များဖြင့် ဒီဇိုင်းဖော်ပြီး ဆင်မြန်းကြသည်။ လားဟူတိုင်းရင်းသားတို့၏ အမျိုးသားအင်္ကျီမှာ ကော်လံပါအဖြူ အင်္ကျီအပေါ်တွင် လက်တိုအပေါ် ကုတ်အင်္ကျီအနက်ထပ်၍ ဝတ်ဆင်သည်။ ထိုကုတ်အင်္ကျီပေါ်တွင် ဘူးသီးထဲမှ ပေါက်ဖွားလာသည်ကို ကိုယ်စားပြုသော ဘူးသီးပုံကို ချည်ဖြင့်ထိုးပြီး ဆင်မြန်းကြသည်။ ဘောင်းဘီမှာ ရှမ်းဘောင်းဘီကဲ့သို့ ခြေချင်းဝတ်နားတွင် အဝခပ်ကျယ်ကျယ်ရှိသည့် အနက်ရောင်ဘောင်းဘီကို ဆင်မြန်းသည်။ ဘောင်းဘီ၏ အောက်အနားကွက်၌ တောင်ပေါ်မှာ နေထိုင်သည့်လူမျိုးဟု အဓိပ္ပာယ်ကို ဖော်ကြသည့်အနေဖြင့် ပန်းပွင့်များဖြင့် အရောင်မျိုးစုံကို ဒီဇိုင်းပုံဖော်၍ ဆင်မြန်းသည်။

လားဟူရိုးရာအမျိုးသမီးများ၏ ခေတ်ဟောင်းဝတ်စုံမှာ အမိတ်ပါ ခေါင်းပေါင်း၊ ကိုယ်ထည်မှခြေသလုံး တစ်ဝက်ကျော်ကျော်ထိ အရှည်ရှိပြီး ခါးမှခြေသလုံးထိ ဘေးနှစ်ဖက်ကို ခွဲထားသော ရင်ဖုံးအင်္ကျီလက်ရှည်နှင့် လုံချည်တို့ကို ဆင်မြန်းကြပါသည်။ ယခုခေတ်လားဟူအမျိုးသမီးများ၏ ဝတ်စုံသည် အမိတ်ပါ ခေါင်းပေါင်း၊ အင်္ကျီသည် ရင်စေ့လက်ရှည်ဖြစ်သည်။ အင်္ကျီ၏အရှည်သည် တင်ပါးတစ်ဝက်ခန့်သာရှည်ပြီး အောက်ခံထဘီကို ဝတ်ဆင်ကြသည်။ လားဟူအမျိုးသမီးဝတ်စုံအားလုံးသည် အနက်ရောင်ကို အခြေခံ၍ ချုပ်ထားကြသည်။

အဓိကအားဖြင့် အင်္ကျီအနားပတ်သည် ထဘီအနားပတ်လည် တို့တွင် ဝါ၊ စိမ်း၊ နီ၊ ပြာ ပိတ်စရောင်များဖြင့် တြိဂံပုံ၊ စက်ဝိုင်းပုံများအဖြစ် သရုပ်ဖော်၍ လှပစွာချုပ်ထားကြပါသည်။ လားဟူတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုမှာ အပျို၊ အအိုဟု ခွဲခြားသိနိုင်ပါသည်။ ခေါင်းပေါင်းတွင် အမြိတ်နှစ်ခုပါရှိပြီး အမြိတ်နှစ်စုံချပါက အအိုဖြစ်ပြီး အမြိတ်တစ်ခုတည်းချပါက အပျိုဖြစ်သည်။ ထို့အပြင် အင်္ကျီနှင့် ထဘီတို့တွင် အရောင်စုံများဖြင့် လှပစွာပုံဖော်ချုပ်ရာတွင် အအိုတို့မှာ စက်ဝိုင်းပုံ သင်္ကေတများ ပုံဖော်ပြီးဆင်မြန်း သကဲ့သို့ အပျိုတို့သည် တြိဂံပုံသင်္ကေတတို့ဖြင့် ပုံဖော်၍ ဝတ်ဆင်ကြသည်။ အပျိုများ၏ အင်္ကျီတွင် ငွေပြားများဖြင့် လှပစွာတန်ဆာဆင်ကြသော်လည်း အိမ်ထောင်သည်များမှာ ငွေပြားများဖြင့် တန်ဆာဆင်ခြင်းမပြုရပါ။ ယခုခေတ်တွင် ငွေပြားအစား ဘော်ကြယ်များကိုသာ လှပစွာတန်ဆာဆင်ချုပ်ထားကြသည်။ အရောင်မျိုးစုံဖြင့် ပုံဖော်ထားသောတြိဂံသည် လားဟူတိုင်းရင်းသားတို့၏ အမဲလိုက်မုဆိုးဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ပုံကို ဖော်ဆောင်ခြင်းဖြစ်ပြီး တောတောင်၊ မြားထိပ်တောင်ပံ၊ ခွေးသွား စသည့်သုံးမျိုးကို ကိုယ်စားပြုခြင်းဖြစ်သည်။

စက်ဝိုင်းပုံသင်္ကေတမှာ လပြည့်နေ့ညလမင်းဖြစ်သည်။ ဝိုင်းစက်ထွန်းလင်းတောက်ပအေးမြသကဲ့သို့ ပြီးပြည့်စုံသော အိမ်ထောင်သည်ဘဝ ဖြစ်မြောက်ပြီဟု အဓိပ္ပာယ်ကို ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

၀၀၀

လားဟူတိုင်းရင်းသားလူမျိုးတို့၏ နတ်ကိုးကွယ်မှုဓလေ့တွင် ပျားဖယောင်းကို ဖယောင်းတိုင်ပြုလုပ်၍ မီးထွန်းညှိပူဇော်ပြီး လိုရာဆုတောင်းလေ့ရှိကြသည်။ ပျားဖယောင်းတိုင် ပြုလုပ်ပူဇော်ရခြင်းမှာ ပျားဖယောင်းတွင်ပါဝင်သော ပန်းပေါင်းတစ်ထောင်၏ ဝတ်မှုန်တို့မှာ မွန်မြတ်ပြီး သန့်ရှင်းမွှေးကြိုင်သောကြောင့် နတ်ဘုရားအား ပူဇော်ခြင်းပင်ဖြစ်သည်။

လားဟူတိုင်းရင်းသားတို့အကြောင်း

မိုင်းနော်ရိန်း(လူမှုဘဝ)

သမိုင်းပညာရှင်များ၏ ရေးသားဖော်ပြချက်အရ "လားဟူ"လူမျိုးသည် "Tibeto Burma" မျိုးနွယ်စု(လိုလို)လူမျိုးစုမှဆင်းသက်လာသည့်လူမျိုးဟုဆိုသည်။ ရှမ်းပြည်နယ်မှာ အများအားဖြင့် အခြေချနေထိုင်သည့်လူမျိုးတစ်မျိုးဖြစ်သည့်အားလျော်စွာ ရှမ်းများက သူတို့ကို "မုဆိုး" ဟုခေါ်ဆိုကြသည်။ "မုတ်ဆိုး" ဆိုသည်မှာ ပါဠိဘာသာဖြစ်သည်။ တောပစ်သည့် "Hunter" ဟုဆိုလိုခြင်းဖြစ်သည်။ လားဟူလူမျိုးသည် တောလိုက်ခြင်း၊ အမဲလိုက်ခြင်းကို အလွန်ဝါသနာရှိကြသည်။ တောကျွမ်းသည်။ ထို့ကြောင့် ရှမ်းလူမျိုးများက သူတို့ကို "မုဆိုး" ဟုခေါ်ဆိုခြင်း ဖြစ်နိုင်ပါသည်။

သမိုင်းသုတေသီများ ရေးသားဖော်ပြချက်အရ "လားဟူ" ဆိုသည်မှာ သူတို့၏ မူလအမည်မဟုတ်ပါ။ သူတို့၏ မူလအမည်မှာ "လောဟို" ဟုခေါ်ဆိုကြသည်။ ရှေးယခင်က တရုတ်လူမျိုးများသည် လားဟူလူမျိုးကို "လောဟို"ဟု၊ ခေါ်ဆိုခြင်းဖြစ်သည်။

လားဟူတိုင်းရင်းသားတို့သည် ရိုးရာနတ်ကို ယုံကြည်ကိုးကွယ်ပြီး တော၊ တောင်၊ ရေ၊ မြေ၊ မြစ်ချောင်း၊ အင်းအိုင်၊ မြို့ရွာနယ်မြေ၊ အိုးအိမ် စသည်တို့၌ နတ်များရှိသည်ဟု ယုံကြည်ကြသည်။ ရိုးရာနတ်ဆိုသည်မှာ မိခင်၊ ဖခင်၊ ဘိုးဘွားများကို ဆိုလိုခြင်းဖြစ်သည်။

လားဟူလူမျိုးသည် တရုတ်ပြည်တွင် ၅၉ ရာခိုင်နှုန်း၊ မြန်မာပြည်တွင် ၂၉ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် နှစ်ရာခိုင်နှုန်း နေထိုင်ကြသည်ဟု ခန့်မှန်းရသည်။ လားဟူလူမျိုးတို့သည် ဆင်းသက်လာပုံသော်လည်းကောင်း၊ အခြားလူမျိုးကြီး၏ နယ်မြေကျူးကျော်မှုကို သော်လည်းကောင်း နေထိုင်ရာဒေသကွဲပြားခြားနားခဲ့သည်။

လားဟူလူမျိုးတို့၏ ဆင်းသက်လာပုံမှာ သမိုင်းသုတေသီတို့ဖော်ပြချက်အရ တရုတ်ပြည်ကြီး အနောက်မြောက်ဘက် ကန်ဆူပြည်နယ်မှ ဘီစီခရစ်နှစ် ၈-၅ အထိ နေခဲ့ပြီး ထိုမှတစ်ဆင့် အနောက်ဘက် ချင်းဟိုင်း၊ စီချွမ်နှင့် ယူနန်ပြည်နယ်သို့ ရောက်လာခြင်းဖြစ်သည်။ ယူနန်မှတစ်ဆင့် မြန်မာပြည်၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ ရောက်ရှိသွားခြင်းဖြစ်သည်။

လားဟူတိုင်းရင်းသားတို့သည် ကာလကြာလာသောအခါ မဲခေါင်မြစ်နှင့် သံလွင်မြစ်အကြား မြောက်မှတောင်သို့ ဆင်းသက်လာသည်။ မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့်

အထူးကဏ္ဍ [ဂ] သို့ »»

ပုစွန်ကဏန်းဟင်း

ပုစွန်ကဏန်းဟင်းဆိုတာက ရေချိုပုစွန်တုပ်ကြီးတွေကို ကဏန်းမဆလာချက်သလို အခွံမသင်ဘဲ ချက်ရတဲ့ဟင်းလျာပါ။ ကဏန်းမဆလာချက်နဲ့ ကွဲပြားတာက မဆလာလို အသင့်ဖော်စပ်ထားတဲ့ ဟင်းခတ်အမွှေးအကြိုင်မျိုးတွေမသုံးဘဲ သဘာဝဟင်းခတ်အရွက်များနဲ့သာ သောက်ဆမ်းပုံစံမျိုး ချက်ရပါတယ်။ ပုစွန်ကို ခြေလက်တွေသာဖြုတ်ပြီး ပဥ္စငါးပါးလုံးလိုလိုကို အရည်သောက်ချက်တာမို့ ပင်ကိုဟင်းအရသာကိုက အလွန်ချိုပါတယ်။

ပုစွန်ကဏန်းဟင်းချက်ပြီဆိုရင် မပါမဖြစ်သုံးရတာက ပင်စိမ်းလို၊ ရှမ်းနံနံလိုမျိုး ဟင်းခတ်အရွက်တွေပါ။ ပုစွန်ကဏန်းဟင်းကို ချောင်းမြောင်းပေါပြီး ပုစွန်တုပ်အများအပြားထွက်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွေမှာ ချက်လေ့ရှိပါတယ်။ ရေချိုပုစွန်တုပ်ဆိုရင် အများအားဖြင့် အခွံသင်ပြီး ဆီပြန်ဟင်းသာ အချက်များကြတာပါ။ အခုလို ရေချိုသောက်ဆမ်း ချက်တဲ့အခါမှာလည်း ပုစွန်တုပ်ရဲ့အရသာကို တစ်နည်းတစ်ဖုံ ထူးခြားစေတယ်လို့ ဆိုရပါမယ်။

ပုစွန်တုပ်ပေါတဲ့ဒေသတွေမှာက ကြော်စား၊ လှော်စား၊ ပြုတ်စား၊ မီးဖုတ်စားတာတွေအပြင် ပုစွန်တုပ်ကို အစိမ်းတောင်သုပ်စားကြပါတယ်။ ပုစွန်တုပ်ဟာ တန်ဖိုးကြီးမားပြီး အရသာကောင်းတဲ့ ဟင်းဖြစ်တာကြောင့် ဧည့်ခံတဲ့ပွဲတွေမှာ အထူးဟင်းလျာအဖြစ် ထည့်သွင်းလေ့ရှိကြပါတယ်။ ပုစွန်တုပ်ရဲ့ အကျိုးဂုဏ်ကို ဥတုဘောဇနသင်္ဂဟကျမ်းမှာ ပုစွန်တုပ်သည် ဆိမ့်၏။ ကြေခဲ၏။ အားကို ပွားစေတတ်၏။ အဆီနာ၊ သည်းခြေနာ၊ သွေးနာတို့ကို နိုင်၏။ သုက်ကိုပွားစေတတ်၏။ နှုတ်ကိုမြိန်စေ၏။ လေ၊ သလိပ်တို့ကို ပျက်စေတတ်၏လို့ ဖော်ပြထားပါတယ်။

ပုစွန်ကဏန်းဟင်းချက်မယ်ဆိုရင် လက်မနဲ့ခြေချောင်းတွေကို ဖယ်ရပါမယ်။ ပုစွန်တုပ်ကြီးခဲ့ရင်တော့ ပုစွန်လက်မကြီးတွေမှာ အသားတွေပါလို့ ကြေသွားအောင် အနည်းငယ်ထုပြီး ဟင်းထဲထည့်ချက်ကြပါတယ်။ ပြီးရင် ဦးခေါင်းပိုင်းက လှသွားပါတဲ့ ဦးချိုအရင်းလောက်ကနေ ကတ်ကြေးနဲ့ဖြတ်ပြီးရင် ဦးချိုထိပ်အချွန်နဲ့ ဖြတ်ထားတဲ့နေရာမှာ တစ်ပိုင်းတစ်စပေါ်နေတဲ့ အစာဟောင်းအိမ်ကို အသာကော်ယူပြီး ထုတ်လိုက်ပါ။ အားလုံးပြီးသွားရင် ဦးခေါင်းထဲကအဆီတွေ မထွက်ရအောင် ရေပေါပေါမှာ အသာလှုပ်ဆေးပြီး ရေစစ်ထားပါ။

ဆီအိုးတည်ပြီးလို့ ဆီသေရင် ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီထောင်းပြီးသား အရောကို ဆီသတ်၊ ရွှေရောင်သမ်းလာပြီဆိုရင် သန့်စင်ထားတဲ့ ပုစွန်တုပ်များထည့်ပြီး ဆား၊ နနွင်း၊ ငံပြာရည်သင့်ရုံဖျန်းပြီး အသာမွှေပါ။ ပုစွန်အကွေး ငါးအနွေးဆိုတဲ့အတိုင်း အိုးထဲက ပုစွန်တုပ်တွေ ကွေးသွားတာနဲ့ ပုစွန်အခွံတွေဟာ စားချင့်စဖွယ် အနီရောင်ရဲရဲကို ချက်ချင်းပြောင်းသွားပါတယ်။ ပြီးရင်ပုစွန်တွေမြုပ်အောင်ရေထည့်ပြီး ဟင်းအိုးဆူအောင် စောင့်ပါ။ ဟင်းရေဆူလာရင်တော့ အပေါ့အငန်မြည်း အသင့်ပြင်ထားတဲ့ ပင်စိမ်း (သို့မဟုတ်) ရှမ်းနံနံခတ်၊ ငရုတ်သီးစိမ်းသုံးလေးတောင့်လောက် ထက်ခြမ်းခွဲပြီး အုပ်ပါ။ မကြာခင်မှာပဲ ပင်စိမ်းနံ့တသင်းသင်းနဲ့ ပုစွန်ကဏန်းရေချိုဟင်းရနံ့တွေ သင်းပျံ့လာပါတော့မယ်။

စံလွင် (ငါးဦးစီး)

မိတ်ဟောင်းမိတ်သစ်များကို ဖိတ်ခေါ်ပါသည်။
ပန်း ထိုး စက်
နှင့်အပ်ချုပ်စက်အမျိုးမျိုးရောင်းသည်။
ဦးသန်းဇော်အောင်
Ph: 563033, 0973191322

ရွှေလမ်းညွှန်
အဘထွက်ပွဲ၊ အဘရွာ၊ ပုပ္ပါး၊ ပုဂံ(ရွှေစည်းခုံ)ပဂုဏ္ဍ
(၄)ရက်–တာတိုင်း/တားစက်လေ့ ... 47000 Sep 25
ဘားအံ့ဂူ(၅)ဂူ၊ မြဝတီ၊ မဲဆောက်၊ 47000
(၄)ရက်–တာတိုင်း၊ မဲဆောက်လည်ပတ်ပြီး ... Oct 5
09-420087371, 09-262705136

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဝင်အသင်းသားများသို့ ပန်ကြားချက်

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းသားစုံညီ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ဝင်ကာလသက်တမ်း ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာလတွင် ပြုလုပ်မည်ဖြစ်ပါ၍ အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် ဆန္ဒပြုလွှာများကို အသင်းရုံးခန်းတွင် ထုတ်ယူ၍ အပြည့်အစုံဖြည့်စွက်လျက် ၃၀.၉.၂၀၁၈ ရက်နေ့ ညနေ ၅း၀၀ နာရီ နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ဆန္ဒပြုနိုင်ပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (၅၁)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲ

